www.burmeseclassic.com

# ခေတ်ပျိုမြေ

ဗိုလ်မ



( အပြင်းစားအချစ်လုံးချင်းဝတ္ထုသစ် )

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၅၊ ဩဂုတ်လ။
ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချေး - ၁,၂၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅ ၈၃
ခေတ်ပျိုဖြူ
ဗိုလ်မ/ ခေတ်ပျိုဖြူ - ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ၊
၂၃၆ - စာ ၊ ၁၂·၃ × ၁၈ စင်တီ။
(၁) ဗိုလ်မ


# ခေတ်ပျိုဖြူ

## ဗိုလ်မ

(အပြင်းစားအချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုင်မှုရှိလျှင် တမင်ရည်ရွယ်ပါသည်။

ခေတ်ပျိုငြိ

www.burmeseclassic.com

www.burmeseclassic.com





ကိုယ်ပြုသည့်ဒဏ် ကိုယ်သာခံရမည်။

တူသောအကျိုးပေး၏။

မိမိဘဝဟာ မိမိစိတ်ထား၏ပြယုဂ်တစ်ခုသာဖြစ်၏။

ကံ၊ ကံ၏အကျိုး လာဘ်ထိုး၍မရနိုင်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"အမေဗိုလ် ... ဟိုကောင် ပိုက်ဆံလှမ်းတောင်းပြန်ပြီမို့လား"

အစောက အထုပ်ကလေးပိုက်ပြီး ရပ်ကွက်ထဲကို မျာမျာမျာမျာနဲ့ထွက်သွားသည့် ဗိုလ်မကို သားဖြစ်သူ ဖိုးထောင်က တစ်ခုခုသွားပေါင်တာမှန်း တပ်အပ်သိတာနှင့် ထင်းခွဲနေရာမှ လှမ်းမေးလိုက်ခြင်းဖြစ်သည်။

သားဖြစ်သူစကားကို ဗိုလ်မက မကြားဟန်ပြုပြီး အိမ်လေးထဲကို ခပ်သုတ်သုတ်ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူကို အကျိုးအကြောင်း ပြန်ဖြေနေလျှင် အရစ်က ရှည်နေလိမ့်ဦးမည်။

ဒါပေမဲ့ . . . ဖိုးထောင်ကလည်းမရ။ မဖြေချင်မှန်းသိလျက်နှင့် ထင်းခွဲရာမှ ထပြီး အိမ်ထဲကို တကူးတကနဲ့ လိုက်မေး၏။

"အမေဗိုလ် . . . သားမေးနေတယ်လေဗျာ"

ဗိုလ်မက အစောက ဖိုးထောင်မေးတာကို မကြားဟန်ဆောင် ပြီး မသိသလို ပြန်မေးလိုက်သည်။

"ဟဲ့ ဖိုးထောင် . . . ဘာမေးတာလဲ"

"မညာပါနဲ့ အမေဗိုလ်ရာ၊ သားသိပါတယ်။ ဟိုကောင် အီးတီ ပိုက်ဆံလှမ်းတောင်းလို့ တစ်ခုခုသွားပေါင်ပြီး ပြန်လာတာမို့ လား။ အမေဗိုလ်ထွက်သွားတုန်းက လက်ထဲမှာ အထုပ်တစ်ထုပ် မြင်လိုက်ပါတယ်"

"မဟုတ်ပါဘူးကွာ။ ဟိုတစ်ခါအလှူတုန်းက မစောသူဆီ က ငှားထားတဲ့ပါတိတ် သွားပြန်ပေးတာပါ။ နင်ကလည်း တကယ် တဲ""

ဖိုးထောင်က မအေဖြစ်သူစကားကို ယုံကြည်ပုံမရ၊ အိမ်ပေါ် တက်ပြီး မအေအခန်းထဲက တစ်ခုတည်းသော သစ်သားသေတ္တာကို





ဟက်ဖွင့်ပြီး တစ်ခုခုကို ရှာလိုက်၏။

"ဟင်"

ဗိုလ်မ မျက်နှာပျက်သွားသည်။

နောက်ဖေးဘက်မှာ ထမင်း အိုးတည်နေသည့် သမီးကြီးမိစံ ကလည်း မအေဖြစ်သူဗိုလ်မကို အကဲခတ်နေသည်။ ဘာမှတော့ ဝင်မပြောသေး။

"အမေဗိုလ် . . . သေတ္တာထဲက အမေ့ရဲ့မဟ်လာဦးသတို့သမီး ဝတ်စုံရော"

"အဲဒါ . . . ဟို ခင်အေးကြူ ခဏငှားထားတယ်လေ"

ဒီတစ်ခါတော့ သမီးဖြစ်သူ မိစံပါ ပါလာသည်။

"အမေ ဘာမှဟာမနေနဲ့တော့၊ ဟိုကောင့်ကို ပိုက်ဆံပို့ဖို့ သွားပေါင်ရင် ပေါင်တယ်ပေါ့"

အညာမိသွားတော့ ဗိုလ်မက ငါ့အမေဆိုတဲ့အာဏာနဲ့အတူ ဘီလူးဆိုင်းတီးပါလေတော့သည်။

"နေစမ်းပါဦး . . . ညည်းတို့က စစ်လားဆေးလားလုပ်ရ အောင် ညည်းတို့က ငါ့အမေလား။ ပြီးတော့ ကိုယ့်မောင် ကိုယ့်ညီ အရင်းကိုများ ဟိုကောင်၊ ဟိုကောင်နဲ့ ဘာဖြစ်နေကြတာလဲ။ ပြောစမ်း



www.burmeseclassic.com

www.burmeseclassic.com



. . . ငါ့သားငါ ပိုက်ဆံပို့တော့ရော ဘာဖြစ်လဲ၊ ဘာလုပ်ချင်လဲ"

ဗိုလ်မက ပြောရင်းဖြင့် စိတ်ပါလာပုံရ၏။

အသံတွေပင် တုန်ခါနေ၏။

သည့်တော့လည်း မိစံက နေမထိထိုင်မသာနှင့် လေပြေပြန်ထိုးနေသည်။

ဖိုးထောင်ကတော့ ငြိမ်သက်စွာ ရပ်နေမြဲ။

"အမေ့ကို သမီးတို့က ပြောချင်လွန်းလို့ ပြောနေတာမှ မဟုတ်တာ။ အခုဟာက အမေ့ရဲ့ တစ်ခုတည်းသော မင်္ဂလာဦးပစ္စည်းလေ။ ဘယ်မလဲ နားကနားကပ်၊ ဘယ်မလဲ စဥ္စအိုးထဲကဆန်"

"အိုအေ . . . ပစ္စည်းသခါရ လူသခါရပဲ။ မင်္ဂလာဦးပစ္စည်းတော့ရော ဘာဖြစ်သေးလဲ။ မိကျောင်းမင်းကို ရေကင်းပြမနေနဲ့။ ကိုယ့်မောင်လေး လူတစ်လုံး သူတစ်လုံးဖြစ်ဖို့ပဲဥစ္စာကို"

"အမေဗိုလ် . . . သားတို့က ညီလေးအီးတီကို ပေးနေရတာကို စေတနာပျက်လို့ ပြောနေတာ မဟုတ်ဘူး။ မကုန်သင့်တာမကုန် . . ."

"တော်ပြီ . . . ဖိုးထောင် မင်းလည်း ငါ့ကို စာတော်စာချလုပ်မနေနဲ့"





ဗိုလ်မတစ်ယောက် သားဖြစ်သူဖိုးထောင်၏ စကားမဆုံးခင် သူမ ပြောချင်ရာကို ဖြတ်ပြောလိုက်ပြီး အိပ်ခန်းထဲ ဝင်သွားလေသည်။

မိစံက ခေါင်းတရမ်းရမ်းဖြင့် တည့်လက်စထမင်းအိုးကို ယောက်မနှင့် ထမွှေနေသည်။

ဖိုးထောင်ကတော့ အိပ်ခန်းထဲဝင်သွားသည့် အမေဗိုလ့်ကျောပြင်ကို ကြည့်ရင်း သက်ပြင်းရှည်ကြီးတစ်ခုကို စိတ်ပျက်လက်ပျက်နှင့် ချလိုက်လေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဗိုလ်မ။

ဗိုလ်မဆိုတာ ဟောဒီ တောမကျ မြို့မကျ နယ်မြို့ကလေး တစ်မြို့ရဲ့ ဆင်းရဲသားရပ်ကွက်တစ်ခုမှာ နေထိုင်လာသူပါ။

ဗိုလ်မဆိုတာဖြင့် တစ်ရပ်ကွက်လုံးက မသိသူမရှိ။

ရိုးသားသည်၊ ကြိုးစားသည်။

သူမအလုပ်အပေါ်မှာ အပြည့်အဝ အာရုံစိုက်ပြီး စေတနာ ပါပါ လုပ်ကိုင်လေ့ရှိသူလည်း ဖြစ်သည်။

စိတ်ကတော့ဖြင့် ဘာထက်သလဲ မမေးလေနှင့်။





ပိုက်ဆံသာမရှိတာ လုံးဝ မဟုတ်လျှင် မခံတတ်။

ဆင်းရဲပေမယ့် မာနကတော့ မိုးအထိရှိသည်။

လူတစ်ယောက်ကို မခေါ်မပြောတော့ဘူးဆိုလျှင်ဖြင့် မပန်ဲ တော့၊ အဲဒါ တစ်သက်လုံးစာပဲ။

ရုပ်ပိုင်းဆိုင်ရာအားဖြင့် "ဗိုလ်မ"ဟူသည့် အမည်နာမအတိုင်း အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် နှာတံပေါ်ပေါ်ရှိသည်။

မျက်လုံးမျက်ခုံးကောင်းမှုနှင့် မေးရိုးကျယ်ပုံ၊ နှုတ်ခမ်းပေါက် ပုံတို့ကြောင့် ပျို့ရွယ်စဉ်အခါက အထက်တန်းဆန်ဆန်နှင့် အလွန် လှသွေးကြွယ်ခဲ့မည့် ပုံပန်းသဏ္ဍာန်မှာရှိ၏။

စိတ်ဓာတ်ကတော့ အထက်ပါဆိုခဲ့သည့်အတိုင်းပါပင်။

ပင်ကိုယ်စိတ်ခံက သနားကြင်နာတတ်ပြီး စိတ်သဘောမနော ကောင်း၏။

သို့သော် မဟုတ်လျှင်တော့ ဘယ်သောအခါမျှ ခေါင်းငုံ့ မခံတတ်။

သူမမှာ သားသမီး လေးယောက်ထွန်းကားခဲ့သည်။

အကြီးဆုံးသမီး မိပွေးက ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင် စောစီးကာကျကာ ရန်ကုန်မြို့မှာ ယောက်ျားဖြစ်သူနှင့် ဒိုးတူပေါင်ဖက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်စားသောက် နေထိုင်လျက် ရှိသည်။

ဒုတိယမြောက်သားဖြစ်သူ ဖိုးထောင်ကတော့ လူပျိုကြီးများစာရင်းဝင်ကာ သူမနှင့်အတူ နေထိုင်၏။

ရပ်ကွက်ထဲတွင် ရရာအလုပ်အကုန်လုပ်၏။

အသောက်အစားကင်းကင်းနှင့် ရသမျှပိုက်ဆံကို အမေဖြစ်သူ ဗိုလ်မကို အကုန်အပ်၏။

သူ့အောက်က မိစံကတော့ အိမ်မှုကိစ္စအားလုံး တစ်ခုမှလှည့်ကြည့်စရာလိုအောင် အလုပ်နှင့်လက်မပြတ် နေထိုင်တတ်သူဖြစ်သည်။

အဲ . . . အငယ်ဆုံးသားဖြစ်သူ အီးတီကတော့ အမေဗိုလ်၏အသည်းကြော်ဖြစ်သည်။

ဗိုလ်မယောကျ်ား ပေါက်ကြီးရှိစဉ်အခါက ဖိုးထောင်နှင့်မိစံတို့ပါ အစိုးရအထက်တန်းကျောင်း တက်ခွင့်ရသေးသည်။

ထိုစဉ်က ဗိုလ်မက ပုံကျဈေးထဲမှာ တို့ဟူးရောင်း။ ပေါက်ကြီးက မြေပဲခွဲစက်မှာ အလုပ်လုပ်နှင့် မိသားစုစားဝတ်နေရေး ပြေလည်ခဲ့၏။

အသောက်ဖက်သည့် ပေါက်ကြီးတစ်ယောက် အကျိုးမပါဘဲ





အိမ်ရှေ့ကွပ်ပျစ်မှာ ထွက်အိပ်ရာမှ အဆုတ်အအေးပတ်ကာ ဆုံးပါးရှာသည်။

သို့နှင့် မိစံနှင့်ဖိုးထောင်တို့ကို ပညာရေး အားမပေးနိုင်ခဲ့။ ဝမ်းရေးပြဿနာကို ဗိုလ်မ တို့ဟူးနှင့် မဖာထေးနိုင်ခဲ့။

သည့်လိုနှင့် အငယ်ဆုံးကောင်တစ်ယောက်ပဲ ကောင်းမွန်စွာ ပညာသင်ခွင့်ရခဲ့၏။

အိမ်မှာ ကောင်းကောင်းစား၊ ကောင်းကောင်းနေခွင့်ရခဲ့၏။ ဗိုလ်မက အီးတီကို အတော်အရေးပေးသည်။

ထင်းတစ်ချောင်း မခွဲနိုင်။ ရေတစ်ပုံး မဆွဲနိုင်ရက်။ အားအားရှိ စာကိုသာ ဖိကျက်နိုင်း၏။

အီးတီကလည်း ပညာရေးဘက်မှာ ပါရမီပါရှာ့ထင်။ ကြိုးစားသည်။

အတန်းတိုင်းမှာ ပထမဆိုတာ အီးတီ ကန့်ထရိုက်ယူထားသလိုပင်။

ဗိုလ်မ အီးတီကို တခြားသားသမီးတွေထက် ပိုခဲ့တာကိုတော့ ငြင်းမရ။

ဗိုလ်မယောကျ်ားပေါက်ကြီးဆုံးတော့ အီးတီက ရှိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



နေ့စေ့ လစေ့ကြီး။

ရက်လည်ဆွမ်းသွပ်တဲ့နေ့မှာပဲ အီးတီကိုမွေးသည်။ အီးတီက ဖအေတူသား။

ဗိုလ်မက မတည့်အတူနေ ပေါက်ကြီးကို ပါးစပ်က မချစ်ဘူး။ စေတနာမရှိဘူး။ တွင်တွင်ကြီးပြောလေ့ရှိပေမယ့် ဒင်းရုပ်ကြောင့် ဗိုလ်မစိတ်ရင်းအမှန်ကို လူတိုင်းသိ၏။

ဗိုလ်မနာမည်အရင်းက ဒေါ်လှထက်ပါ။

ဒါပေမဲ့ . . . မဟုတ်မခံ ဖြုန်းပက်လွှန်းသည့်စိတ်ဓာတ်ကြောင့် ငယ်ငယ်ကတည်းက ဗိုလ်မ ဆိုပြီး သူငယ်ချင်းတွေက ခေါ်ဝေါ်ရာမှ အစပြုကာ နာမည်အရင်း ပျောက်သွားရသည်။

နောက်ပေါက်ကလေးတွေဆို ဗိုလ်မနာမည်ကို ဗိုလ်မဟုပင် သိ၏။

ယုတ်စွအဆုံး အီးတီတောင် ကျောင်းအပ်တိုင်း မအေဖြစ်သူ ဗိုလ်မနာမည်အရင်းကို အသေအချာစဉ်းစားပြီးမှ ပြော ရ၏။

အခုတော့ ဗိုလ်မက သားဖြစ်သူအီးတီကို ရန်ကုန်မြို့က အစ်မဖြစ်သူ မိပွေးတို့ထံ ပို့ပြီး တက္ကသိုလ်ဆက်တက်စေသည်။

ဗိုလ်မက ထွန်းထွန်းပေါက်ပေါက်ရှိလှသည့် အီးတီကို ဆရာ





ဝန်ကြီးဖြစ်စေချင်လှသော်လည်း ကံကြမ္မာက မျက်နှာသာမပေးခဲ့။

ဆယ်တန်းကို ဂုဏ်ထူးလေးဘာသာနှင့် အောင်ပြီး တက္ကသိုလ် အမှတ်မီသော်လည်း မိဘအခြေအနေကို ကောင်းကောင်းသဘော ပေါက်တာကြောင့် အီးတီက အဝေးသင်ပဲ ဆက်တက်မည်ဟု ဆိုပါသည်။ ဒါကို ဗိုလ်မက လက်မခံ။

ဆရာဝန်မဖြစ်ပေမယ့် တရားသူကြီးဖြစ်အောင်တော့ အမေ ထားနိုင်ပါသည်ဟုဆိုကာ (Law) ဥပဒေယူခိုင်းပြီး ဒေးတက်စေခဲ့ သည်။

အခု အီးတီက ဥပဒေနောက်ဆုံးနှစ်ကျောင်းသား။ တစ်နှစ် တစ်နှစ် အီးတီကျောင်းစရိတ်က မနည်းလှ။

အစ်မဖြစ်သူ မိပွေးက စားစရိတ် နေစရိတ် ထောက်ပံ့ထား လို့သာ တော်ရော့မည်။

မဟုတ်လို့ကတော့ မလွယ်။

အိမ်မှာရှိသမျှ အဖိုးတန်ပစ္စည်း ဘာတစ်ခုမှ မကျန်တော့။ ဒါကို သားဖြစ်သူ လုံးဝမသိစေရ။

ဗိုလ်မက ဖြစ်ချင်ရာဖြစ် အီးတီကိုတော့ ကျောင်းပြီးအောင် ထားမည်သာ။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မ ဈေးထဲမှာ တို့ဟူးရောင်းရငွေမှန်သမျှကို သားဖြစ်သူအတွက် သပ်သပ်စုထားပြီး ဖိုးထောင်ဝင်ငွေဖြင့် အိမ်မှာ ဖြစ်သလို စားသည်။

ဒီလိုဘဝကို ရှန်းကန်ပြီး သားဖြစ်သူအတွက် ပိုက်ဆံရှာရတာကို ဗိုလ်မ မမောပါ။

အရေးတကြီး ငွေလိုလာတိုင်းလည်း ရှိသမျှပစ္စည်း တစ်ခုခုကို လမ်းထိပ်အပေါင်ဆိုင်သွားဖို့အတွက်လည်း ဘယ်တော့မှ နှမြောတွန့်တို ရှက်ရွံ့ခြင်းမရှိပါ။

တစ်ခါတစ်ရံ ဖိုးထောင်နှင့် မိစံတို့က ငြိုငြင်တာမျိုးမဟုတ်ပေမယ့် ဝမ်းရေးကိုတော့ ကသီလင်တ မနိုင်ချင်ပါ။

အခုလောလောဆယ်တော့ ဖိုးထောင်ဝင်ငွေက မဆိုးလှ။ နေ့ဘက် ရသမျှအလုပ်ကို ကြုံသလိုလုပ်ပြီး ညဘက်ကျပြန်တော့ ဗိုလ်မအသိသူငယ်ချင်း ဆိုက်ကားကို နင်းနေ၏။

ဗိုလ်မက ဈေးထဲမှာ ဈေးရောင်းရင်း၊ ရပ်ကွက်ထဲမှာ အာလာပသလ္လာပ ပြောရင်း အီးတီအကြောင်းကို မမောနိုင် မပမ်းနိုင် ပြောတတ်သေးသည်။

သူ့သား ဘယ်လောက်တော်ကြောင်း၊ တတ်ကြောင်း





စသဖြင့်ပေါ့။ ဥပမာ –

“အငယ်ကောင်အီးတီက ပျော့ဖတ်ဖတ်ရယ်။ ပင်ပင်ပန်းပန်း လုပ်စားနိုင်မှာ မဟုတ်ဘူးလေ။ ပြီးတော့ . . . ကျွန်မတို့အမျိုးထဲမှာလည်း ဆယ်တန်းအောင်တဲ့လူက ခပ်ရှားရှားဆိုတော့ အငယ်ကောင်လေးကိုတော့ တစ်ယောက်ဆိုတစ်ယောက် ပေါက်ပေါက်မြောက်မြောက်ကလေး ဖြစ်စေချင်တယ်။ သားလေးကလည်း တော်ပါတယ်။ ဆယ်တန်းကို ဂုဏ်ထူးလေးဘာသာနဲ့အောင်တာ ဆေးကျောင်းမထားနိုင်လို့ သာပေါ့တော်။ အခုတော့ ဥပဒေနောက်ဆုံးနှစ် ရောက်နေပြီလေ။ နောက်ပြီး ဒီကောင်က အနုပညာကလည်း ဝါသနာကြီးတယ်။ ကဗျာတွေ စာတွေ သီချင်းတွေ အလွန်ရေးတဲ့ကောင်”

အဲသလိုတွေပေါ့။

ဗိုလ်မများ သူ့သားအီးတီအကြောင်း ပြောနေရမယ်ဆိုရင် မျက်နှာကြီးက ပြုံးဖြီးဖြီး။ ပါးစပ်က ပေါက်ပေါက်ဖောက်နေလိုက်တာ အမြှုပ်တွေ ထွက်ကျလာမလား မှတ်ယူရသည်။

ဒါ အခုမှ ဗိုလ်မ အီးတီအပေါ် ကဲတာ သဲတာမဟုတ်။ ဟိုအရင်ကလေးဘဝကဆို ပိုသေးသည်။

ကလေးချင်း ရန်ဖြစ်လို့များ အီးတီအိမ်ကို ငိုပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



လေနှင့် အဲဒါဘယ်သူ့သားသမီးပဲ ဖြစ်နေဖြစ်နေ ဗိုလ်မတို့က ထဘီခါးတောင်းကျိုက်လိုက်တော့တာ။

အီးတီနှင့် ပတ်သက်လို့ကတော့ ဗိုလ်မက လုံးဝ သတ်သတ်ထိမခံ။

တခြားသားသမီးတွေဖြစ်သည့် မိပွေး၊ မိစံ၊ ဖိုးထောင်တို့တုန်းက ဒီလောက်ကြီးမဟုတ်။ အီးတီကျမှသာ။

သည်လို အပင်ပန်းခံ အကြင်နာတွေပိုပြီး သားဖြစ်သူကို မြို့တက္ကသိုလ်ပို့ ပညာသင်စေသည်ကို တချို့က ဝမ်းသာကြသလို တချို့က ကဲ့ရဲ့အပြစ်တင်ချင်ကြသည်။

မည်သူကမျှတော့ ဗိုလ်မကို အီးတီနှင့်ပတ်သက်ပြီး ဘယ်လိုဘယ်ဝါ ဝေမဖန်ရဲကြပါ။

ကွယ်ရာမှ သာ အတင်းတုတ်ကြခြင်းဖြစ်၏။ ဗိုလ်မရှေ့လာပြောကြည့်ပါလား။

သိတယ်မဟုတ်လား။ ဗိုလ်မလေ။

အဲသလို ကွယ်ရာမှာ အတင်းအဖျင်းချသည့် လူတွေထဲမှာမှ ဗိုလ်မတို့နှင့် မျက်နှာချင်းဆိုင်အိမ်က အဆိုးဆုံးပဲဖြစ်သည်။

လူတွေရဲ့ စိတ်သဘောထားနှင့် လောကနိယာမ အတော်များ





များကို ကောင်းကောင်းသဘောပေါက်ထားသည့် ဗိုလ်မက "ချိုးမွှမ်းခုနစ်ရက်၊ ကဲ့ရဲ့ ခုနစ်ရက်" ဆိုသည့် ဆိုရိုးစကားကို လက်ကိုင်ထားပြီး မသိသလို နေလာခဲ့တာ ကြာပြီဖြစ်သည်။

စိတ်ထဲကတော့ ဘယ်သူတွေ ကိုယ့်အပေါ် ဘယ်လိုသဘောထားသည်ဆိုတာကို မှတ်မှတ်ထင်ထင် မှတ်သားထားလေ့ရှိတာလည်း ဗိုလ်မ၏မထူးခြားသည့် အကျင့်တစ်ခုပင် ဖြစ်၏။

မျက်နှာချင်းဆိုင်အိမ်အကြောင်းဆိုရလျှင် ပြောမဆုံးပေါင်တောသုံးတောင် ဖြစ်ပေတော့မည်။

လွန်တာကတော့ ထိုအိမ်က အတော်လွန်ပါသည်။ ဒါကို တစ်ရပ်ကွက်လုံးက သိသည်။

သိသည့်တိုင် အမုန်းမခံချင်ကြတာကြောင့် မချစ်သော်လည်း အောင့်ခါနမ်းနေကြရသည်။

မဆက်ဆံချင်ပေမယ့် တစ်ရပ်ကွက်ထဲဆိုပြန်တော့ ရှောင်လွှဲ၍မရ ဖြစ်နေကြရ၏။

ထိုအိမ်က မိန်းမနာမည်က မကြမ်းမြင့်။ နာမည်နှင့်လူ အင်မတန်လိုက်ဖက်သည်ဟု ပြောရမလိုပင်။

ကြမ်းလိုက်တဲ့နှုတ်က အိမ်ရှေ့က ကတ္တရားလမ်းမကြီး



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း။

လှုပုံကလည်း အံတွင်းစိတ်ကို ဖွင့်ဟပြသထားသလို စိတ်ဓာတ်ယုတ်ညံ့စေမှုန်း ပေါ်လွင်စေလျက်။

အသားမဆိုစလောက်ကလေး ဖြူပေမယ့် နာယောင်ကောက်ပြီး နပူးမောက်၏။

မျက်လုံးကျဉ်းကျဉ်းကလေးတွေ ပိုင်ဆိုင်ထားသည့်အပြင် ဆံပင်ပါကောက်သေး၏။

အရိပ်ထွက်တာကလွဲပြီး ဖနောင့်တိုပုံကအစ မိုးကြိုးပစ်ဘီလူးမကြီးအင်လက္ခဏာ ပေါ်နေ၏။

ပြောတတ်လိုက်သည့် အတင်းအဖျင်းက လိပ်ကို ဂျပိုးဖြစ်တယ်ဆိုတာ ဘာဟုတ်ဦးမလဲ။

ပုရွက်ဆိတ်ကို ဂေါ်ဇီလာဖြစ်သွားစေမည်။ ပါးစပ်ကလည်း နောက်ဆုံးပေါ် ဆဲရေးတိုင်းထွာနည်းမျိုးစုံကို သင်တန်းတက်စရာမလိုပါဘဲ အလိုလို ကျွမ်းကျင်တတ်မြောက်လွန်းလှ၏။

ရင်မောက်မောက် ဖင်ကောက်ကောက်နှင့် သူမကို လူတကာက အဖက်မလုပ်ချင်တာသိပေမယ့် လူရာဝင်ချင်လွန်းလှသည့် သူမကသိသိရက်နှင့် နေရာတကာ စပ်စပ်စပ်စပ်လည်း ပါတတ်သေးသည်။





မိန်းမတင်လား ဆိုပြန်တော့ မဟုတ်။ ယောက်ျားဖြစ်သည့် ကိုဆန့်ထွန်းကလည်း ဘာထူးသနည်း။

နာမည်ကသာ ကိုဆန့်ထွန်း။ လူက အဆံလက်တစ်ဆစ်မျှရှိသူမဟုတ်။

"အသွင်မတူ အိမ်သူမဖြစ်" ဆိုသည့် ဆိုရိုးစကားက သူတို့လင်မယားအတွက်ကတော့ သွေးထွက်အောင် မှန်ပါသည်။

ကိုဆန့်ထွန်းကလည်း ယောက်ျားကြီးတန်မဲ့ မိန်းမဖြစ်သူမကြမ်းမြင့်နည်းတူ သူများ အတင်းအဖျင်းပြောရာမှာ ဝါသနာ ထုံလှသည်။

အိမ်ထောင်ဦးစီးယောက်ျားသားပီပီ ဘာတစ်ခုမှမလုပ်။ အချိန်တန် မိုးလင်းတာနှင့် မိန်းမဆီက ပိုက်ဆံလေးနှစ်ရာတောင်းပြီး မင်းသားရုံးအောင် ပြင်ဆင်ကာ လက်ဖက်ရည်ဆိုင်ကို ထွက်တော့သည်။

တစ်ခါတစ်ရံဆို သနပ်ခါးအဖွေးသားပင် လိမ်းထားသေးသည်။

လက်ဖက်ရည်ဆိုင်မှာ တွေ့ရာလူနှင့် အတင်းအဖျင်းပြီး တစ်နေကုန် အချိန်ဖြုန်းပြီးမှ ပြန်လာလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လင်မယားကြားမှာ သနားစရာကောင်းသည်က တစ်ဦးတည်းသောသမီးလေးဖြစ်သည့် ကေကြမ်းထွန်းပင် ဖြစ်သည်။

သူ့ခမျာ အပျိုဖော်ဝင်စလေးဖြစ်ပေမယ့် သူများသားသမီးတွေလို ကျောင်းနေပြီး လှလှပပ ဝတ်စားမနေခဲ့ရ။

ယောက်ျားလေးများတန်းတူ အလုပ် အကြမ်းပတမ်းတွေကို လုပ်ကာ ပိုက်ဆံရှာရ၏။

ရသမျှပိုက်ဆံကို မအေဖြစ်သူ မကြမ်းမြင့်ကို တစ်ပြားမကျန် အပ်ရ၏။

တစ်ရပ်ကွက်လုံးက သမီးဖြစ်သူကို သနားကြပေမယ့် ဖအေမအေတွေကို အမြင်ကတ်ကြတာကြောင့် မည်သူကမျှ ဆေးဖော်ကြောဖက် မလုပ်ကြ။

ကေကြမ်းထွန်းက အီးတီနှင့်ဆို ရွယ်တူလောက်ပင် ရှိသည်။ မရှိကြတာချင်းတူပေမယ့် နေထိုင်ဆက်ဆံရသည့်ဘဝ ပတ်ဝန်းကျင်က မိုးနှင့်မြေလို ကွာခြားလှ၏။

* * *



## အခန်း (၃)

"အိုအေ . . . အဲဒီ ဗိုလ်မဆိုတဲ့ကောင်မက 'ဝ' မရှိဘဲ '၀' လုပ်နေတာပါအေ။ ကိုယ့်အခြေအနေကိုယ်ကြည့်ပြီး သားကို အလုပ်လုပ်ခိုင်းပြီးရော။ အီးတီဆိုတဲ့ကလေးကို ဆယ်တန်းအောင်အောင်ထားတာကိုက လွန်လှပြီ။ ယောက်ျားလေးပဲ အဲလောက် မလိုပါဘူးအေ။ ဘွဲ့ရတော့ရော ဘာလုပ်ရမှာမို့လဲ။ အလကား ငွေကုန် လူပမ်းဖြစ်အောင်။ ဘာတဲ့ မြို့ပို့ပြီး တက္ကသိုလ်ဒေးထားသတဲ့။ အဝေးသင်တောင် မဟုတ်ဘူးနော်"

ဟောသည်မြို့ကလေးရဲ့ တစ်ခုတည်းသော ပုံကြွေစျေးသည်



www.burmeseclassic.com

www.burmeseclassic.com



လေးထဲမှာ မကြွမ်းမြင့်၏ မဲ့ကာရွဲ့ကာ အပုတ်ချပြောဆိုနေသံကို ဗိုလ်မတစ်ယောက် တို့ဟူးဘိုး လိုက်တောင်းနေရာမှ အမှတ်မထင် အစအဆုံးကြားလိုက်ရ၏။

ဒေါ်သက 'ထောင်းခနဲ' ထလာပေမယ့် ကန်စွန်းရွက်သည် ကပါ ပြန်ပြောတာကြောင့် ခဏ အသာနားထောင်နေလိုက်၏။

"မဗိုလ်မသား၊ အီးတီလေးက တော်ပါတယ်တော်။ ဆယ်တန်းကို ဂုဏ်ထူးလေးဘာသာနဲ့ အောင်ထားတာမို့လား"

"အို . . . အလကားပါအေ။ ဘယ်ကခိုးချတာမှန်းမှ မသိတာ။ ငါတို့ကတော့ အထင်မကြီးပါဘူး"

မကြွမ်းမြင့်တို့ကတော့ သူမထုံးစံအတိုင်း အတင်းချနေပြန်သည်။

ဗိုလ်မက ကြားပေမယ့် သူမလို လူ့အဆင့်အတန်းမရှိသည့် လူမျိုးနှင့် စကားမပြောချင်တာကြောင့် သူမ၏မဟုတ်မခံစိတ်ခေတ်ကို ချိုးနှိမ်ထားရ၏။

လက်ဝါးကတော့ အတော်ယားနေချေပြီ။ အိမ်နီးနားချင်းတွေမို့သာ မနည်းသည်းခံထားရ၏။

"မဟုတ်တာ မကြွမ်းမြင့်ရယ်။ အီးတီလေးက ငယ်ငယ်





ကတည်းက အတန်းတိုင်းမှာ ပထမပဲဟာကို။ နဂိုတော်တာ၊ ကျူရှင်တို့ရုပ်ကွက်ထဲမှာ ဂုဏ်ထူးလေးဘာသာနဲ့ ဆယ်တန်းအောင်တာ ဘယ်သူရှိလို့လဲ"

ကန်စွန်းရွက်သည်က အကျိုးအကြောင်း ပြောပြတာကို မကြွမ်းမြင့်က လုံးဝလက်မခံ။

ခေါင်းတခါခါ ဖင်တခါခါနှင့်။

"နင်က ကြားထဲက ဘာဖြစ်နေရတာလဲ။ ငါတို့က ဒင်းတို့နဲ့ အိမ်နီးနားချင်းတွေပါအေ။ အီးတီအကြောင်း အတွင်းသိအဆင်းသိ။ ငါက မဟုတ်တာ ပြောပါ့မလား"

မကြွမ်းမြင့်အကြောင်းသိမို့ ကန်စွန်းရွက်သည်က နောက်ထပ် ဘာစကားမျှ မဆိုတော့။

"ငါပြောတာ မဟုတ်ဘူးလားအေ။ သားဖြစ်သူကတော့ မြို့ကျောင်းမှာပျော်လို့၊ ဟော . . . မအေတွေ အစ်ကိုတွေ အစ်မတွေကတော့ ဒီမှာ ရသမျှအလုပ်လုပ်။ နေပူမရှောင် မိုးရွာမရှောင်မှာ အငတ်ခံလို့။ ကြည့်ပါလား . . . လူမွေးလူယောင်ကို မပြောင်ကြဘူး။ ဒီကြားထဲ အီးတီက လေးနှစ်ရှိပြီ အခုထိ ကျောင်းမပြီးသေးဘူး။ ကျနေတာပဲနေမှာပါအေ"



www.burmeseclassic.com

www.burmeseclassic.com



မကြမ်းမြင့်ကို ကန်စွန်းရွက်သည်က "ဩော် သူကတော့ တော်တော် လူမွေးလူရောင် တော်တော်တောက်ပနေတာကိုး။ သမီးလုပ်တာကို မရှက်မကြောက် ထိုင်စားနေပြီးတော့များ။ ဟွန်း" ဆိုပြီး စိတ်ထဲကနေ ပြောနေမိ၏။

မကြမ်းမြင့်ကတော့ "ဩော် ... ဒုက္ခ ဒုက္ခ။ ထည့်လိုက်စမ်းပါအေ ကန်စွန်းရွက်ကလေးနှစ်စီး။ ငါ့မလည်း ပုစွန်ထုပ်တွေပဲ လိုမ့်စားနေတော့ တစ်နေ့က ဆေးခန်းသွားရတယ်လေ။ ဆရာဝန်ကသွေးတိုးဖြစ်တာတဲ့။ ဒါနဲ့ပဲ အသီးအရွက်ကလေး ချက်စားမလားဆိုပြီး ကန်စွန်းရွက်ဝင်ဝယ်တာ။ ဆေးဖိုးကို ခုနစ်ထောင်ကျော်ပါတယ်ဆို။ ဒါနဲ့ ကန်စွန်းရွက်နှစ်စီး ဘယ်လောက်လဲ"

သူသူချင်း တစ်ပေါက်စွန်းပြုပြီး အကြွားပိုပြနေသည့် မကြမ်းမြင့်ကို ကန်စွန်းရွက်သည်က နှာခေါင်းရှုံ့ လုပ်ချောင်းဆိုးပြီး ခပ်ရွဲ့ရွဲ့ ပြန်ဖြေသည်။

"အဟမ်း အဟမ်း ... ကန်စွန်းရွက်နှစ်စီးမှ တစ်ရာပါတော်"

"ဟယ် ... များလှချည်လား။ ငါးဆယ်ပဲထားပါ"

"အမယ်လေး ... အရင်းတောင် ခုနစ်ဆယ်ရှိတယ်၊ မကြမ်း





မြင့်ရေ ယူမှာဆို ရှစ်ဆယ်ပဲပေးခဲ့"

အစောက အကြွားကြီးကြွားပြီး ကန်စွန်းရွက်ဖိုး ငါးဆယ်ဆစ်နေသည့် မကြမ်းမြင့်ကိုကြည့်ပြီး ဗိုလ်မတစ်ယောက် စိတ်တိုနေသည့် ကြားမှ ပြုံးမိသွားသည်။

"အေး ... အဲဒါဆို ရှစ်ဆယ်ကို နင်ဈေးသိမ်းမှ ငါ့အိမ်ကိုဝင်ယူ"

"ဟာ ... ဘယ်ဖြစ်မလဲ၊ ကျွန်မက ဈေးဦးတောင် မပေါက်သေးဘူး။ အကြွေးကတော့ မရဘူးနော်"

ဟုတ်တယ်လေ။ သူ့ခမျာ ဈေးဦးတောင် မပေါက်သေးတာ၊ ဘယ်အကြွေးပေးပါ့မလဲ။

ဟိုတစ်ခါကလည်း ဒီလိုပဲ၊ ပိုက်ဆံ အပြန်ဝင်ယူဆိုပြီး ချဉ်ပေါင်ရွက်နှစ်ရာဖိုး အကြွေးယူသွားတာ အခုထိ မရဘူး။

အမေ့ခံသွားတာလေ။ ဆုံးရော။ ငွေနှစ်ရာက အကြောင်းမဟုတ်ပေမယ့် တောင်းရတာ တန်ဖိုးရှိလွန်းလှသည်။

သံသရာကြွေး ခံချင်ကြတာကိုး။ အဲဒီတုန်းက သွားတောင်းတုန်းကလည်း ပိုက်ဆံအိတ်က ကိုဆန်ထွန်းယူသွားလို့ပါ ဘာညာဆိုပြီး ဝေ့လည်ကြောင်ပတ် လုပ်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ မရတော့၊ ပြတ်ပြတ်ပဲ။

"အမယ်လေးတော် . . . ငွေလေးရှစ်ဆယ်နဲ့ ငါက မညစ်ပါဘူး။ အိမ်မှာ ငါးထောင်တန်တွေ အနုတ်ပျက်သွားမှာစိုးလို့ တမင်မယူခဲ့တာပါ။ တကယ်တည်း မပြောလိုက်ချင်ဘူး။ ပေါ်ဆန်းမွှေးဆန်ဖိုးပေးရင်းနဲ့မှ ငါလာပေးလှည့်ပါမယ်။ မိုလ်မတို့ဆို ပေါ်ဆန်းမွှေးအနံ့တောင် ခံဖူးတာမဟုတ်ဘူးရယ်။ ဆန်ကွဲနဲ့ဆန်ပြုတ်နဲ့ ပြီးနေရတာ။ အီးတီကို သူတို့က အားခဲနေကြတာလေ။ သူ့သားက ပြန်လုပ်ကျွေးမှာဆိုပြီးတော့။ ကဲ ကဲ . . . သွားမယ်။ အိမ်ကလူက ပေါ်ဆန်းမွှေးမှ၊ ဆန်ကြမ်းဆို စားတာမဟုတ်ဘူး"

မကြမ်းမြင့်က ပြောပြောဆိုဆိုနှင့် ကန်စွန်းရွက်စီးလေး ဆွဲခြင်းထဲထည့်ပြီး ကော့ကော့ကော့ကော့နဲ့ ပြန်မယ်လုပ်တော့ ကန်စွန်းရွက်သည်က . . .

"မကြမ်းမြင့် . . . ပိုက်ဆံပေးခဲ့ဦးလေ။ အကြွေးဆိုရင်တော့ ပြန်ထားခဲ့ပါ။ တကယ်ဈေးဦးမပေါက်သေးလို့ပါတော်"

"အမယ်လေး . . . ဖြစ်နေလိုက်တာ။ ရော့အေ . . . နင့်ကန်စွန်းရွက် မစားတော့ဘူး။ ဒီမှာ ဝက်သားချက်တာ ရှိပြီးသား"

ဆိုပြီး ကန်စွန်းရွက်နှစ်စီးကို ပစ်ချပြီး ပြန်အလှည့် –





"ဟင့် ဟင့်"

မိုလ်မနှင့် မထင်မှတ်ဘဲ မျက်နှာချင်းဆိုင် တွေ့လိုက်ရသဖြင့် မကြမ်းမြင့်တစ်ယောက် ရယ်ရမလို ငိုရမလိုကြီး ဖြစ်သွားသည်။

စောစောကပင် မိုလ်မအကြောင်း အားမနာလျှာမကျိုး လျှောက်ပြောထားတာမို့လား။

ပြီးတော့ မိုလ်မအကြောင်း သူမ ကောင်းကောင်းသိထားသည်ဆိုတော့ အချိုးက ချက်ချင်းပြောင်းသွားသည်။

"အဟီး မိုလ်မ . . . နင် နေကောင်းလား။ ဘာလာဝယ်တာလဲ ဟင်"

တတ်လည်း တတ်နိုင်သည့်ဟာမကြီး။ အစောကပဲ မိုလ်မတို့အကြောင်း အတင်းချပြီးတော့။

မိုလ်မကလည်း အိမ်နီးချင်းတွေမို့ သည်းခံနိုင်သလောက် သည်းခံထားပါသေးသည်။

အခုတော့ မကြမ်းမြင့်က မိုလ်မအချစ်တော် အီးတီ အကြောင်းတွေပါ မဟုတ်တာတွေ ထည့်ပြောလာတာကြောင့် မိုလ်မ စိတ်မထိန်းနိုင်တော့။

သိတယ်မို့လား။ မိုလ်မဆိုတာကလည်း မဟုတ်မခံ့ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ကျဲလေ။

ကန်စွန်းရွက်သည်ကလည်း ပွဲကြီးပွဲကောင်းတော့ တွေ့ပြီဆိုပြီး အသာငြိမ်ပြီး ကြည့်နေလိုက်၏။

"နင် မမြင်ဘူးလား၊ နေကောင်းလို့ မေးလာတာပေါ့"

ဗိုလ်မအသံက ဒေါသအရှိန်ကြောင့် မာဆတ်ဆတ်။

ဒါကို ကောင်းကောင်းသဘောပေါက်သည့် မကြွမ်းမြင့်က အသာလစ်ထွက်ဖို့ ဟန်ပြင်သည်။

"အဟဲ ... သွားဦးမယ်နော်"

"နေဦး"

အမိန့်သံဆန်သော ဗိုလ်မတားဆီးမှုကြောင့် မကြွမ်းမြင့် တစ်ယောက် မသိမသာ တွန့်သွားသည်။

"အင့်"

"အစောက နင် ဘာစကားပြောတာလဲ"

"ဟင် ... အစောက ငါ ဘာပြောလို့လဲ။ မပြောပါဘူး။ ကန်စွန်းရွက် ဆစ်နေတာပါနော်။ ဘာမှမပြောဘူးနော်"

မကြွမ်းမြင့်က မျက်နှာပျက်ပျက်နှင့် ကန်စွန်းရွက်သည်ကိုပါ သေဖော်ညှိလိုက်သေးသည်။





ဗိုလ်မက မကြွမ်းမြင့်မျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး မဲ့ပြုံးပြုံးကာ စကားပြောတော့ သူမက အပြစ်ရှိသူပီပီ ခေါင်းငုံ့သွားသည်။

"ဒီမယ် မကြွမ်းမြင့် ... ဗိုလ်မအကြောင်း မသိရင် ဟောဒီ တစ်ရပ်ကွက်လုံး ပတ်မေးလိုက်ဦး။ ဗိုလ်မတို့က ကိုယ့်ထမင်းကိုယ်စားပြီး ဘယ်တော့မှသူများအတင်းပြောတာ ဝါသနာမပါဘူး။ ရွဲ့တာစောင်းတာကတော့ ဝေးရော။ အေး ... မကျေနပ်ရင်တော့ အဲဒီလူကို တည့်တည့်သွားပြောတာ။ ပုံစံမကျရင်တော့ ပါးကွဲပြီသာမှတ်"

"ဟုတ်ကဲ့ ... အဟဲ၊ အခု ဘာဖြစ်လို့လဲဟင်"

ဗိုလ်မက ခပ်တည်တည်နှင့်ပြောတော့ ယောင်နနဖြင့် မကြွမ်းမြင့်က ခေါင်းလိုက်ညိတ်ရင်းမှ နားမလည်သလိုပြန်မေး၏။

မသိလို့ ကတော့ မကြွမ်းမြင့်ပုံစံက တကယ့်ဖြူစင်သန့်ရှင်းတဲ့ ဗီဘီကလေးငယ်လေးအတိုင်း။ အခုခေတ်စကားနဲ့ပြောရရင်တော့ 'အကယ်ဒမီရှော့'ပဲ။

"ဘာဖြစ်ရမလဲ၊ ဗိုလ်မတို့က ထုံးစံအတိုင်း မကျေနပ်လို့ တည့်တည့်လာပြောတာလေ။ ပုံစံမကျရင်တော့ ပါးခွဲချဖို့ ဝန်မလေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး . . . ငါက ဘာလုပ်လို့လဲဟေ့"

"ဘာလုပ်လို့လဲ ဟုတ်လား။ ဒီမယ် ကောင်မ၊ ဗိုလ်မကို ဘာကောင်မ အောက်မေ့နေလဲ။ နင်တို့ပြောတာကို အစအဆုံးကြားတယ်။ မြောင်ပလီမနေနဲ့"

"အင့်"

ဗိုလ်မအဆိုကြောင့် မကြွမ်းမြင့် ဘာဆက်ပြောရမယ် မသိတော့။ တစ်ခါတည်း နှုတ်ပိတ်သွားသည်။

"ဒီမယ်၊ ငါ့သားအီတီအကြောင်း နောက်တစ်ခါ မဟုတ်တာ ပြောရဲပြောကြည့်။ ပါးရှစ်စိပ်ကွဲမယ်မှတ်။ ငါက မိဘအေ့။ ငါ့သားသမီးတွေအပေါ်မှာ ဘာမျှော်လင့်ချက်မှ မထားဘူး။ သူတို့ဟာ လူတစ်လုံး သူတစ်လုံးနဲ့ ပညာတတ်ဖို့ပဲ စိတ်ကူးရှိတယ်။ ငါ့ဘာသာ အငတ်ခံပြီး ငါ့သားကို ကျောင်းထားတယ်။ အဲဒါ ဘာဖြစ်လဲ၊ ဘယ်သူ့ဂရုစိုက်ရမှာလဲ ပြောစမ်း။ နင်သာ နင့်စိတ်နဲ့နှိုင်းပြီး သားသမီးလုပ်စာ မရှက်မကြောက်ထိုင်စားပြီး သူများအတင်းအဖျင်း အရပ်တကာလှည့်ပြောပြီး အဆင့်မရှိတဲ့ မိန်းမ ဟွန်း"

"____"

"ဘာတဲ့ ပြောသေးတာ။ ရယ်စရာကောင်းလိုက်တာ။ ပေါ်





ဆန်းမွှေးမှ ပုစွန်ထုပ်မှတဲ့။ အပဲ နင် မြင်ရောမြင်ဖူးလို့လား။ တစ်နေ့မှ ထမင်းတစ်နပ်စားရတဲ့ကောင်မကများ"

"ဗိုလ်မ နင်လွန်လာပြီနော်"

"လွန်တော့ ဘာဖြစ်ချင်လဲ" ဆိုပြီး ဗိုလ်မက ပါးဆွဲချမယ်လုပ်တော့။

"တောက် . . . တစ်နေ့ နင်တွေ့ဦးမယ်" ဆိုပြီး တစ်ချိုးတည်း လစ်ပါတော့သည်။ ကန့်စွန်းရွက်သည်ကတော့ –

"ကောင်းတယ် မဗိုလ်မ။ ဒင်းက ဒါမျိုးနဲ့တွေ့မှ မှတ်မှာ" ဟု ထောပနာပြုနေ၏။

ဗိုလ်မကတော့ မကြွမ်းမြင့်ကို မျက်စိတဆုံးလိုက်ကြည့်ပြီး တောက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်လေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

"တောက်"

မိန်းမဖြစ်သူ၏ရုတ်တရက် တက်ခေါက်သံကြောင့် ကိုဆန်းထွန်းတစ်ယောက် လန့်သွားသည်။

"ဟ ... မကြွမ်း ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ ဟိုဘက်အိမ်က ကောင်မပေါ့။ လူပါးကို ဝလွန်းတယ်"

နားမလည်နိုင်တာကြောင့် ကိုဆန်းထွန်းက ထပ်မေးလိုက်၏။





"ငါ့ကို နားလည်အောင် သေချာရှင်းစမ်းပါဦး"

"ဩော် ... စိတ်တိုရတဲ့အထဲ တော်ကတစ်မျိုး"

ဟု အစချီကာ မကြွမ်းမြင့်က ဈေးမှဖြစ်ပျက်ခဲ့သမျှတွေကို သူမ အဆိုးတွေဖယ်ပြီး ဗိုလ်မလွန်တဲ့အကြောင်းတွေကိုပဲ ပိုပိုသာသာ ပြောပြပါလေတော့သည်။

"ဘာ ... ဒီကောင်မ တော်တော်အပါးဝတာပဲ။ လာ ဒါမျိုးကတော့ မခံဘူး။ မကြွမ်း ... နင့်မှာ ကန့်စွန်းရွက်သည် သက်သေရှိတယ်မို့လား"

"ဒါက ဘယ်လဲ"

ထသွားဖို့ ဟန်ပြင်နေသည့်ယောက်ျားဖြစ်သူကို မကြွမ်းမြင့်က မေးလိုက်ခြင်းဖြစ်သည်။

"ရပ်ကွက်ရုံးကိုလေ၊ ဒါ ... သက်သက်မဲ့ ဘလိုင်းကြီး စော်ကားသွားတာပဲ"

သည်လိုဆိုပြန်တော့ မကြွမ်းမြင့်က လေချိုသွေးလာပြန်၏။

ဟုတ်တယ်လေ၊ လေချိုမသွေးလို့မှ မဖြစ်တာ။ ရုံးရောက်ရင် သူမပဲ အရှက်ကွဲရမှာကိုး။ တကယ်လွန်တာက သူမပဲ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတော့ နေပါစေကိုဆန်ထွန်းရာ။ ဒီကောင်မအတွက်နဲ့ ရှုံးရောက်ရမှာ ရှက်စရာကြီး။ နောက်တစ်ခါမှ ပါးကိုချပ်လိုက်မယ်"

"အေးလေ ... ငါ့မိန်းမသဘောပဲ"

မိန်းမကြောက်ရတဲ့ ကိုဆန်ထွန်းကတော့ ဘာမှ ထပ်မပြောတော့။ သူ့မိန်းမပြောတာကိုပဲ အဟုတ်ထင်နေသည်။

မကြွမ်းမြင့်ကတော့ နောက်ဖေးဘက်ကို အသာထွက်သွားလေတော့၏။

*





"အမေဗိုလ်ရာ ... အသက်တွေလည်းကြီးလှပါပြီ။ ဘာကိစ္စ စကားများရန်ဖြစ်လာရတာလဲ။ ပြီးတော့ အိမ်နီးနားချင်းတွေ၊ မကောင်းပါဘူး အမေဗိုလ်ရာ"

"ဟုတ်တယ်နော် အမေဗိုလ်၊ အစ်ကိုဖိုးထောင်ပြောတာမှန်တယ်။ ဘာတဲ့ဆို အမေဗိုလ်ပဲ။ ကြည့်လည်းလုပ်ပါဦးအမေရယ်။ ပွကြီးဖြစ်နေပါဦးမယ်၊ အမေ မရှက်ဘူးလား"

ဖိုးထောင်က အစပျိုးလိုက်တာနှင့် သမီးဖြစ်သူ မိစံကပါပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်က ဈေးထဲကပြဿနာကို ညနေစာ ထမင်းဝိုင်းမှာ ပြောဆိုနေကြခြင်း ဖြစ်သည်။

သားသမီးတွေက ပြေရာပြေကြောင်းပြောပေမယ့် ဗိုလ်မတို့က လက်မခံ။

ထုံးစံအတိုင်း မျက်ခုံးနှစ်ဖက်ကို ဟန်ပါပါနှင့် မြှင့်ကာ ဇာတ်လမ်းစပါလေတော့သည်။

"ဘာအေ့ ... ဒါ ရှက်စရာလား။ ကိုယ်က မဟုတ်တာ မမှန်တာ လုပ်နေတာမှမဟုတ်တာ။ ဒီကောင်မကိုက အပါးဝတာ။ ငါ့သားအီးတီကိုများ တက္ကသိုလ်မှာ လေးနှစ်ရှိပြီ၊ ကျနေတာလေး ဘာလေးနဲ့။ ဘာမှုနားလည်တာလည်း မဟုတ်ဘူး။ စာမတတ် ပေမတတ်တွေကများ။ ငါ့သားလေးက သူများတွေလို သုံးနှစ်တက်ရတာမဟုတ်ဘူး။ လေးနှစ်တက်ရတဲ့ဥပဒေတရားသူကြီးဘာသာဆိုတာကို ဒင်းက ဘာမှမသိပဲနဲ့ ဟွန်း။ နောက်တစ်ခါ ငါ့သားလေးအကြောင်းပြောကြည့်စမ်း ပါးကွဲအောင်ကို ရိုက်ပစ်မယ်"

မိစံကတော့ မအေဖြစ်သူစကားကြောင့် ဖိုးထောင်ကို မျက်စပစ်ပြသည်။

ဖိုးထောင်က ...





"အမေရယ် ... သူပြောလည်း ကိုယ်က မကြားဟန်ဆောင်နေလိုက်ပေါ့ဗျာ။ အသားပုံပါသွားတာမှ မဟုတ်တာ။ သူ့ဘာသာမောရင် ရှေ့သောက်ပြောလိမ့်မယ်"

"ဟဲ့ ဖိုးထောင် ... မင်းက ဘာသိလို့လဲ ... ဒီကောင်မက ငါတို့မိသားစုအကြောင်းကို မဟုတ်တာတွေ လျှောက်ပြောနေတာ"

"တော်သေးတာပေါ့ ... ရုံးရောက်ဂတ်ရောက် ဖြစ်မသွားလို့"

"ကဲ မိစံ ... နင်လည်း တိတ်။ ဟိုကောင်ရော။ ငါက နင်တို့ကို မွေးထားတဲ့အမေပါ။ နင်တို့ထက် အကုန်သိတယ် ဘာမှမရှည်နဲ့တော့"

ဗိုလ်မစကားကြောင့် နှစ်ယောက်စလုံး ခေါင်းတရမ်းရမ်းနှင့် သက်ပြင်းချကုန်ကြ၏။

သူမကတော့ တစ်ကိုယ်တည်း ပွစိပွစိနှင့် တီးတိုးဆိုနေပြန်၏။

"ငါ့သားလေး တရားသူကြီးဖြစ်မှ သူများအတင်းပြောတဲ့ဘာတွေကို တရားစွဲနိုင်းပစ်ရမယ်။ ငါ့ကို မှုဆိုးမဆိုပြီး လာတော့မစမ်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



. . . ဟွန်း"

ထိုသို့ပြောရင်းမှ ဗိုလ်မတစ်ယောက် ယောကျ်ားဖြစ်သွားလေသူပေါက်ကြီးကို သတိရမိသွားပုံရသည်။

မျက်ဝန်းတွေက အတိတ်ကို မြင်ယောင်နေသယောင် ဆွေ့ရီသွားလေတော့၏။

* * *



## အခန်း (၅)

"မမိပွေး . . . ကျွန်တော် ကျောင်းသွားတော့မယ်"

အီးတီက လွယ်အိတ်နှင့် ထမင်းချိုင့်လေးဆွဲကာ အစ်မဖြစ်သူကို နှုတ်ဆက်နေစဉ် တူမလေးဖြစ်သည့် ဂျမ်းပုံက စကားပီကလာ မပီကလာနှင့် မုန့်ဝယ်ခဲ့ဖို့ မှာနေပြန်သည်။

"ဦးဦး . . . အကျွန်ကြ မီးမီးဖို့ မုန့်တွေ အားကြီးဝယ်ခဲ့နော်"

"ဝယ်ခဲ့မှာပေါ့ သမီးရယ် . . . အိမ်မှာ လိမ်လိမ်မာမာနေခဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"ဟဲ့ ... သမီးဂျမ်းပုံ ... ဘာတွေပူနေတာလဲ၊ မောင်လေးရေ ... အဲဒီမှာ ထမင်းချိုင့်စားပွဲပေါ်မှာတင်ထားတာ တွေ့လား"

မိပွေးက နောက်ဖေးဘက် အိုးခွက်ပန်းကန်တွေ ဆေးနေရာမှ လှမ်းအော်နေ၏။

ဒီအချိန်ဆို ယောက်ျားဖြစ်သူက မရှိတော့ အလုပ်ခွင် ရောက်နေချေပြီ။

အီးတီကလည်း ကျောင်းသွားဆိုပြန်တော့ သမီးလေး ကြမ်းပုံကိုသာ အဖော်ပြုနေရ၏။

"မောင်လေး ... ကားခရောရှိသေးလား။ ယူသွားဦးလေး"

"နေနေ အစ်မ ... ကျွန်တော့်မှာ အမေ ဟိုတစ်ခေါက်ပို့ထားတဲ့ ပိုက်ဆံနည်းနည်းကျန်သေးတယ်"

အီးတီကလည်း အစ်မတို့ မပြေလည်မှန်းသိတာကြောင့် တော်ရုံဆိုမတောင်း။ အိမ်ကငွေကိုလည်း အပိုမသုံး။

သူ့စာမူခလေးနဲ့ လက်ဖက်ရည်ဖိုး ဘတ်စ်ကားဖိုးကို ဖြေရှင်းနိုင်စွမ်းရအောင် ကြိုးစားနေသည်။





တစ်ဖက်က ကျောင်းစာကိုလည်း မလွတ်စေရ။

ဝါသနာပါရာ စာကဗျာရေးခြင်း သီချင်းရေးခြင်းတို့ကိုလည်း ကျောင်းပိတ်ရက်တွေမှာ ကြိုးစားပမ်းစားရေး၏။

"မောင်လေးရေ ... စာကိုတော့ ကြိုးစားပေ့။ တစ်နှစ်ဆို တစ်နှစ် အစ်မတို့ အမေဖိုလ်တို့ အခြေအနေနဲ့ လွယ်တာမဟုတ်ဘူး။ အခု နောက်ဆုံးနှစ်အောင်ရင် ပြီးပြီ။ ကျောင်းပြီးမှ ကိုယ်ဝါသနာပါရာ ဆက်လုပ်ပေါ့။ မိန်းမယူဖို့တော့ မစဉ်းစားနဲ့ဦးပေ့။ အလုပ်အကိုင်၊ ငွေကြေး မပြည့်စုံသေးဘဲနဲ့ အိမ်ထောင်ရေးကို စဉ်းကိုမစဉ်းစားနဲ့။ တခြားမကြည့်နဲ့ အစ်မတို့လင်မယားကိုပဲကြည့်ပေ့"

မိပွေးက မောင်ဖြစ်သူကို ရည်းစားရှိမှန်းသိတာကြောင့် အိမ်ထောင်မပြုသေးဖို့ သွယ်ဝိုက်စွာ သတိပေးနေခြင်းဖြစ်သည်။

ဒါကို အီးတီကလည်း ကောင်းကောင်းသဘောပေါက်သည်။

"ဟုတ်ကဲ့ပါ အစ်မမိပွေးရော၊ ကျွန်တော် အောင်အောင်ကြိုးစားမှာပါ။ မိန်းမလည်းယူဖို့ အစီအစဉ် လုံးဝမရှိသေးပါဘူး။ ဟဲ ဟဲ အမေတို့၊ အစ်မတို့ကို ပြည့်ပြည့်စုံစုံထားပြီးမှ အိမ်ထောင်ရေးကို စဉ်းစားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



အီးတီက နောက်သလိုလိုနှင့် အတည်ပြောတော့ အစ်မဖြစ်သူက အရယ်တစ်ဝက်နှင့် ထွက်လာပြီး …

"အမယ်လေး … အပြောလေးနည်းနည်းလျော့ပါဦး ငါ့မောင်ရယ်။ အစ်မတို့ကို မပြောပါနဲ့။ ကိုယ့်အမေကို ကိုယ်ပဲ ထားပါဦး။ ကဲကဲ … သွားသွား ကျောင်းနောက်ကျနေဦးမယ်"

"ကဲ … သွားပြီဗျို့"

"ဦးဦး … တာ့တာ"

"တာ့တာ … တာ့တာ"

အီးတီက သမီးလေးဂျမ်းပုံကို 'ရွှတ်ခနဲ' တစ်ချက်နမ်းပြီး ထွက်သွားတာကို မိပွေးက ခပ်ပြုံးပြုံးနှင့် ငေးကြည့်နေမိတော့၏။

* * *



လှိုင်းပွက်သံတချို့နဲ့ တငွေ့ငွေ့ လိုက်စားခံထားရတဲ့
ကျောက်ကမ်းပါးတွေလိုမျိုး
တမင်ထားရစ်ခဲ့တဲ့ သံလွန်စတချို့နဲ့
ရုတ်တရက် အနိထွက်လာတဲ့
သစ္စာခံ တေးသွားတွေကို
အကြွင်းမဲ့ ရှုမိုက်ခဲ့မိသူဟာ
တသွင်သွင်လှုပ်ခါနေတဲ့ ရေမြှုပ်တွေလိုပဲ
လူမသိ သူမသိ ဆုံးပါးသွားရတော့မလား

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ကျောင်းဝကိုရောက်တာနှင့် သူ့အလာကို မျှော်နေသည့်သူမကို အခန့်သင့် တွေ့လိုက်ရတာကြောင့် အခိုက်အတန့်တော့ သူ ကြည်နူးသွားရသည်။

သူ ... သူဆိုတာက အီးတီ။

တကယ်တော့ အီးတီဆိုသည့် အမည်သညာက ဗိုလ်မ၏ ချစ်စနိုးအခေါ်အဝေါ်ရယ်ပါ။

နာမည်အရင်းက သျှိုင်းမောင်မောင်ပါ။

တစ်ရပ်ကွက်လုံး ကတော့ ငယ်နာမည်ဖြစ်သည့် အီးတီဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမည်ကိုပဲ ခေါ်ဝေါ်သုံးစွဲကြ၏။ တချို့ဆို အီးတီနာမည်အရင်းကိုပင် မသိကြ။

မည်သူမဆို ကိုယ့်ချစ်သူက ကိုယ့်အလာကို မျှော်နေတာ တွေ့သည်နှင့် ဝမ်းသာကြည်နူးမိသည်သာ။

ယခု ထိုခံစားချက်မျိုးကို နေ့စဉ် ခံစားတွေ့ကြုံနေရသည့်တိုင် ရိုးသွားသည်ဟု အီးတီ ဘယ်အခါမျှ မခံစားမိ။

ဒါ . . . နံနက်တိုင်း ကြုံဆုံရသည့် မရိုးနိုင်သော ရင်ခုန်မှုတစ်ခုပင် ဖြစ်သည်။

သူမက . . . သူမ သူမဆိုတာက အီးတီ၏ချစ်ရသူ ချစ်သူကလေးဖြစ်၏။

နာမည်က လင်းလက်။ နာမည်နှင့်လူက အလွန်လိုက်ဖက်လှ၏။

သူမကိုတွေ့လိုက်သည်နှင့် လင်းခနဲ ထင်းခနဲ မှတ်မိမြင်တွေ့နိုင်စွမ်း၏။

သူမမှာ အမျိုးအမည်ဖော်ရခက်သည့် ရောင်စဉ်တစ်မျိုးက အလိုလို လင်းလက်နေသည်ဟု တွေးထင်ရ၏။

လူတစ်ယောက်မှာ ကိုယ်ပိုင်အလင်းတစ်မျိုး ရှိသည်ဟု





ဆိုပါက သူမ၏ ကိုယ်ပိုင်အလင်းသည် အဖြူရောင်ပင် ဖြစ်လိမ့်မည်။

အကြောင်းက သူမသည် အဖြူရောင်ကို စိတ္တဇဆန်စွာ ရူးသွပ်လှသူတစ်ဦးဖြစ်သောကြောင့်ပင် ဖြစ်၏။

ထို့ကြောင့်လည်း သူမကို တက္ကသိုလ်ကျောင်းသားကျောင်းသူတိုင်းက Major Queen ဘွဲ့အပြင် အဖြူရောင်နတ်သမီးဘွဲ့ကိုပါ တိတ်တဆိတ် ပေးထားကြ၏။

ဖြူဝင်းသောအသားအရေကို တစ်နေ့တစ်မျိုး မရိုးစေနိုင်သည့် အဖြူရောင်အကျႌ၊ ထဘီ၊ စကပ်၊ ဘောင်းဘီ စသည့် ဒီဇိုင်းလှလှလေးများနှင့် တန်ဆာဆင်ထားတတ်ပြီး သူမ၏ ဦးခေါင်းထက်က ပိတုန်းရောင် ဆံကေသာအပေါ်မှာ အဖြူရောင်နှင်းဆီပန်းတစ်ပွင့်ကို အမြဲလိုလို ပန်ဆင်ထားတတ်သေး၏။

အဖြူရောင် ဘေးလွယ်အိတ်ကလေးနှင့် ခပ်နော့နော့လမ်းလျှောက်ဟန်က သူမ၏ ခြေဖျားလေးတွေကိုပင် ငေးယူရစေသည်။

အကျဉ်းချုံးဆိုရလျှင် လင်းလက်ဆိုသည့် မိန်းမပျိုလေးသည် ကမ္ဘာပေါ်ရှိ အလှဆုံးဆိုသည့် မိန်းမချောလေးတွေထဲမှ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အပါအဝင် ဖြစ်သည်။

ကိုယ်ပိုင်ကားအဖြူရောင်လေးနှင့် ဟန်းဖုန်းကို မကြာခဏ ပြောဆိုနေတတ်သော အဖြူရောင်တစ်မျိုးကိုသာ စွဲမြဲစွာ ဝတ်စားဆင်ယင်တတ်သော မိဘဂုဏ်ရှိန် ချမ်းသာကြွယ်ဝသော စသည့် အကြောင်းအချက်မျိုးစုံတို့ကြောင့်ပင် သူမနာမည်က လိုအပ်သည်ထက် ကျော်ကြားလှသည်။

အီးတီကတော့ သူမနှင့် ဆန့်ကျင်ဘက်ဟုပင် ပြောရမလို ဖြစ်သည်။

အနေအေး စကားနည်းပြီး ပုဆိုးနှင့်ရှပ်အင်္ကျီကိုသာ အမြဲ ဝတ်ဆင်ထားတတ်သော အီးတီပုံစံက ဟောဒီ တက္ကသိုလ်ကြီးထဲမှာ ပြောလောက်စရာမရှိပါ။

မည်သူကမျှလည်း အီးတီကို သတိမထားမိကြပါ။

သူမနှင့် ကြုံမှသာလျှင် အီးတီကို သတိထားမိလာကြခြင်း ဖြစ်သည်။

အမှန်က အချစ်ဆိုသည့်အရာကို အီးတီက နားမလည်နိုင်သလို စိတ်လည်း မဝင်စားမိ။

အီးတီစိတ်ဝင်စားသည်က ကဗျာစာသားတွေနှင့် ဂီတသံစဉ်





တွေပင် ဖြစ်၏။

ပြီးတော့ . . .

ဘဝ။ သူ ဖြတ်သန်းကျင်လည်လာခဲ့ရသည့် ပတ်ဝန်းကျင်မှ မိသားစုကို သူ ဝါသနာပါရာ အနုပညာဖြင့် ဆွဲထုတ်ပြချင်သည်။

ထို့ကြောင့်လည်း အချစ်ကို စကားလုံးတစ်ခုအဖြစ်နှင့်သာ ရိုးသားစွာထားရှိခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

သို့သော် . . .

လူ့လောက လူ့သဘာဝ ထုံးတမ်းအစဉ်အလာအတိုင်း သိပ်မလိုအပ်သည့်အရာတွေက သူ့ထံကို စိုက်စိုက်မြိုက်မြိုက် ရောက်လာခဲ့၏။

"အဖြူရောင် နတ်သမီးလေး"

ဦးနှောက်အသိက သူမကို မချစ်မိဖို့ အကြိမ်ကြိမ် ဖြောင်းဖြ ကြိုးစားခဲ့ပေမယ့် လက်တွေ့မှာတော့ နှလုံးသားက အလဲထိုးပြီး သူ့ဆန္ဒကို သိမ်းပိုက်ရယူသွားခဲ့သည်။

သူ နောက်မှ နားလည်ခံစားမိသည်က ထိုအဖြူရောင် နတ်သမီးလေးသည် နှလုံးသားရဲ့ အဖြူရောင် ဆန္ဒတစ်ခုတင် မဟုတ်ဘဲ သူ့အိပ်မက်၊ သူ့ဘဝ၊ သူ့အချစ် စသည့် သူ့ဘဝ၏ အတော်အရေး



www.burmeseclassic.com

www.burmeseclassic.com



ပါသောအရာအားလုံးကို ပဋ္ဌလက်ဆန်စွာ သိမ်းပိုက်သွားခဲ့ခြင်း ဖြစ်သည်။

နောက်ဆုံးတော့ အချစ်က သူ့ကို ဘဝနှင့်ဆန္ဒကြား ရိုးစင်းစွာ ဗျာများစေခဲ့ပါ၏။

***



## အခန်း (၇)

သူမ။

အဖြူရောင်နတ်သမီးလေးနှင့် စတင်တွေ့ဆုံခဲ့ပုံက အလွန်ရိုးစင်းသော ဇာတ်ဝင်ခန်းတစ်ခုလို။ ဘာမှ ထူးခြားဆန်းပြားမှု မပါဝင်ခဲ့ပေ။

ကျောင်း Wellcome ပွဲတစ်ခုမှာ သူက သူငယ်ချင်း တစ်ယောက်အတွက် Own Tune တစ်ပုဒ် ရေးပေးမိရာမှ အစပြုသည်။

သူရေးပေးသောသီချင်းကို သူငယ်ချင်းဖြစ်သည့် ဖိုးလုံးက Wellcome ပွဲမှာ တက်ဆိုရာ မထင်မှတ်ဘဲ ကျောင်းထဲမှာ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှု ရသွားခဲ့၏။

နောက်တော့ တေးရေးဆရာ "သျှိုင်းမောင်မောင်" အမည်နှင့် သူ့ထံကို သူငယ်ချင်းဖိုးလုံးမှတစ်ဆင့် သူမ ရောက်လာခဲ့၏။

အကြောင်းပြချက်က သီချင်းလေးအရမ်းကောင်းလို့ဆိုသည့် ဝါကျတစ်ကြောင်းနှင့် ဖြစ်ပါသည်။

"ဒီက ကိုသျှိုင်းမောင်မောင်ပါနော်"

"ဟုတ်ပါတယ်"

"ကျောင်း Wellcome ပွဲတုန်းက 'ရင်ခွင်ထဲက လမင်းလေး' သီချင်းရေးတဲ့လူပါနော်"

"ဟုတ် . . . ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ"

သူက စိတ်မရှည်သလို မျက်ခုံးနှစ်ဖက်ကို တွန့်ပြီးဖြေတော့ သူမက သွားဖြူဖြူကလေးတွေပေါ်အောင် သဘောတကျ ရယ်ပြလိုက်သေး၏။

ပြီးမှ –

"ဟွန်း . . . တော်ပါသေးရဲ့။ လင်းလက်က တွေ့မှတွေ့ပါဦးမလားလို့" ဆိုပြီး သက်ပြင်းဖွဖွချရင်းမှ ဆိုသည်။

နောက် သူမကပဲ ဆက်ပြောသည်။





"ကိုသျှိုင်းမောင်မောင်ရေးတဲ့ သီချင်းလေးက အရမ်းကောင်းတာပဲနော်။ တစ်ကျောင်းလုံးက အဲဒီသီချင်းလေးကို ကြိုက်နေကြတာလေ။ အဟဲ . . . လင်းလက်ရောပဲ။ ဪ . . . ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်။ လင်းလက်နာမည်က လင်းလက်ပါ။ Law Finalyear ကပါ"

"ကျွန်တော်လည်း Law Final ကပဲ။ လင်းလက်ကို ကျွန်တော်သိပါတယ်"

"ဟယ် . . . တကယ်၊ လင်းလက်က ကိုသျှိုင်းမောင်မောင်ကို အခုမှကို မြင်ဖူးတာ"

သူမ၏ ရိုးသားပွင့်လင်းသောစကားကြောင့် သူ ပြုံးနေမိ၏။

သူလို အညတရတစ်ယောက်ကို မသိတာ သဘာဝကျပါသည်။

ဒီအတွက် သူမှာ ဘာခံစားချက်မှ မရှိ။ သို့သော် သူမကတော့ သူ၏တုံ့ပြန်မှုအတွက် ကျေနပ်ပျော်ရွှင်နေပုံရ၏။

"ကိစ္စမရှိပါဘူးဗျာ၊ လင်းလက်က ဒီကျောင်းထဲမှာ သတင်းကြီးတဲ့ အလှမင်းသမီးကို။ ကျွန်တော် သိနေတာ မဆန်းပါဘူးဗျာ"

"ဒါနဲ့ စကားမဆပ် . . . ကိုသျှိုင်းမောင်မောင်က"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ... လင်းလက်ခေါ်ရလွယ်အောင် ကိုသျှိုင်းလို့ပဲ နာမ်စားသုံးပါ"

ဟု သူက အဆင်ပြေအောင် ဖြတ်ပြောတော့ သူမက "Thank You" ဟုဆိုကာ ဆက်ပြော၏။

"ကိုသျှိုင်းက အခု ဘယ်သွားမလို့လဲ"

"Canteen ကိုလေ၊ နေ့ခင်းစာသွားစားမလို့"

သူက ဖြေရင်းမှ လက်ထဲက ထမင်းချိုင့်ကိုပါ မြှောက်ပြတော့ သူမက ထုံးစံအတိုင်း ဗိုက်ကလေးကိုပွတ်ပြီး ပွင့်လင်းစွာ ပြောလာပါသည်။

"အဟဲ လင်းလက်လည်း နေ့ခင်းစာ မဝါးရသေးဘူး။ Canteen သွားကြတာပေါ့။ ဟိုကျမှပဲ ကျန်တာဆက်ပြောတော့မယ်။ လင်းလက်ကိုရော ထမင်းကျွေးမှာလား"

"ရပါတယ် Canteen ကတော့ ဝယ်မကျွေးနိုင်ဘူး။ ကျွန်တော့်ထမင်းချိုင့်ထဲကဟာပဲရမယ်။ ဟင်းကတော့ ဘဲဥ တစ်ခွက်တည်းပဲပါမှာ။ လင်းလက်စားနိုင်ရင် စားပေါ့။ ဆန်ကတော့ နည်းနည်းကြမ်းတယ်။ Canteen က မှာမကျွေးနိုင်ဘူးဆိုလို့ တစ်မျိုးတော့ မထင်နဲ့နော်။ အိတ်ထဲမှာ အပြန်ဘတ်စ်ကားခပဲ ကျန်တော့လို့





ပြောတာပါ"

သူကလည်း အရှိကိုအရှိအတိုင်း ပြောလိုက်တာဖြစ်၏။ သူမကတော့ ဘယ်လိုနားလည်သွားသည်မသိ။

"ဩော်" ဟု တစ်လုံးတည်း ရေရွတ်ကာ နှစ်ယောက်သား canteen ကို ထွက်လာကြမိသည်။ နောက်ထပ် ဘာစကားမျှ မဆိုဖြစ်ကာ။

သူမစိတ်ထဲမှာ သူ့ကို တစ်ခုခု ခံစားလိုက်ရ၏။ သေချာတာက မသိမသာ သနားမှုဖြစ်ဖို့များ၏။

အညတရကျောင်းသားတစ်ယောက်နှင့် Canteen ကို အတူတူတွဲသွားသည့် သူမကိုရော သူ့ကိုပါ ကျောင်းသားကျောင်းသူတချို့က စပ်စုသလို မျက်လုံးမျိုးနှင့် သိသိသာသာ ကြည့်နေကြ၏။

ထို့အတွက် နှစ်ယောက်စလုံး၏ရင်ထဲမှာ ဘာခံစားမှုမှ ရှိမနေခဲ့ပါ။

"အဖြူရောင်နတ်သမီးလေး" လင်းလက်၏ရင်ထဲမှာတော့ ဟန်ဆောင်မှုကင်းကင်းနှင့် ကိုယ့်နဲ့ရွယ်တူ မိန်းကလေးတစ်ယောက်ကို အမှန်အတိုင်း ဖွင့်ဆိုရဲသည့် သူ့စိတ်ဓာတ်ကို ကြိတ်ချီးကျူးနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



Canteen အဝင်ဝမှာပင် မျက်လုံးပေါင်းသောင်းခြောက်ထောင်က သူတို့နှစ်ယောက်ကို ဆီးကြိုနေသည်။

ထိုမျက်ဝန်းတွေထဲတွင် တချို့က စပ်စုသလို စူးစမ်းအကြည့်။ တချို့က မယုံကြည်နိုင် သလို အံ့သြအကြည့်။

တချို့က အဖြူရောင်နတ်သမီးလေးနှင့် တွဲလျှောက်လာသည့်သူ့ကို အထင်ကြီးအားကျနေတဲ့အကြည့်။

အဲ ... တချို့အကြည့်တွေက သူ့ကို အထင်သေးသလို ကဲ့ရဲ့ပုံ မတူမတန်အကြည့်မျိုးဖြစ်ပြီး တချို့တချို့တွေကတော့ ဘာသိဘာသာအကြည့်မျိုးတွေ စတဲ့ စတဲ့ အကြည့်တွေကြားမှာ သူမက စိတ်ပျက်သလို ကျွတ်ခနဲ စုပ်တစ်ချက်သတ်လိုက်ပြီး သူကတော့ သက်ပြင်းခပ်သေးသေးလေးတစ်ခုကို စိတ်လိုလက်ရ မျိုချလိုက်မိပါ၏။ (အထက်ပါအကြည့်မျိုးစုံတွေကြားတွင် လင်းလက်ကို ပိုးပမ်းနေသည့် ကျောင်းသားအချို့၏ မလိုတမာအကြည့်များလည်း ပါကောင်း ပါနိုင်ပါသေးသည်။ ဤကား စာရေးသူ၏ စကားချပ်တည်း)

လူလွတ်သည့် ထောင့်ကျကျ စားပွဲဝိုင်းတစ်ခုတွင် သူမ ပုံစံတကျ နေရာယူပြီးချိန်မှာတော့ သူက ပါလာသည့်ထမင်းချိုင့်ကို အဆင်သင့်ဖွင့်ပြီးသား ဖြစ်နေချေပြီ။





သူက ထမင်းနှစ်ချိုင့်ပါသည့်အနက်မှ တစ်ချိုင့်ကို သူမရှေ့ တွန်းပို့ရင်းမှ –

"လင်းလက် ... စားလေ၊ ဗိုက်ဆာနေတာဆို"

"ဩော် ... အင်း အားနာစရာကြီး။ ကိုသျှိုင်းပဲ စားလိုက်ပါ။ လင်းလက်က တစ်ခုခု မှာစားလိုက်ပါ့မယ်။ တော်ကြာ ... ဒီက တစ်ချိုင့်စားလိုက်လို့ မဝဖြစ်နေပါဦးမယ်"

သူမက ထမင်းချိုင့်လေးကို သူ့ရှေ့ပြန်တွန်းပို့လျက်မှ အားနာသလို စကားဆိုရင်း ဝိတ်တာတစ်ယောက်ကို လက်လှမ်းပြလိုက်၏။ ဒါကိုကြည့်ပြီး သူက အတွေးတစ်မျိုးဖြင့် ပြုံးမိ၏။

"ကိုသျှိုင်း ... တစ်ယောက်တည်း ဘာတွေပြုံးနေတာလဲ"

"ဩော် ... ဘာမှမဟုတ်ပါဘူးဗျာ။ သူဌေးသမီးက တကယ်လည်း ဆန်ကြမ်းထမင်းနဲ့ ဘဲဥဟင်းကို မစားနိုင်ဘဲနဲ့လို့ တွေးမိသွားလို့ပါ"

"ဩော် ... ဒါ လင်းလက်ကို အထင်သေးတာပေါ့လေ။ ဒီက ကိုသျှိုင်းမဝဘဲနေမှာစိုးလို့ မစားတာပါနော်၊ တွေ့မယ်" ဆိုပြီး သူမက ထမင်းချိုင့်နှင့်ဇွန်းကို ဆွဲယူပြီး အားရပါးရ ဝါးပါလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူမှာသာ "ဟိုက် ဘယ်လိုဟာမျိုးလေးပါလိမ့်"ဆိုပြီး ဘဲဥဟင်းနှင့် ဆန်ကြမ်းထမင်းကို အားရပါးရ လွေးနေသည့်သူမကို ကြောင်ငေးကြည့်နေမိတော့သည်။

"အဟဲ ... အခုမှ စတွေ့တာဆိုတော့ အားနာပါနာနဲ့ပဲ ... ဟဲဟဲ၊ နောက်တစ်ချိုင့်ပါ ထပ်ဆွဲလိုက်တော့မယ်နော်။ ဒီမှာ အရမ်းစားကောင်းလို့ ကိုသျှိုင်းကတော့ တစ်ခုခုမှာစားလိုက်ပေါ့။ လင်းလက် ရှင်းပါ့မယ် ... ဟဲ ဟဲ"

သူမက ပလုပ်ပလောင်းနှင့် နောက်တစ်ချိုင့်ကိုပါ ယူစားဖို့ ဟန်ပြင်ရင်း သူ့ကိုပြောသည်။

သူမပုံစံက တကယ့်ကို ဖြူစင်ရိုးသား ပွင့်လင်းလွန်းသည့် ကလေးတစ်ယောက် ဟန်ပန်နှင့်မခြား။

"စားပါဗျာ အားမနာပါနဲ့၊ ကျွန်တော်လည်း သိပ်မဆာပါဘူး"

ပြောလို့သာ ပြောလိုက်ရ၏။ သူ့ဗိုက်ထဲမှာ အမေရိကန်နှင့် အီရတ် ဒုံးလွှတ်ပြိုင်ဆိုင်နေကြ၏။

သွားပြီ ... ဒီနေ့အတွက်တော့ ထမင်းငတ်ပြီ။ အရေးထဲ ဝိတ်တာတွေကလည်း ဘယ်ရောက်နေတယ်မသိ။





အဆာပြေ လက်ဖက်ရည်တစ်ခွက်တော့ သူ မှာသောက်မှ ဖြစ်ဦးမည်။

ဆေးပေါ့လိပ်ကတော့ သူ့လွယ်အိတ်ထဲမှာ ပါမည်ထင်ပါသည်။

စက္ကန့်အနည်းငယ် အချိန်ပေးပြီး လွယ်အိတ်ထဲမှာ ရှာလိုက်မှ 'ဦးဘိုးထိုက်' အမည်ရှိ ဆေးပေါ့လိပ် တစ်လိပ် ထွက်လာသည်။ သူက စီးကရက်မသောက်တတ်။ ငွေခြေတာရေးလည်း ပါ၏။

ဒီဦးဘိုးထိုက်ဆေးပေါ့လိပ်က နယ်နယ်ရရတော့ မဟုတ်။ ပဟာဒီမြို့တော် မဟာရန်ကုန်မှာ ငွေဘယ်လောက်ရှိရှိ ဝယ်လို့ရမည် မဟုတ်။

သူ့မှာဖွင့်ဆိုချက် Defination တစ်ခုရှိ၏။

U Boo Htick : Made in Nyunn Oo, distribute in sinbyugyun, this is known as U Boo Htick.

ဒီဆေးလိပ်က ရွာကနေ အမေဗိုလ်က ပို့ပေးနေကြပါ။

"အစ်ကို ... ဘာပေးရမလဲမသိဘူး"

"ဪ ... အေး ကျစိမ့်တစ်ခွက်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဝိတ်တာလေး လှည့်ထွက်သွားတော့ သူမက ပလုပ်ပလောင်းအသံကြီးနှင့်။

"ဟာ ... လက်ဖက်ရည်တစ်ခွက်နဲ့ ကိုသျှိုင်း ဗိုက်ဘယ်ဝပါ့မလဲ။ တစ်ခုခုမှာစားပါ"

"နေပါစေ ... ဒီအချိန်က ထမင်းစားချိန်ဆိုတော့ လူရှုပ်တယ်။ မှာလည်း အတော်နဲ့လာမှာ မဟုတ်တော့ဘူး"

"အဟဲ ... လင်းလက်ကတော့ ဘဲဥဟင်းနဲ့ ဗိုက်ကားသွားပြီ။ ကျေးဇူးပဲ၊ တကယ်စားလို့ကောင်းတယ်။ နောက်လည်း လင်းလက်ကို ကျွေးမှာလားဟင်"

"ကျွေးမှာပေါ့ ... ရပါတယ်"

ဖြေသာ ဖြေလိုက်ရသည်။ မျက်ခုံးကတော့ ခပ်လှုပ်လှုပ်ရယ်။

ဟုတ်တယ်လေ။ ဒီဟာမလေးက တကယ်တီးတာကိုး။ နေ့တိုင်းသာ ထမင်းငတ်နေရရင်တော့ ... အင်း။

သူမ ထမင်းချိုင့်လေးတွေ ဆင့်ပြီးချိန်မှာတော့ မှာထားသည့် ကျဆိမ့်တစ်ခွက်ပါ ရောက်လာ၏။





သို့နှင့် အိပ်ကပ်ထဲက မီးခြစ်နှိုက်ပြီး ဆေးပေါ့လိပ်ကို မီးညှိရှိုက်ဖွာလိုက်၏။

သူက မီးခိုးငွေ့တွေကို အားပါးတရ ရှိုက်ထုတ်ပြီးမှ သူမကို သတိထားမိသွားကာ –

"ဟာ ... sorry နော်၊ ဆေးလိပ်သောက်ချင်လာလို့"

"ရပါတယ် ကိုသျှိုင်းရယ်။ အိမ်မှာလည်း ဖေဖေက ဆေးလိပ်အရမ်းသောက်တာပဲလေ။ ကိစ္စမရှိပါဘူး။ ပြီးတော့ လင်းလက်က အဲဒီမီးခိုးနံ့လေးတွေကို ကြိုက်တယ်"

ဟွန်း ... ဘယ်လိုဟာမလေးပါလိမ့်။ သူများ ထမင်းချိုင့်ကိုလည်း အားရပါးရစားသေးတယ်။ ပြီးတော့ ဆေးလိပ်မီးခိုးငွေ့တွေကိုလည်း ကြိုက်တယ်တဲ့။

ကဲ ... ဘယ့်နှယ်လုပ်မလဲ။ ဒီကောင်မလေးက ခေတ်ရဲ့ အလိုအရ အတော်ရဲတင်းပွင့်လင်းလှ၏။

ဒါပေမဲ့ ... မကလက်။ နုမက အစ်ကိုတစ်ယောက်ကို ပြောဆိုနေသလိုမျိုး။ ရင်းနှီးဖော်ရွေမှုကို အထင်းသားတွေမြင်နေရ၏။

"ဒါနဲ့ စကားမစပ် ... လင်းလက် ကျွန်တော့်ကို ဘာကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာရှိလို့လဲဟင်"

"အဲ ... ဟုတ်ပါရဲ့၊ လာရင်းကိစ္စကို မေ့တော့မလို့"

ကဲ ... ကြည့်ပါလား။ သူမပုံစံက တကယ့်ကို မေ့နေဟန် မျိုး။ တော်သေးတာပေါ့။ သူ သတိပေးမိသွားလို့။

"ဒီလိုပါ လင်းလက်ဖေဖေက Venus မဂ္ဂဇင်းနဲ့ Venus တေးသံသွင်းပိုင်ရှင်ပါ။ နာမည်က ဦးလင်းထက်ပါ။ အလုပ်က အယ်ဒီတာနဲ့ တေးထုတ်လုပ်သူ ဆိုပါတော့"

"ဪ"

"အဲဒါ ... အခု လင်းလက်ရဲ့ အစ်ကိုဝမ်းကွဲတစ်ယောက်က သီချင်းလုပ်ဖို့ စီစဉ်နေတာလေ"

"အဲဒီတော့" ဆိုပြီး သူမကို စကားထောက်ပေးတော့ သူမ က ဆက်ပြောသည်။

"လင်းလက်က Wellcome ပွဲတုန်းက အခွေဖွင့်ပြပြီး ကို ဖိုးလုံးဆိုတဲ့ ကိုသျှိုင်းရဲ့ Own Tune ကို သဘောကျသွားတာ။ ဖေဖေကလည်း အကြိုက်တွေ့နေတာလေ"

သူမ ပြောသမျှစကားတွေကို သူ အခုထိတော့ ဘာတစ်ခု မှ နားမလည်နိုင်သေး။ သူ နားလည်ထားတာတစ်ခုကို ဖွင့်ပြောမိ





၏။

"အခုထိ လင်းလက် ဘာဆိုလိုသလဲ၊ ကျွန်တော်မသိသေး ဘူး။ ဒါပေမဲ့ ကျွန်တော် ဦးလင်းထက်ကိုတော့ သိတယ်၊ လူကိုတော့ မမြင်ဖူးပါဘူး။ နာမည်ကိုတော့ ရင်းနှီးနေတာကြာပါပြီ"

"တကယ် ... ကိုသျှိုင်းက ဖေဖေ့ကိုသိတယ်"

သူမက အံ့ဩသလိုဆိုတော့ သူ ပြုံးလျက်မှ ရှင်းပြလိုက် သည်။

"သိတယ်ဆိုတာက ဒီလိုပါ။ ကျွန်တော်ကလည်း 'ခန့်ခ' ဆိုတဲ့ကလောင်နဲ့ ကဗျာတွေရေးတယ်။ ဆရာလင်းထက်ရဲ့ Venus မဂ္ဂဇင်းမှာ ကျွန်တော့်ကဗျာ အတော်များများပါဖူးတယ်လေ။ အဲဒါ ကြောင့်ပါ"

"ဟာ ... ဘယ်ဆိုးလို့လဲ၊ ကိုသျှိုင်းက တေးရေးဆရာ၊ ကဗျာဆရာပါလား။ အဲဒါကြောင့်လည်း သီချင်းထဲက စကားလုံး တွေက ကြွနေတာ"

"မမြှောက်ပါနဲ့ဗျာ"

"တကယ်ပြောတာပါ။ အခု လင်းလက်လာတာလည်း အဲဒီ သီချင်းကိစ္စပါပဲ။ လင်းလက်အစ်ကိုဝမ်းကွဲက ကိုသျှိုင်းသီချင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ချင်လို့။ ပြီးတော့ နောက်ထပ်သီချင်းတွေလည်း အပ်ချင်လို့တဲ့။ အဲဒါ"

သူမရဲ့နောက်ဆက်တွဲ စကားလုံးတွေကို သူ ကောင်းကောင်း နားမလည်တော့ပါ။

အကြောင်းက သူ ပျော်သွား၍ဖြစ်၏။

"ကိုသျှိုင်း ... လင်းလက်ပြောတာ ရှင်းရဲ့လား"

"ဩော် ... အင်း ရှင်းပါတယ်"

"ဒါဆို ဘယ်ရက်ခေါ်ခဲ့ရမလဲ"

"ဟမ် ... ဘာကို ခေါ်ခဲ့မှာလဲ"

"ဟောတော့ ... ရှင်းပါတယ်ဆို"

"ဒါက ... အဟဲ"

သူမအပြောကြောင့် သူ ရှက်ရယ်ရယ်နေမိသည်။

"လင်းလက်အစ်ကို ကိုမျိုးမင်းက အစ်ကိုသျှိုင်းကို တွေ့ချင်နေတာ။ အဲဒါ စကားပြောဖို့ ဘယ်ရက်ခေါ်ခဲ့ရမလဲလို့ ပြောတာ"

"ဩော် ... ဒါလား။ ပြဿနာမရှိပါဘူး။ ကြိုက်တဲ့ရက်သာ ခေါ်ခဲ့ပါ"

"ဒါဆို ... အိုကေလေ၊ ဒါနဲ့ တစ်လက်စတည်း ပြောရဦး





မယ်။ လင်းလက်နဲ့ကိုသျှိုင်း ဘော်ဒါတွေဖြစ်သွားပြီနော်။ လင်းလက်ကို ခင်တယ်မို့လား"

"အင်း"

သူမအပြောကြောင့် သူက သဘောတကျနှင့် ခေါင်းပါညိတ်ပြလိုက်၏။

"ကဲ ... ဒါဆို လင်းလက် ဒိုးတော့မယ်။ ဒီမှာ လက်ဖက်ရည်ဖိုး ထားခဲ့မယ်နော်။ See you မနက်ဖြန်"

သူမက ပြောပြောဆိုဆိုနှင့် ရှုတ်နောက်နောက်ပုံစံလုပ်ပြကာ ထွက်သွားပါတော့သည်။

"ဟာ ... မဟုတ်တာ၊ နေပါစေ။ ကျွန်တော် ရှင်းပါ့မယ်"

ဘာညာဆိုပြီး ရုပ်ရှင်တွေထဲကလို သူ မပြောလိုက်ပါ။

တော်ကြာ ပြောလိုက်လို့ ဟိုဟာမလေးက ပိုက်ဆံပြန်ယူသွားရင် မခက်ပါလား။

သူမထွက်သွားမှ သူ သတိထားမိသွားသည်။

အားပါးပါး ... ဟုတ်ပါရဲ့။ ဆိုင်ထဲက မျက်ဝန်းတွေက မနည်းပါလား။

ဘာသိဘာသာ အေးအေးဆေးဆေးနေတတ်တဲ့သူ့အဖို့



www.burmeseclassic.com

www.burmeseclassic.com



လူအများက ဒီလို ဂရုတစိုက် ဝိုင်းကြည့်နေပြန်တော့ အနေရခက်တာတော့ သေချာသည်။

သို့နှင့် စားပွဲပေါ်က သူမ,ထားခဲ့သည့် တစ်ထောင်တန် အသစ်ကလေးကို ဆွဲယူလိုက်ပြီး ...

"ညီလေးရေ ... ရှင်းမယ်ဟေ့"

***



## အခန်း (၈)

"တောက် ... ကွာ။ ကိုယ့်အမေအရွယ် မိန်းမကြီးဖြစ်နေလို့၊ ရွယ်တူတခြားလူတစ်ယောက်သာဆို တစ်ခါတည်း ပါးပိတ်ရိုက်ပစ်တယ်"

ရှူးရှူးဒိုင်းဒိုင်း ပြန်လာသည့် ဖိုးထောင်ပုံစံကိုကြည့်ပြီး ဗိုလ်မ စိတ်ပူသွားသည်။

ဒီကောင်ဖိုးထောင်က တော်ရုံတန်ရုံ စိတ်တိုတတ်သူ မဟုတ်။ အတော်သည်းခံတဲ့ကောင်။

ဒီလောက်တောင် ဒေါသထွက်လာတယ်ဆိုတော့ ဖိုးထောင်



www.burmeseclassic.com

www.burmeseclassic.com



အမှားတော့မဖြစ်နိုင်။

ဗိုလ်မက တွေးပြီး မေးဖို့အလုပ် သမီးဖြစ်သူမိစံက ဦးအောင် မေးလိုက်၏။

"အစ်ကိုဖိုးထောင် ... ဘာဖြစ်လာတာလဲဟင်၊ ရန်ဖြစ်လာလို့လား"

"ဘာဖြစ်ရမလဲ ... ဟိုဘက်အိမ်က မကြွမ်းမြင့်ပေါ့"

မကြွမ်းမြင့်အသံကြားတာနှင့် ဗိုလ်မ စိတ်ဝင်စားသွားသည်။

ဟိုတလောကမှ ဈေးထဲမှာ သူ့သားအီးတီအတွက်နှင့် စကားများထားကြသေးသည် မဟုတ်ပါလား။

"ပြောစမ်း ဖိုးထောင် ... အဲဒီကောင်မက ဘာပြောလိုက်လို့လဲ၊ အမေ့ကိုပြောစမ်း"

"သားကိုတော့ တိုက်ရိုက်ဘာမှမပြောပါဘူး။ ဒါပေမဲ့ ... စကားလုံးနဲ့ အပြောခံရတာထက်ကို ခံပြင်းတယ်"

"အေးပါ ... ပြောစရာရှိတာသာ မြန်မြန်ပြောစမ်းပါ"

ဗိုလ်မက စိတ်မြန်သူမို့ ဖြတ်မေးလိုက်၏။

"ကျွန်တော်က လမ်းထိပ်ဆိုင်ကို ခေါင်းလျှော်ရည်ဝယ်သွားဝယ်တာ။ မကြွမ်းမြင့်က ဘယ်ကပြန်လာထယ် မသိပါဘူး။ ကျွန်တော်





ရှေ့ရောက်မှ ထဘီ၊ ဖင်ကုန်းပြီး တံတွေးထွေးသွားတယ်။ ဒီအထိ ကျွန်တော် စိတ်မတိုသေးဘူး။ ဟော ... ကျွန်တော်ဈေးဝယ်ပြီး ပြန်လာတော့ အဲဒီဟာမက တစ်ခါလုပ်သွားပြန်တယ်။ ဒါ ... တမင်သက်သက် ကျွန်တော့်ရှေ့ရောက်မှ တံတွေးထွေးတာ၊ တကယ် လက်ကိုယားနေတာပဲ"

"ဟုတ်တယ် ... ဟုတ်တယ်၊ သမီးလည်း အမေ့ကို ပြောဖို့ မေ့နေတာ။ မနေ့က သမီး ဟင်းခတ်မှုန့်ဝယ်ပြီး ပြန်လာတော့လည်း သမီးကို သူ့စက်ဘီးအစုပ်ကြီးနဲ့ ဝင်တိုးသွားသေးတယ်။ တော်သေးတာပေါ့။ သမီး အရှောင်မြန်လို့။ လမ်းကလည်း အကျယ်ကြီး။ အဲဒါ တမင်သက်သက်လုပ်သွားတာ။ ဟိုဘက်အိမ်က အန်တီဝေတောင် မြင်တယ်"

မိစံကပါ ဝင်ပြောတော့ ဗိုလ်မ အတော်တင်းသွားသည်။ စိတ်ထဲကလည်း ဒီဟာမကို သတိပေးထားမှ တော်ကာကြမယ်ဟု တွေးမိ၏။

"မိစံ ... နင် ငါ့သမီးလုပ်နေပြီး တော်တော်ညံ့တာပဲ။ အဲဒီကတည်းက စက်ဘီးဆွဲလှဲပြီး ပါးစွဲချလိုက်ပါလား"

"ကိုယ့်အမေအရှယ်မို့ မကောင်းတတ်လို့ပါ အမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မိစ်အဖြေစကားကြောင့် ဗိုလ်မက ပြုံးနေ၏။

ပြီးမှ ...

"အေး ... ငါ့သားသမီးတွေ ပါးစပ်က ဒီလိုစကားသံတွေ ထွက်လာလို့ အမေ ကျေနပ်တယ်။ ဒါပေမဲ့ ... သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတွေထဲမှာ ပူဇော်ထိုက်သူကို ပူဇော်တာဟာ မင်္ဂလာပဲတဲ့။ အဲဒါကို နားလည်လား"

"နားလည်တာပေါ့။ အရှင်းကြီးပဲလေ။ ပူဇော်ထိုက်သူကို ပူဇော်မှာပေါ့။ ဒါ ငယ်ငယ်လေးကတည်းက သိပြီးသားဟာကို"

ဗိုလ်မက ဖိုးထောင်အဖြေကို သဘောတကျနှင့် ပြုံးပြုံးကြီး လုပ်ကာ ခေါင်းရမ်းနေတာကြောင့် မိစ်ကပါ ဝင်ပြောသည်။

"အမေဗိုလ် ... အစ်ကိုဖိုးထောင်ပြောတာ မဟုတ်လို့လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ အဓိပ္ပာယ်မပြည့်စုံသေးဘူး။ ပူဇော်ထိုက်သူကို ပူဇော်ခြင်းက မင်္ဂလာမြည်ပေမယ့် မပူဇော်ထိုက်သူကို ပူဇော်မိရင်တော့ အဲဒါ အ,မင်္ဂလာဖြစ်တယ်ဆိုတဲ့ သဘော သက်ရောက်တယ်။ အခု ငါ့သားနဲ့သမီးတို့က ဒီဘီလူးမကြမ်းမြင့်ကို ကိုယ့်အမေအရွယ်ဆိုတဲ့စိတ်နဲ့ သည်းခံလာခဲ့တယ်။ ဒါ ... ဂါရဝတရားထား





ခဲ့တာပေါ့"

ဖိုးထောင်နှင့်မိစ်တို့ကတော့ မအေဖြစ်သူ ဗိုလ်မစကားကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေကြ၏။

"ကိုယ်က ဂါရဝတရားထားပေမယ့် ဒီကောင်မက ကိုယ့်သားသမီးအရွယ်လေးတွေကို လိုက်ပြီး စောင်းမြောင်းပုတ်ခတ်နေတယ်။ ဒါဟာ ပူဇော်ထိုက်သူလား မပူဇော်ထိုက်သူလား စဉ်းစားကြည့်ပေါ့။ ဒီနေ့ အဖြစ်အပျက်မှာ ငါ့သားသည်းခံလာခဲ့တာ။ မှန်တယ်။ ဘာဖြစ်လို့လဲဆိုပေမယ့် ကိုယ်က သားအရွယ်ဆိုပေမယ့် ဒီဟာမက မိန်းကလေး။ မိန်းမနဲ့ယောကျ်ား ပြဿနာတက်ရင် ဘာပဲဖြစ်ဖြစ် ယောကျ်ားလေးက အရှုံးပဲ။ ပြီးတော့ အခုဟာက ကိုယ့်အသားကို လာထိတာလည်းမဟုတ်ဘူး။ သူ့ဘာသာ ဝန်းကြီးနာစွဲနေလို့ တံတွေးထွေးတာ ထွေးစမ်းပါစေ။ သူ့ဘာသာထွေးရင်း အသက်ထွက်သွားလိမ့်မယ်။ ကိုယ်က သွားဒေါသထွက်မိလို့ ဒီဟာမက ကျွန်မ ဟိုဆွဲပါတယ်၊ ဒီဆွဲပါတယ် ထအော်လိုက်လို့ တစ်ခါတည်း အချုပ်ထဲရောက်သွားမယ်။ ဒီကောင်မက ကြောက်စရာကောင်းတယ်။ ရှင်းရှင်းပြောရင် ယုတ်မာတယ်၊ အောက်တန်းကျတယ်။ မင်းတို့အဖေ ပေါက်ကြီး[illegible] တာ အငယ်ဆုံးကောင် အီးတီအသက်နဲ့အမျှပဲ။ အေး သူ[illegible]လေသူ



www.burmeseclassic.com

www.burmeseclassic.com



တောင် ကောင်းကောင်းမနေရဘူး"

"ဘာဖြစ်လို့လဲ အမေဗိုလ်ရဲ့"

ဖိုးထောင်က မသိသလိုမေးတော့ ဗိုလ်မက –

"ဘာဖြစ်ရမလဲ၊ ရပ်ကွက်ထဲမှာ မင်းတို့အဖေက ညကြီး သန်းခေါင် သူ့အိမ်ပေါ်တက်လို့တဲ့။ အဲဒါ ... ငါသိမှာစိုးလို့ သူ့ကို ငွေသုံးသောင်းကျော် ထားရသတဲ့လေ"

ဟု မဲ့ကာရွဲ့ကာ ဖြေလိုက်သည်။

"အမေရယ် ... အဖေက လူအေးကြီးပါနော်"

"အေးလေ ... ဒါ လူတိုင်းသိတာပဲ။ ဒီဟာမအကြောင်း တစ်ရပ်ကွက်လုံးက သိနေတော့ ဘယ်သူက ယုံမှာလဲ။ နောက်တော့ သူပဲ သောက်ရှက်ကွဲတယ်။ တကယ်လို့ ဟုတ်တယ်ဆိုရင်တောင် ဒါ သူပြောရမယ့်စကားလား။ သူကတောင် ဖုံးရဦးမှာ။ ဒါဆို ဒီကောင်မ အဆင့် ဘယ်ရောက်နေပြီဆိုတာ နားလည်ပြီမို့လား"

မိစံကပါ စုပ်တသပ်သပ်နှင့် ဝင်ပြော၏။

"အမယ်လေး ... မကြမ်းမြင့်က အတော်ရွံ့ဖို့ကောင်းတာ ပဲ"

"လူတစ်ယောက်ရဲ့အဆင့်အတန်းက ငွေကြေးချမ်းသာတာ





ဆင်းရဲတာနဲ့ မဆိုင်ဘူး။ အဲဒီလူရဲ့လုပ်ရပ်နဲ့ စကားတွေက ဖော်ပြနေ တာပဲ၊ ဖာသည်မလောက်တောင် ဒီဟာမက အဆင့်မရှိဘူး။ ဖာသည်မ က သူ့ဘာသာ ဘဝအကျိုးအပေးနဲ့ ဝမ်းစာအတွက် အလုပ်လုပ်နေရ တာ။ ဒါပေမဲ့ သူ့လောက် အရှက်မမဲ့ဘူး။ ဒီတော့ သားကြီးဖိုးထောင် က သူ့ကိုတွေ့ရင် ရှောင်သာသွား။ အဲဒါ အကောင်းဆုံးပဲ။ ခွေးရူးနဲ့ ခွေးကောင်းကိုက်ရင် ဘာဖြစ်တတ်လဲ သိတယ်နော်။ မိစံ နောက်တစ် ခါ ကိုယ့်ကို ကိုယ်ထိလက်ရောက် လာစော်ကားရင် ပါးသာဆွဲချပစ်။ မိန်းမချင်းပဲ၊ ဘာမှ ဂရုစိုက်မနေနဲ့၊ ကြားလား"

"ဟုတ်ကဲ့"

ဗိုလ်မက သားသမီးတွေကို ဆုံးမပြီး အိမ်ရှေ့ကို ကော့ကော့ ကော့ကော့နှင့် ထွက်သွားသည်။ ပြီးတော့ ထဘီကို ခပ်တိုတိုပြင်ဝတ် ကာ –

"ဟော့ကောင်မ ဘီလူးမ ... ငါက မကျေနပ်ရင် အဲဒီလူကို တည့်တည့်ပဲ ပြောတတ်တယ်။ စောင်းတာမြောင်းတာ ဝါသနာ မပါ ဘူးဟေ့။ ငါ့သားကို တံတွေးထွေးပြီး ငါ့သမီးကို စက်ဘီးနဲ့ဝင်တိုးတဲ့ ဟာမ။ နောက်တစ်ခါဆို အသေပဲ၊ ဗိုလ်မအကြောင်း ကောင်းကောင်း သိသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မကြြမ်းမြင့်အိမ်ရှေ့တည့်တည့်မှာ အော်ပါလေတော့၏။

"ဗိုလ်မ ... နင် ဘယ်သူ့ကိုပြောတာလဲ"

အိမ်ထဲကနေ မကြြမ်းမြင့်တစ်ယောက်ထွက်လာသည်။ အိမ်အပြင်တော့ ထွက်မလာရဲ။

ပွဲကတော့ ကြမ်းကြလေပြီ။

"ဗိုလ်မရာဇဝင်မှာ တည့်တည့်ပဲ ပြောတတ်တယ်။ နင့်ကိုပြောနေတာ။ ငါ့သားကို တံတွေးထွေးရအောင် နင်က ဘာကောင်မလဲဟ ဟင်"

"ထွေးချင်လို့ထွေးတာ ဘာဖြစ်လဲ"

"ဘာဖြစ်လဲသိရအောင် ငါလာပြီဟေ့"

ဗိုလ်မက ခြံတံခါးဖျက်ပြီး ဝင်မယ်လုပ်တာကြောင့် မိစံနှင့်ဖိုးထောင်က အတင်းဆွဲထားရ၏။

"မလုပ်ပါနဲ့အမေရာ"

"အသာနေစမ်း ... ဒီဟာမက ဒီလိုလုပ်ပေးမှမှတ်မှာ"

ဒီတော့မှ မကြြမ်းမြင့်၏ယောကျ်ား ကိုဆန်ထွန်းတစ်ယောက်အိပ်ရာကနိုးကာ ပြူးပြူးပြာပြာနှင့် ထွက်လာလေ၏။ (မှတ်ချက်။ ကိုဆန်ထွန်းက အလွန်အမင်း အအိပ်မက်သော ယောကျ်ားပျင်းတစ်





ယောက် ဖြစ်၏)

"ဒီမှာ ကိုဆန်ထွန်း ... ကျွန်တော်က ကျွန်တော့်ဘာသာဈေးဝယ်သွားတာ။ အဲဒါကို မကြြမ်းမြင့်က သက်သက်မဲ့ ကျွန်တော့်ရှေ့တည့်တည့်ရောက်မှ ထဘီမ ဖင်ကုန်းပြီး တံတွေးထွေးသွားတာ။ အသွားရောအပြန်ရောပဲ"

"အို ... ဘုရားပေးပေး ကျမ်းပေးပေးပါတော်၊ ကျုပ်ကသတိတောင်မထားမိဘူး။ မျက်စိကလည်း မှုန်တော့ ဘယ်သူမှန်းမသိပါဘူး။ ဒီလိုပဲ ခံတွင်းချဉ်လို့ ထွေးမိသွားတာ နေမှာပါတော်"

ဖိုးထောင်စကားဆုံးတော့ မကြြမ်းမြင့်က ပလီပလာနှင့်ပျာပျာသလဲ ဝင်ပြော၏။

"ဟေ့ကောင်မ ... နင် ပြောင်မညာနဲ့"

ဗိုလ်မက ထပ်အော်တော့ ကိုဆန်ထွန်းက သူ့မိန်းမကိုအတင်းဆွဲခေါ်ပြီး အိမ်ထဲသွင်းနေသည်။

မိန်းမဖြစ်သူစရိုက်ကို သူ အသိဆုံးပဲ မဟုတ်ပါလား။

ဒါကို မကြြမ်းမြင့်က အထဲမဝင်နိုင်သေး။ နှုတ်ခမ်းတလန်ပန်းတလန်နှင့် ရန်တွေ့နေသေးသည်။

"မကြြမ်းမြင့်တဲ့ဟေ့၊ တစ်ကြမ်းပဲရှိတယ်။ ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာမမှန်တာ မပြောဘူးဟေ့။ ငါလာစော်ကားလို့ကတော့ သိကြားမင်းတောင် မရဘူးဟေ့"

"ဟိတ်ကောင်မ ... သတ္တိရှိရင်ထွက်ခဲ့။ အိမ်ထဲကနေ ဖင်ခေါင်းကျယ်မနေနဲ့။ ဗိုလ်မနဲ့ တွေ့ရတာပေါ့"

"မကြွမ်းမြင့်က အဆင့်အတန်းမဲ့ အရှက်မဲ့စွာ ထဘီလှန်ပြီး ယုတ်ညံ့တဲ့စကားလုံးတွေ ဆဲရေးတိုင်းထွာမှုတွေနှင့်အတူ ပြောင်ပလီ ပါတော့သည်။

"ဟဲ့ကောင်မ ... နင့်လင်လေးပြောတာကို ယုံမနေနဲ့။ နင့်လင်လေးက ..."

ဒီအထိတော့ မိစံလည်း ငြိမ်မနေနိုင်တော့။

ဟုတ်တယ်လေ ... တစ်ဖက်က စကားတွေက အတော် မိုက်ရိုင်းရင့်သီးလာပြီကိုး။

သားအမိချင်း ပေးစားပြောဆိုနေတာကိုတော့ မိစံ လက်မခံ နိုင်တော့။

"ဒီမယ် မကြွမ်းမြင့် ... တော်က ကိုယ့်သားသမီးအရွယ် လေးတွေကို ဖက်ပြီး ရန်လည်းမူသေးတယ်။ သားအမိချင်းလည်း ပေးစားသေးတယ်။ ရှင် အောက်တန်းကျလှချည်လား။ မိုက်ရိုင်းလှ ချည်လား"

"ရိုင်းတယ်အေ ... ရိုင်းတော့ဘာဖြစ်လဲ။ မလောက်လေး မလောက်စား ကောင်မကများ"

"တော့်သမီး ကေကြွမ်းထွန်းကိုသာ တော့်လင် ဆန်ထွန်းနဲ့ ပေးစားလိုက်"

"ဟော့ ... တော်ကြစမ်း။ ဘာဖြစ်နေကြတာလဲ။ ရပ်ကွက် ထဲမှာ ဆူညံနေတာပဲ။ အိမ်နီးနားချင်းတွေဖြစ်ပြီးတော့ ... ပြော စမ်း" ဆိုသည့် အသံနှင့်အတူ ရာအိမ်မှူး ကိုတင့်ဇော် ရောက်လာ လေ၏။

"ဘာဖြစ်ရမလဲ ကိုတင့်ဇော်ရယ် ... ဗိုလ်မပေါ့။ ကျွန်မကို အိမ်ရှေ့လာပြီး စော်ကားနေလို့"

ရယ်စရာတော့ အကောင်းသား။

မကြွမ်းမြင့်လေသံက ချွဲပျစ်ပျစ်နှင့် ချက်ချင်းလေသံက ပြောင်းသွားသည်။

ပြီးတော့ သူက အရင်ဦးအောင်တိုင်သည်။

"ဟိတ်ကောင်မ ကြွမ်းမြင့် ... ဘယ်သူကမှ သက်သက်မဲ့ စ,မစော်ကားဘူးဟေ့။ ဗိုလ်မ မဟုတ်မခံတတ်တာ ဟောဒီလိုရပ်







www.burmeseclassic.com

www.burmeseclassic.com



ကွက်လုံး အသိပေါ့။ နင် ငှါသားကို တံတွေးနဲ့ထွေးပြီး ငှါသမီးကို စက်ဘီးနဲ့ဝင်တိုက်တာ။ ပြီးတော့ အီးတီနဲ့ ငှါအကြောင်းကို မဟုတ်တရုတ် သတင်းတွေဖြန့်တာ။ သွားလေသူ ပေါက်ကြီးတောင် အငြိမ်မနေရဘူး။ သူ့အိမ်ပေါ်တက်လို့တဲ့ အရပ်ကတို့ရေ''

ဗိုလ်မက ရာအိမ်မှူး ကိုတင့်ဇော်ကို ပြောရင်းမှ အရှိန်ပါလာပုံရ၏။

လက်ဟန်ခြေဟန်တွေနှင့် အရပ်ကိုပါ တိုင်တည်နေ၏။

''မဟုတ်ရပါဘူး ကိုတင့်ဇော်ရယ်။ ကျွန်မဖြင့် တံတွေးတောင် မထွေးမိပါဘူးတော်။ ဘုရားစူးရစေရဲ့ ကျွန်မဟုတ်ရိုးမှန်ရင် မြင်တဲ့သူရှိမှာပေါ့''

''ခင်ဗျား မပလီနဲ့။ အစတုန်းက ထွေးချင်လို့ထွေးတာတဲ့။ သူ့ယောကျ်ားရှေ့ကျ မမြင်လို့ ထွေးမိတာတဲ့။ အခု ကိုတင့်ဇော်ရှေ့ကျ ထွေးကို မထွေးမိပါဘူးတော်တဲ့။ ခင်ဗျား အတော်တတ်နိုင်တဲ့ မိန်းမပဲ''

ဒါ . . . မျက်မြင်သက်သေမရှိမှန်းသိလို့ ဒင်း သက်သက်ပြောတာမှန်း ဗိုလ်မ ကောင်းကောင်းသိသည်။

ဗိုလ်မပြောမလို့ ဟန်ပြင်လိုက်စဉ် ကိုတင့်ဇော်စကားကြောင့်





မပြောဖြစ်လိုက်။

''ကဲ တော်ပြီ . . . မကြွမ်းမြင့် အထဲဝင်တော့။ ကိုဆန်ထွန်းခေါ်သွား။ ဖိုးထောင်နဲ့မိစံ မင်းတို့အမေကို အိမ်ထဲခေါ်သွားစမ်း။ တစ်ရပ်ကွက်သားချင်းတွေဟာကို''

ဗိုလ်မတို့အိမ်ထဲကို ရာအိမ်မှူး ကိုတင့်ဇော်ပါ လိုက်လာခဲ့၏။ ဖိုးထောင်က –

''ဒါ သက်သက်မဲ့ လာစော်ကားတာဗျ'' ဟု မကျေမနပ်နှင့်ဆိုတော့ ကိုတင့်ဇော်က အသာလက်ကာပြပြီး –

''ငါသိပြီးသားပါကွာ။ မကောင်းတတ်လို့ ငါဘာမှမပြောခဲ့တာ။ ဒီရပ်ကွက်ထဲမှာ မကြွမ်းမြင့် ဘယ်လိုမိန်းမစားလဲဆိုတာ လူတိုင်းသိတယ်။ အေး . . . မင်းက ယောကျ်ားလေး။ ဝင်မပါနဲ့၊ ကြားလား။ ဘယ်သူ့အလွန်ဆိုတာ ငါသိတယ်။ ဗိုလ်မကလည်း စိတ်လျှော့''

''အို . . . ကျွန်မအကြောင်းလည်း ကိုတင့်ဇော်သိပါတယ်။ ဗိုလ်မက သူများလည်း ဘယ်တော့မှ မစော်ကားဘူး။ ကိုယ့်လာစော်ကားရင်လည်း လုံးဝမရဘူး။ ဒီကောင်မ နောက်တစ်ခါ လာစော်ကားလို့ကတော့ အသေပဲမှတ်''



www.burmeseclassic.com

www.burmeseclassic.com



ကိုတင့်ဖော်တစ်ယောက် ဗိုလ်မကို အကြောင်းသိမို့ ထူးပြော မနေတော့ဘဲ အသာနှုတ်ဆက် ထွက်လာခဲ့ပါတော့သည်။


* * *

အတွေးတွေနဲ့
စိတ်ကူးတွေကို ထွန်းညှိ
အိပ်မက်တချို့ကို ပုံဖော်
ငါ့ရဲ့အောင်မြင်မှု မနက်ဖြန်တွေမှာ
အပင်ကို အမြိုပြုတာတ်တဲ့
နွယ်တစ်ပင်လိုလည်း မဖြစ်လို
ကိုယ့်ခြေပေါ်ကိုယ်ရပ်
မနက်ဖြန်တိုင်းရဲ့ ငါ့အနာဂတ်မှာ
ဂုဏ်သတင်း မွှေးကြိုင်လို့
ငါ့ရနံ့တွေ လှိုင်ရမယ်ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ဇူလိုင်လ၏ ခြေခင်းလက်ခင်းသာသော နေ့တစ်ရက်မှာ သူရှိရာ canteen ထဲသို့ အဖြူရောင်နတ်သမီးလေးတစ်ပါးနှင့်အတူ အီမိုကေနှင့် စမတ်ကျကျ ပုဂ္ဂိုလ်တစ်ယောက်ပါ ပြုံးဆင်းလာခဲ့လေ၏။

ဟိုတစ်နေ့က လင်းလက်ပြောပုံအရ ထိုပုဂ္ဂိုလ်ဟာ သီချင်းဝယ်ချင်သည့် သူမ၏အစ်ကိုဝမ်းကွဲ ကိုမျိုးမင်းဆိုသူမှလွဲပြီး တခြားသူ မဖြစ်တန်ရာ။ သူထင်သည့်အတိုင်းပါပင်။

"ကိုသျှိုင်း ... ဒါ ကိုမျိုးမင်း။ လင်းလက်ရဲ့အစ်ကိုဝမ်းကွဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်" ဆိုပြီး အပေါ်စား မြန်မာရုပ်ရှင်ဝတ္ထုတွေကလို သူ လက်ဆွဲနှုတ်မဆက်လိုက်ပါ။ ပြုံးရုံပဲ ပြုံးပြလိုက်သည်။

"ဟုတ်ကဲ့ . . . လင်းလက်ကလည်း ဒီကကိုသျှိုင်းကို ပြောထားပြီးသား ဖြစ်မှာပါ။ ကျွန်တော် ကိုသျှိုင်းသီချင်းလေးကို ကြိုက်တယ်။ အနုပညာကြေးလည်း မနည်းစေရပါဘူး။ နောက်ထပ် သီချင်းတွေလည်း အပ်ချင်ပါတယ်။ Pop နဲ့ slow rock အမျိုးအစား ပုံစံလေးတွေပေါ့ဗျာ"

"ကိုသျှိုင်း . . . အဆင်ပြေပါတယ်နော်။ ရေးပြီးသားတွေရှိရင်လည်း ကိုမျိုးမင်းကို ပြကြည့်ပါလား"

လင်းလက်က ဝင်ပြောမှ သူ ယောင်ယမ်းပြီး ခေါင်းညိတ်ပြလိုက်မိသည်။

လင်းလက်ပုံစံက သူ့ကို အဆင်ပြေစေချင်မှန်း ပေါ်လွင်လှ၏။

"ဒါ . . . စရန်သဘောပါ။ ကိုသျှိုင်း အဆင်ပြေတဲ့တစ်ရက်ကျ သီချင်းတိုက်ကြည့်ကြတာပေါ့"

ကိုမျိုးမင်းက စားပွဲပေါ်ကို ငါးထောင်တန်တစ်အုပ် တင်ရင်းမှ





စကားဆိုသည်။

"ဟုတ်ကဲ့ပါ။ ကျွန်တော့်မှာ ရေးပြီးသားသီချင်းတွေ အတော်များများ ရှိပါတယ်။ တေးရေးဆရာ/ကဗျာဆရာဆိုတာ ကျွန်တော့်ရဲ့ အဖြစ်ချင်ဆုံး အိပ်မက်တွေပါ။ ဒီအတွက်လည်း ကိုမျိုးမင်းနဲ့ လင်းလက်တို့ကို ကျေးဇူးတင်ပါတယ်"

"ဟာ . . . မဟုတ်တာ ကိုသျှိုင်းရဲ့။ ထင်ပေါ်ရင် စင်တော်က ကောက်ဆိုသလိုပေါ့၊ ကိုသျှိုင်းအရည်အချင်းရှိလို့ တော်လို့ပါနော်။ လင်းလက်တို့နဲ့ ဘာမှမဆိုင်ပါဘူး"

"ဒီ . . . ဒီပိုက်ဆံတွေက"

"ဪ . . . ဒါလား။ အလုပ်သဘောအရ စရန်ပေးတာပါ။ နည်းများနည်း"

"ဟာ . . . မဟုတ်ပါဘူးဗျာ"

"ဒါဆို နောက်မှတွေ့တာပေါ့။ ကိုယ် ကိစ္စလေးရှိသေးလို့ လင်းလက် သွားမယ်နော်"

ပြောပြောဆိုဆို ကိုမျိုးမင်းက နှုတ်ဆက်ထွက်ခွာသွားတော့ လင်းလက်က စကားစသည်။

"ဟဲဟဲ . . . အလုပ်အဆင်ပြေသွားပြီဆိုတော့ လင်းလက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုသျှိုင်း ဘာကျွေးမှာလဲ''

ဟာ ... ခက်တော့ခက်နေပြီ။ ဒီကောင်မလေးက သူနှင့်တွေ့တာနဲ့ စားဖို့ပဲ သိပုံရသည်။

''စားမျာ၊ ကြိုက်တာသာ မှာစား။ ဒီနေ့တော့ ဘတ်စ်ကားခ တင်မကဘူး Taxi ခပါပါတယ်'' ဆိုပြီး ပိုက်ဆံတစ်ထပ်ကို မျက်စပစ်ပြရင်း သူက အရွှန်းဖောက်တော့ သူမက ကလေးတစ်ယောက်လို ဟက်ဟက်ပက်ပက် ရယ်မောနေ၏။

''ဒါပေါ့လေ ... ပိုက်ဆံအထပ်လိုက်က ရှေ့မှာရောက်နေပြီဆိုတော့ ပြောအားရှိပြီပေါ့နော်''

သို့သော် ...

ထိုနေ့က အဖြူရောင်နတ်သမီးလေးသည် canteen မှ ဘာတစ်ခုမှ မှာမစားပါ။

အီးတီပါလာသည့် ထမင်းချိုင့်ကိုသာ ဒုတိယအကြိမ်မြောက် မက်မက်စပ်စပ် ယူစားလေ၏။ ဟင်းကတော့ ထုံးစံအတိုင်း ဘဲဥဟင်း။

သူကတော့ ထမင်းပေါင်တစ်ပွဲမှာကာ ဗိုက်ဖြည့်လိုက်၏။ ထုံးစံအတိုင်း မျက်လုံးပေါင်းများစွာတို့က သူတို့နှစ်ယောက်ထံမှ သိသိ





သာသာ ရှာသွန်းချနေ၏။

သူ့စိတ်ထဲမှာ တစ်ခုခု ခံစားလိုက်ရပေမယ့် သူမကတော့ ဘယ်သူ့ကိုမျှ သတိမထားမိသလို ဂရုပြုဟန်လည်း မရှိပေ။

သေချာတာတစ်ခုကတော့ မထင်မှတ်ပါပဲ သူတို့နှစ်ယောက်ကို ကံကြမ္မာက ရင်းနှီးမှုတစ်ခုကို ပက်ပက်စက်စက် ချပေးလိုက်ပြီဖြစ်သည်။

ထိုနေ့က လေပြင်းတချို့ တိုက်ခတ်မသွားသလို လျှပ်စီးမိုးကြိုးများနှင့် မိုးများလည်း မရွာသွန်းခဲ့ပေ။


တကယ်မိုးကြိုးပစ်။ နေသာသော သောကြာနေ့တစ်နေ့အဖြစ် သိက္ခာရှိစွာတည်ရှိနေခဲ့ပါ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



အချစ်က

တို့နှစ်ယောက်ရဲ့ကြား

ခပ်ပါးပါးလေး ကာရံထားတဲ့

ကဗျာတစ်ပုဒ်လား ..။

အပြာရောင်သံယောဇဉ်တချို့နဲ့

ပျာယာခတ်နေရတဲ့ ကပိုကရို

ရက်ပေါင်းများစွာအတွက်...

တွေ့ခွင့်မရှိတဲ့နေ့တချို့မှာ

နေမထိ ထိုင်မသာ...

ဒါဟာ ဖြစ်လေ့ဖြစ်ထရှိတဲ့

အချစ်ဇာတ်ဝင်ခန်းတစ်ခုများလား...။

နှလုံးသားရဲ့အဖြူရောင်အတ္တနဲ့


တားမြစ်အိပ်မက်ပန်းသီးတစ်လုံးကို

အလိုလို စဉ်းစားခန်းဝင်မိသွားတဲ့အခါ

ငါဟာ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ဒီနေ့ဟာ ရာသီဥတုသာယာမှုတသည့် စနေတစ်ရက်မို့ လင်းလက်တစ်ယောက် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိနှင့် ပျင်းနေမိသည်။

အရင်ဆိုရင်တော့ ဒီလိုကျောင်းပိတ်ရက်တွေမှာ shopping ထွက်ခြင်းဖြင့် အချိန်ဖြုန်းလေ့ရှိသည်။

ဒီနေ့တော့ စိတ်က အဖြေရှာ မရဘဲနှင့် မလန်းဖြစ်နေသည်။ အပြင်ကိုလည်း ထွက်ချင်စိတ်မရှိ။

သို့နှင့် နီးစပ်ရာစာအုပ်စင်မှ စာအုပ်တစ်အုပ်ကို ဆွဲယူပြီး



www.burmeseclassic.com

www.burmeseclassic.com



ဟိုလှန်ဒီလှန် လုပ်နေမိသည်။

စာအုပ်က မင်းသား မင်းအုပ်စိုးထုတ်ဝေသည့် အလင်းအိမ် စာပေထုတ်ဝေရေးမှ သရုပ်မဂ္ဂဇင်း ဖြစ်၏။

စာမျက်နှာတစ်ခုအရောက်တွင် –



## ဝိရောဓိလား ဝိမုတ္တိလား

ဟိုမှာကြည့်စမ်း . . . မိုးတိမ်တွေ
အဲဒါ မိုးတိမ်တွေ မဟုတ်ဘူး
တကယ်တော့ . . . မိုးတိမ်တွေပါ။
သူဟာ ဘယ်လိုလူမျိုးလဲကွယ်
ကမ္ဘာကြီးကို ချစ်ပါတယ်တဲ့
အချစ်အကြောင်း လုံးဝ မဟာရသေးတဲ့ကဗျာ
လရောင်ရဲ့အခင်းအကျင်းမှာ မျှော်ဝင်
အိတ်ကပ်ထဲမှာ ခြူးတစ်ပြားမှမရှိတာ ကဗျာဆရာတဲ့လား။
တန်ဆောင်မုန်း တန်ဆောင်တိုင် နေ့ညများ
ဓာချို ပြာလှဲ့လို့ လှကြွနေတယ်
တားမြစ်ထားတဲ့ အိပ်မက်တွေ အငမ်းမရ ဖက်လိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ဘာပြောမလဲ
ဒါ . . . လွမ်းစရာလား။
မသိချင်တာတွေ သိနေရတဲ့ကမ္ဘာ
မကြားချင်တာတွေ ကြားနေရတဲ့ကမ္ဘာ
သိချင်တာတွေ မသိနေရ
ကြားချင်တာတွေ မကြားနေရ
အိမ်ပြန်ချိန်တွေ ပရမ်းပတာနဲ့နောက်ကျ
သူ နေမှကောင်းရဲ့လား။
ဟင့်အင်း . . . မသိရဘူး။
ဒါ . . . လွမ်းစရာတဲ့လား။
အခိပ္ပာယ် အကြီးကြီးတွေက
အခိပ္ပာယ်သေးသေးလေးတွေကို
ဝါး . . . မြို။
အဲဒါ . . . လွမ်းစရာတဲ့။
ဟိုမှာကြည့်စမ်း . . . မိုးတိမ်တွေ
အဲဒါ . . . မိုးတိမ်တွေမဟုတ်ဘူး
တကယ်တော့ . . . မိုးတိမ်တွေပါ။

အထက်ပါကဗျာလေးကိုဖတ်ပြီး လင်းလက်တစ်ယောက် ငြိုးနေမိ၏။

တိုက်တိုက်ဆိုင်ဆိုင် ကိုသျှိုင်းရဲ့ကဗျာလေးနဲ့မှ တည့်တည့်တိုးမိသည်။

အခုမှ မဆီမဆိုင် သူ့ကို သတိရမိသွားသည်။ လင်းလက်ရင်ထဲမှာ သူစိမ်းယောကျ်ားတစ်ယောက်ကို သတိတရ ဖြစ်မိတာဒါ ပထမဆုံးအကြိမ်ပဲဖြစ်သည်။

ဒီအတွက်လည်း သူမကိုယ်သူမ အံ့သြလို့မဆုံး။ ငါဘာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာပါလိမ့်နော်။

သူကဗျာလေးကို လင်းလက် ကောင်းကောင်းနားမလည်နိုင်ပေမယ့် သူဟာ ဆင်းရဲသားလူတန်းစား ကဗျာဆရာ/ဝေးရေးဆရာဆိုတာ။

ရည်မှန်းချက်ကြီးကြီးနဲ့ ဘဝကို ဖြတ်သန်းပြီး အချစ်ကို မေ့ထားတဲ့ အနုပညာသမားတစ်ယောက်ဆိုတာကိုတော့ သူကဗျာလေးထဲမှ စာသားတချို့ကြောင့် ခပ်ရေးရေးသဘောပေါက်မိပါသည်။

ထိုသို့ အတွေးမျက်နှာဖြူလုပ်ရင်း (နယ်ချဲ့) မှ ကိုသျှိုင်း၏ ရိုးသားတည်ကြည်တဲ့မျက်ဝန်းတွေနှင့် စကားသံတချို့ကို ကြားယောင်နေမိသည်။

သူဟာ ဟန်ဆောင်မှုကင်းတဲ့ ပွင့်ပွင့်လင်းလင်း လူငယ်တစ်ယောက်ပါ။

သူ့မျက်နှာမှာ လောဘအရိပ်အယောင် စိုးစဉ်းမျှမရှိ ကြွားဝါမှုဆိုတာ ဝေးရော။

လင်းလက်က သူမကိုလိုက်နေသည့် ပုရိသများစွာတွေနှင့် သူ့ကို ယှဉ်ကြည့်နေမိသည်။

သူမအချစ်ကို ရဖို့အတွက် တချို့က တန်ဖိုးကြီးပြိုင်ကား





အကောင်းစားကို ဟန်ရေးတပြပြ၊ ဟန်းဖုန်း တဝွမ်ဝွမ်နှင့် ဟန်ရေးပြ ကြွားဝါပြီး သူမ၏အထင်ကြီးမှုမှတစ်ဆင့် အချစ်ကို ရယူဖို့ ကြိုးစားကြသည်။

တချို့က ရင်းနှီးမှုရယူပြီး လစ်ရင်လစ်သလို အခွင့်အရေးယူကာ သူမကို ရည်းစားစကားပြောဖို့ ကြိုးစားကြသည်။

သည်လိုယောကျ်ားမျိုးတွေကို လင်းလက် လုံးဝစိတ်မဝင်စား။ အထင်လည်း မကြီးမိ။

ပြီးတော့ . . . ငွေကြေးဥစ္စာဆိုတာက သူမအတွက် လုံးဝအရေးမကြီး။ မက်လည်း မမက်မော။

သူမလက်ထပ်မည့် ယောကျ်ားဟာ ဆင်းရဲတာ ချမ်းသာတာနှင့် လားလားမှ မပတ်သက်။

အဓိကအချက်က သူမရင်ခုန်ဖို့။ ပြီးတော့ . . . သူမရဲ့ အထင်ကြီးအားကိုးမှုနှင့် သူမအပေါ် သစ္စာရှိရှိ ရိုးရိုးသားသား မြတ်နိုးသူသာ ဖြစ်ရမည်။

ဒါ . . . သူမရင်ထဲက နှလုံးသားနှဲ့ဦးနှောက်တို့၏ အချိုညီညီ ဆုံးဖြတ်ချက်တစ်ခုလည်းဖြစ်၏။

သူမ ယခုအချိန်ထိ နည်းမျိုးစုံနှင့် ချဉ်းကပ်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတိုင်းကို ရင်မခုန်သေး။

ဒါဆို သူ့ကိုရော။ အတွေးနှင့်ပင် သူမ ရှက်နေမိသည်။

အို ... ကိုသျှိုင်းက ငါနဲ့ဘာဆိုင်လို့လဲ။ ရိုးရိုးသားသား သူငယ်ချင်းတွေပဲဟာကို။

သူမ ခံစားချက်ကို သူမဘာသာ နှစ်သိမ့်ခဲ့ရတာလည်း အကြိမ်ကြိမ်။

မရှက်မကြောက် ဝန်ခံရလျှင်တော့ သူမ ကိုသျှိုင်းကို အချစ် ဟုခေါင်းစဉ်တပ်ခွင့် မရှိရင်သာနေ စိတ်ဝင်စား မှုနှင့် ရင်ခုန်မှုတို့ကို တော့ သူမ ခံစားရသည်။

သူနှင့်တွေ့နေချိန် စကားပြောနေရချိန်တွေမှာ သူမ ပျော်နေ မိသည်။

ပြီးတော့ ... သူနှင့်တွေ့တိုင်း အစ်ကိုတစ်ယောက်လို ရဲရဲတင်းတင်း ဆိုးချင်နွဲ့ချင်နေမိသည်။

မကောင်းတတ်၍သာ စိတ်ကို ချိုးနှိမ်ထားရသည်။ ဒါကြောင့် လည်း သူ့ထမင်းချိုင့်ကို ပိုင်ပိုင်စီးစီး ယူစားမိတာ ဖြစ်မည်။

ထိုတဲဥပဟင်းနှင့် ဆန်ကြမ်းထမင်းကို သူမတစ်သက် တစ်ခါ မျှ အနံ့မခံဘူးခဲ့။





အခုမှ။ ထိုအရသာကို နတ်သုဒ္ဓါနှင့်ပင် သူမ မလဲနိုင်ပါ။ ဒါကြောင့်လည်း နောက်တစ်ခါ ထပ်စားမိတာပေါ့။

အခုလည်း သူမ သူ့ကို တွေ့ချင်နေမိသည်။ အကြောင်း ပြချက်က ဘာရယ်မဟုတ် စကားပြောချင်ရုံသာ။

ဒါ ... ဘယ်လိုခံစားမှုမျိုးလဲ။ ရုပ်ရှင်ဝတ္ထုတွေထဲက လို စိတ်ကူးယဉ်ဆန်ဆန် ချစ်မိသွားတာမျိုးလား။

ဒါဆို ဖေဖေကရော သူနှင့် သဘောတူနိုင်ပါ့မလား။ ဘုရား ဘုရား ... ငါ ဘာတွေ တွေးနေမိပါလိမ့်။

ဖေဖေ ... ဖေဖေဆိုလို့ ဟိုတစ်လောက သီချင်းကိစ္စနှင့် ပတ်သက်ပြီး သူမ ကိုသျှိုင်းအကြောင်းပြောမိကြသေးသည်။ အဲဒီ တုန်းက –

"ဟာ ... ဟုတ်လား။ သမီးသူငယ်ချင်းမောင်သျှိုင်းက ကဗျာဆရာ ခန့်ခလား။ ဒါဆို ဖေဖေသိတာပေါ့။ လူချင်းသာ မတွေ့ ဖူးသေးတာ။ မဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာ ဖေဖေ သူ့ကဗျာလက်ရာ တွေကို သတိထားဖတ်မိတယ်။ ဒီလူငယ်လေးက ကလောင်လက် သစ် ကဗျာသမားလေးဆိုပေမယ့် ဖေဖေ သူ့ကဗျာလက်ရာတွေကို ကြိုက်တယ်။ စကားလုံးရွေးသုံးတာလည်း ပိပိရိရိ သေသေသပ်သပ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကျစ်ကျစ်လျစ်လျစ်ရှိတယ်။ ပြီးတော့ လှတယ်။ သူ့ကဗျာတွေက မသိရင် ဝါရင့်ကဗျာဆရာကြီးတွေအတိုင်းပဲ" ဟု ဖေဖေက စိတ်ပါလက်ပါ ပြောပြသေးသည်။

ဘာပဲဖြစ်ဖြစ်ပါလေ။ သူမ ကိုယ့်ခံစားချက်ကို ကိုယ်မညာချင်တော့ပါ။

ကိုသျှိုင်းနှင့် ရင်းရင်းနှီးနှီးနေချင်သည်။

အခုတောင် ကျောင်းဝန်းထဲမှာ တချို့ကျောင်းသားကျောင်းသူတွေက သူမနှင့်ကိုသျှိုင်းကို ဘာလိုလို ညာလိုလို ပြောဆိုနေကြသည်။

တခြားသူတစ်ယောက်ယောက်နဲ့သာဆို သူမ ဒေါသဖြစ်မိမှာ သေချာသလောက်ရှိ၏။

အခုတော့ ဒီသတင်းကိုပင် သူမက သာယာချင်သလိုလိုဖြစ်နေမိ၏။

ဒါ ... ဘာခံစားချက်လဲ။ သူမ ဆက်မတွေးချင်တော့တာနှင့် အတင်းမျက်စိစုံမှိတ် အိပ်ပစ်ဖို့ ကြိုးစားပါလေတော့သည်။

***



## အခန်း (၁၁)

ဗိုလ်မစိတ်ကို အတော်ချုပ်တီးနေရတာ အချိန်ကာလ ကြာမြင့်လှပြီဖြစ်သည်။

ဒီကောင်မဘက်က အတော်လွန်ကျူးနေပြီဖြစ်၏။

ဒီကောင်မဆိုသည်က တခြားသူဟုတ်ရိုးလား။

ဗိုလ်မ၏အချစ်တော် မျက်နှာချင်းဆိုင်အိမ်မှ ဘီလူးမမကြမ်းမြင့်ပဲပေါ့။

ယောက်ျားဖြစ်သူ ကိုဆန်ထွန်းနှင့် သမီးဖြစ်သူ ကေကြွင်းထွန်းတို့က ကိစ္စမရှိ။ သူ့လမ်း သူသွား။ ကိုယ့်လမ်းကိုယ်သွား



www.burmeseclassic.com

www.burmeseclassic.com



ဘာပြဿနာမှမရှိ။ ပြဿနာက မကြွမ်းမြင့်။

ဒင်းက ...တွေ့ရင်တွေ့သလို စောင်း၏၊ မြှောင်း၏၊ ချောင်း၏။

ဖိုးထောင်နှင့် လမ်းမှာတိုးရင် တမင် တံတွေး ထွေးမြဲထွေး၏။

ကိစ္စမရှိ။

ဖိုးထောင်က အမေဗိုလ်စကားကြောင့် အရေးမလုပ်။

စိတ်ထဲမှာ မကြွမ်းမြင့် သေပြီလို့ သဘောထားကာ မေ့ထားလိုက်၏။

သမီးဖြစ်သူ မိစံ နှင့် ကြိုလျှင် ခြေဆောင့်ပြသည်။

အနားမှာ ဘယ်သတ္တဝါမှ မရှိပါဘဲ ...ဟဲ့ ကြက်မဘာညာဆိုပြီး ရန်စသေး၏။

မိစံကလည်း အမေဗိုလ်စကားကြောင့် မိမိအသားနှင့် မိမိနာမည် တိုက်ရိုက်မပါသရွေ့ ကြိတ်မှိတ်သည်းခံထား၏။

အိမ်ချင်း မျက်နှာချင်းဆိုင်မို့ နေ့စဉ်နှင့်အမျှ စောင်းမြောင်းပြောဆိုနေတာကို နားမဆံ့အောင် ကြားနေရ၏။

ဒီဘက်အိမ်မှာ ပူညံပူညံ အသံကြားတာနှင့် မကြွမ်းမြင့်က





တစ်ယောက်တည်း အကြောင်းမဲ့သက်သက် အရှူးမတစ်ယောက်လို ဟီးလေးဟားလေး တိုက်နေတာမျိုးကတော့ ဗိုလ်မအဖို့ ရိုး ဟိုး နေချေပြီ။

ဗိုလ်မက သည်းခံနိုင်သ၍ သည်းခံနေခဲ့သည်။ အတိုင်းထက် လွန်လာလျှင်တော့ မည်သို့ဖြစ်လာမည် မပြောတတ်ပေ။

သို့နှင့် ဗိုလ်မက အဲဒီမိန်းမအခွက်ကို မကြည့်ချင်ဟုဆိုကာ မျက်နှာချင်းဆိုင်ဖြစ်နေသည့် ခြံရှေ့တံခါးကို အသေပိတ်ကာ တခြားဘက်သို့ တံခါးဖောက်ထားလိုက်၏။

ယခုမူ မျက်နှာချင်းဆိုင်အိမ် မဟုတ်တော့။ ဗိုလ်မက ပြဿနာကို အေးအေးဆေးဆေး ရှောင်ကျဉ်နေပါသော်လည်း ထုံးစံအတိုင်း ကိုပြဿနာက မုဆိုးမဗိုလ်မကို မဟာတရားအတင်း အဓမ္မပေါင်းဖက်လာပါလေတော့သည်။

တစ်နေ့ ရပ်ကွက်ထိပ်ရှိ တစ်ခုတည်းသော ပုံကျစျေးလေး ထဲမှာ ဖြစ်၏။

အချိန်အားဖြင့် နံနက် ဆယ်နာရီခန့်ရှိပြီဖြစ်သည်။

ယခုအချိန်အထိ ဗိုလ်မ တို့ဟူးဗန်းလေးထဲမှ တို့ဟူးခွေ က တစ်ဝက် မကျိုးချင်သေး။



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုရင်း အဓိကအချက်က ဒီနေ့ ဗိုလ်မဈေးရောင်း မကောင်း။

ထို့ကြောင့် ဗိုလ်မ စိတ်ညစ်နေမိသည်။

ပေးရမယ့် နေ့ပြန်တိုးတွေနှင့် အိမ်က စဥ့်အိုးလေးထဲမှာ ဆန်မရှိခြင်းအကြောင်းပါ တွေးမိသွား၍ ငိုချင်သလိုပင် ဖြစ်နေရ၏။ ထိုစဉ် –

"ဟော့ ... ဘယ်ကောင်မမှ သောက်ဂရုမစိုက်လို့ လာတာ။ မကြွမ်းမြင့်တဲ့လား။ ဒီရပ်ကွက်ထဲမှာ နာမည်တစ်လုံးနဲ့ နေလာတာ။ အနှစ်သုံးဆယ်ကျော်လာပြီ၊ ငါ့ကို ဘယ်လိုမိန်းမများမှတ်နေသလဲ။ တံတွေးထွေးတော့ ဘာဖြစ်လဲ။ ဘယ်သူ့ဂရုစိုက်ရမှာလဲ၊ သတ္တိရှိတဲ့ ကောင်မ ထွက်လာခဲ့စမ်း"

ဆိုင်ရှေ့မှာ အသားလွတ်ကြီး လာအော်နေသည့် မကြွမ်းမြင့်ကိုကြည့်ပြီး ဗိုလ်မတစ်ယောက် ညစ်နေတဲ့စိတ်မှ ဒေါသအသွင်သို့ ကူးပြောင်းသွားသည်။

ဈေးဝယ်သူတချို့နှင့် အနီးနားက ဈေးသည်တွေကလည်း ဒီနားကျမှ ထဖောက်သွားသည့် မကြွမ်းမြင့်ကို အထူးအဆန်း မိန်းမကြီးသဖွယ် ဝိုင်းကြည့်နေကြသည်။





ပြီးတော့ ထိုမျက်ဝန်းတွေက ဗိုလ်မထံသို့ အလိုလို ကျဆင်းလာ၏။

မကြွမ်းမြင့်ကတော့ လူအုပ် ပိုလာလို့လားမသိ အသံက မာန်အပြည့်နှင့် ပိုမိုကျယ်လောင်လာ၏။ ထဘီကိုလည်း အရှက်တရားမဲ့စွာ ဒူးဆစ်ကျော်သည်အထိ မ,တင်ထားလိုက်သေး၏။

"ကြွမ်းမြင့်ကို ဒါမျိုးလာချိုးလို့ ရရိုးလားဟေ့။ ဒါမျိုးမကြောက်လို့ ရွာရိုးလျှောက်နေတဲ့မိန်းမဟေ့။ သတ္တိရှိရင် လာစမ်းပါ။ ထွက်ခဲ့စမ်းပါ။ ညည်းတို့ထက်မိုက်လို့ တံတွေးထွေးတာအေ ... ဖွီ ဖွမ်"

မကြွမ်းမြင့်တစ်ယောက် ဟန်ပါပါနှင့် ဖင်ကုန်းပြီး တံတွေးထွေးလို့မှ မပြီးသေး။

ဗိုလ်မက ဘေးက မုန့်ဟင်းခါးသည် မမျိုးဆိုင်ထဲမှ ထင်းချောင်းတစ်ချောင်းကို ဆွဲယူပြီး မကြွမ်းမြင့်ခေါင်းကို နှစ်ချက်ဆင့်ရိုက်လိုက်လေတော့၏။

"ဒုတ် ဒုတ်"

"အား"

မြန်လိုက်သည့်လက်။ ပြောင်လိုက်သည့်လက်သံ။ စိန်ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



ဆင့်အလား မှတ်ယူရသည်။

ဗိုလ်မက ရိုက်ပြီး အေးအေးဆေးဆေး တို့ဟူးထိုင်ရောင်း နေ၏။

စကားတစ်ခွန်းမျှပင်မပြော။ ဒါ အလုပ်နှင့် သက်သေက ပြသွားသည့်သဘော။

ဖြာခနဲကျလာသည့် သွေးတွေကြောင့် လူတချို့ ယုတ်ယုတ် သည်းသည်းဖြစ်သွားကြသည်။

မကြွမ်းမြင့်က ခေါင်းကို လက်နှင့်စမ်းပြီး သွေးတွေမြင်ကာ တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်သည်။

ပြီးတော့ –,

"နင် တွေ့ဦးမယ်၊ သွေးထွက်တယ်နော်။ ဒီလောက်ဆို ရပါပြီ" ... ဟုဆိုကာ နားလည်ရခက်သည့် စကားတချို့ပြောကာ ထွက်သွားလေတော့သည်။ ဗိုလ်မကတော့ ဟန်မပျက် "တို့ဟူး တွေရမယ်နော်၊ တို့ဟူး" ဟုပင် အော်ရောင်းပြလိုက်သေး၏။ ဆိုင် ဘေးက မမျိုးကတော့ ဗိုလ်မဘက်က အားပေးနေ၏။

"ဗိုလ်မ ငါတော့ နင့်လက်သံကို အားရတယ်ဟယ်။ ဒင်းက ဒါမျိုးလုပ်ပေးမှ တော်ရုံကျမှာ။ ကိုယ့်ဆိုင်ရှေ့လာစော်ကားတာပဲ။





ဘာမှ တွေးကြောက်မနေနဲ့။ ငါလည်း ဒီကောင်မကို သောက်မြင်ကတ် နေတာ ကြာပြီ။ တစ်နှစ်တစ်ခါလောက်မှ မုန့်ဟင်းခါးလေးတစ်ပွဲ ဝယ်စားပြီး ငါ့ကို မနှစ်က အကြွေးနှစ်ရာ အခုထိ မပေးသေးဘူး။ အတိတ်မေ့ဟန်ဆောင်နေတာ။ ဗိုလ်မ အခုနင်ရိုက်လိုက်လို့ သတိပြန် ရရင် ငါ မုန့်ဟင်းခါးတစ်ပွဲ နင့်ကိုအလကားကျွေးဦးမှာ"

တဲ့လေ။ ကဲ မကြွမ်းမြင့်အပေါ် ဘယ်လောက် မေတ္တာထား ကြသလဲ။

*



www.burmeseclassic.com

www.burmeseclassic.com



များမကြာမီ အချိန်အတောအတွင်းမှာပဲ ဗိုလ်မထံသို့ သား ဖြစ်သူဖိုးထောင်နှင့် သမီးဖြစ်သူ မိစံတို့ ပျာပျာသလဲ ရောက်လာကြသည်။

"ဘယ်လိုဖြစ်ရတာလဲ အမေရယ်။ ဟိုက ရဲစခန်းမှာ တိုင်ချက်ဖွင့်ထားတယ်တဲ့။ ပြီးတော့ ဆေးရုံတက်တယ်လို့လည်း ကြားတယ်။ နှစ်ချက်ချုပ်လိုက်ရတယ်ဆိုလားပဲ"

"သေလည်း ပြီးတာပဲ"

"ဩော် ... ဘယ်ဟုတ်ပါ့မလဲ အမေဗိုလ်ရာ၊ အချုပ်တွေ





ထောင်တွေ ရောက်သွားမှာပေါ့"

သမီးဖြစ်သူက စိုးရိမ်စိတ်အပြည့်နှင့် သတိပေးတော့ ဗိုလ်မက -

"ငါ့သမီးနှယ် ပူတတ်ရန်ကော။ မိန်းမချင်းရန်ဖြစ်တာ ဘာဖြစ်သွားမှာလို့လဲ။ ပြီးတော့ ဒင်းက အရင် ငါ့ဆိုင်ရှေ့လာစော်ကားတာလေ။ တစ်ဈေးလုံး မျက်မြင်သက်သေရှိတယ်"

"ဒါပေမဲ့ ... အမေက သွေးထွက်သံယိုဖြစ်အောင် ရိုက်လိုက်တာကိုးဗျ"

ဖိုးထောင်ကပါ ဝင်ပြောတော့ အမေဗိုလ်က မျက်မှောင်တစ်ချက်ကုတ်လိုက်ပြီး -

"ကဲ ... နင်တို့ပြန်ကြတော့။ ဘာမှ တွေးပူမနေနဲ့။ ငါ့ကိစ္စ ငါဘာသာရှင်းမယ်၊ အခု အိမ်ပြန်ကြတော့၊ ဒီမှာ ဈေးရောင်းမကောင်းရတဲ့အထဲ နင်တို့ကတစ်မျိုး" ဟု ပြောကာ ဈေးဆက်ရောင်းနေ၏။

အစောကရန်ဖြစ်ခဲ့တာ သူမဟုတ်သည့်အတိုင်း။ သားနှင့်သမီးကတော့ ခေါင်းတရမ်းရမ်းနှင့် ပြန်သွားခဲ့ချေပြီ။

ဆိုင်နီးနားချင်းတွေကတော့ အမှုအခင်းဖြစ်ခဲ့ပါက သက်သေလိုက်ပေးမည့်အကြောင်း ဗိုလ်မကို ကတိပေးကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ၊ ဘယ်သူလွန်တယ်ဆိုတာ အရှင်းကြီးပဲ။

ဘယ်သူမှ ကိုယ့်ဆိုင်ရွေ့ လာစော်ကားတာကို လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး။ ဗိုလ် ရိုက်လိုက်တာ နည်းတောင်နည်းနေသေးတယ်။

ဒါပေမဲ့ . . . ကိုယ့်ဘက်က ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့မိလေတော့ အင်း သံသရာကတော့ မရှည်ချင်ဘဲ ရှည်ရလိမ့်ဦးမည်။

* * *



## အခန်း (၁၂)

အီးတီတစ်ယောက် လင်းလက်ကောင်းမှုကြောင့် ကိုမျိုးမင်းကို သီချင်း (၇) ပုဒ် ရောင်းလိုက်ရသည်။

ကံဇာတာ တက်လာ၍လား မသိ။ မြန်မာမဂ္ဂဇင်းအသီးသီးမှာ တစ်နှစ်အတွင်း အဖော်ပြခံရသည့် ကဗျာတွေထဲမှ အကောင်းဆုံးကဗျာဆုကိုလည်း အီးတီပင်ရရှိခဲ့သည်။

ဆုငွေက မက်လောက်စရာမရှိပေမယ့် 'အကောင်းဆုံးကဗျာဆု' ဆိုသည့် စကားလုံးလေးက သူ့အနုပညာခရီးကြမ်းကို အားဖြစ်စေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အီးတီ အပျော်ကြီးပျော်နေမိသည်။ ငွေ (၇) သိန်းဆိုတာ သူ့ဘဝမှာ တစ်ခါမှ ကိုင်မသုံးဖူးခဲ့ပါ။

မရှက်တမ်း ဝန်ခံရလျှင် မြင်တောင်မမြင်ဖူးခဲ့။ အခုတော့ လင်းလက်ကျေးဇူးကြောင့် သီချင်းရေးခနှင့် ကဗျာဆု အားလုံး စုစုပေါင်း ငွေ (၇) သိန်းတိတိကို လက်ဝယ် ပိုင်ပိုင်နိုင်နိုင် ကိုင်ဖူးခဲ့လေပြီ။

"ကျေးဇူးတင်လိုက်တာ လင်းလက်ရယ်"

ပါးစပ်က တိုးတိုးလေးရေရွတ်လိုက်ပြီး သူမကို လက်ဆောင် တစ်ခုခု ဝယ်ပေးဖို့အတွက်ပါ တွေးထားလိုက်မိသည်။

ဒီသတင်းကိုကြားတော့ အစ်မဖြစ်သူ မိမွေးက ဝမ်းသာအားရ ဆိုလာသည်။

"အံမယ် ... ငါ့မောင်အီးတီက တယ်ဟုတ်ပါလား။ ကံကောင်းလို့ အဲဒီသီချင်းတွေ ထပေါက်သွားရင် နာမည်ပါကြီးဦးမှာ။ ငါတော့ ပျော်တယ်။ ငါ့မောင် ကြိုးစားထား။ ပညာရေးကိုလည်း မထိခိုက်စေနဲ့ဦး"

"ဟုတ်ကဲ့ပါ"

"အမေဗိုလ်က နင့်ကို ပညာတတ်ကြီး တအားဖြစ်စေချင်





တာ။ ဒါနဲ့ ... ပိုက်ဆံတွေကို ငါ့မောင် ဘာလုပ်ဖို့စိတ်ကူးထားလဲ"

"အမေ့ကို ပို့ပြီ အိမ်ပြင်ဆောက်ခိုင်းလိုက်မယ်လေ။ မကောင်းဘူးလား"

"အေး ... အဲဒါကောင်းတယ်၊ အိမ်က အတော်ပျက်စီးနေပြီဟ။ အမိုးကလည်း မလုံဘူး။ အမေသာသိရင် ဘယ်လောက်ဝမ်းသာလိုက်မလဲ"

အီးတီတစ်ယောက် အတွေးနှင့်ပင် ကြည်နူးနေမိသည်။

မျက်စိထဲမှာလည်း အိမ်အစုတ်ကလေးကို ပြေးမြင်မိသွားသည်။

"ဦးဦး ... မီးမီးကိုရယ် မုန့်ဝယ်ကျွေးဦးလေ"

"ဟာ ... သမီးလေးကျမ်းပုံ၊ ဝယ်ကျွေးရမှာပေါ့ဗျာ။ ရော့ ... အစ်မ ဒါက ကျွန်တော်ကန်တော့တာ"

အီးတီက ငွေတစ်သိန်းကို အစ်မလက်ထဲထည့်ပြီး ကန်တော့တော့ -

"မလိုပါဘူး ငါ့မောင်ရယ်။ အမေ့ကိုသာ ပေးလိုက်ပါ"

"အမေ့ကို (၅) သိန်းပို့လိုက်မယ်၊ တစ်သိန်းက အစ်မအတွက်၊ နောက်တစ်သိန်းက ကျွန်တော် ဂစ်တာတစ်လက် ဝယ်မလို့၊



www.burmeseclassic.com

www.burmeseclassic.com



သူများဂစ်တာ ငှားငှားတီးရတာ အားနာလို့။ ပြီးတော့ လင်းလက်ကိုလည်း တစ်ခုခုလက်ဆောင်ဝယ်ပေးချင်လို့၊ အဲဒါ"

"ဟုတ်ပါရဲ့ မေ့နေလိုက်တာ။ ငါ့မောင် သူငယ်ချင်းမလေးကို တစ်ခုခုဝယ်ပေးသင့်တာပေါ့၊ ဒါ ... သူ့ကျေးဇူးပါတယ်။ ဒါနဲ့ ငါ့မောင်နဲ့က ရိုးရဲ့လား"

မိပွေးက မသင်္ကာသလို ပြုံးပြုံးကြီးမေးလာတော့ အီးတီ အတော်ရှက်သွားသည်။

"ဟာဗျာ ... အစ်မကလည်း ကျွန်တော်တို့က ရိုးရိုးတွေပါဗျာ"

"အင်းပေါ့ ... အခုတော့ ရိုးရိုး၊ နောက်တော့ ရှယ်"

အစ်မဖြစ်သူက စနေတာကြောင့် အီးတီတစ်ယောက် သူ့အခန်းလေးထဲကို ရှက်ကိုးရှက်ကန်း ဝင်သွားပါလေတော့သည်။

အီးတီတစ်ယောက် သူ့အခန်းကျဉ်းလေးထဲမှာ လင်းလက်အကြောင်း အတွေးမျက်နှာဖြူလုပ်မိနေပါတော့၏။

လင်းလက်ဆိုသည့် အဖြူရောင်နတ်သမီးလေးက သူ့ဘဝထဲကို အလိုလို ဝင်ရောက်လာခဲ့တာ ဖြစ်သည်။

သီချင်းကိုစွန့်အတူ သူမအဖေ ဦးလင်းထက်ဟာ Venus





မဂ္ဂဇင်းအယ်ဒီတာတစ်ဦး ဖြစ်နေခဲ့တာကိုက လိုအပ်သည်ထက် ရင်းနှီးမှုကို ပိုစေခဲ့တာ ဖြစ်သည်။

ပြီးတော့ သူမက ရိုးသားပွင့်လင်းသည်။ ဂုဏ်ဒြပ်တွေကို စိတ်ဝင်စားပုံမရ။

ပြီးတော့ သူ့ကို ကလေးတစ်ယောက်လို ညီမတစ်ယောက်လို ဆိုးနွဲ့လွန်းသည်။ ဒါတွေကို သာယာခဲ့မိတာကိုတော့ သူ ငြင်းဆန်လို့မရ။

အခုဆို ကျောင်းထဲကလူတွေက သူတို့နှစ်ယောက်ကို ဘာလိုလို ပြောဆိုနေကြလေပြီ။

ယောက်ျားလေးဖြစ်သည့် သူ့မှာ ပြဿနာ သိပ်မရှိပေမယ့် မိန်းကလေးဖြစ်သည့် သူမအတွက်တော့ သူ စိတ်မကောင်းဖြစ်နေမိသည်။

သည့်အတွက် သူမကတော့ မည်သို့မျှ ခံစားရပုံမပေါ်ပါ။ သူမပုံစံက ဘာမှမဖြစ်သလို အေးအေးဆေးဆေးပဲ ဖြစ်၏။ သူ့မှာသာ။

ငွေကြေးချမ်းသာလွန်းသည့် သူမနှင့် မိုးနှင့်မြေလို ဘဝတွေ ကွာခြားမှန်း သူသိပါသည်။

ဒါကြောင့်လည်း သူ့ဘက်က အတတ်နိုင်ဆုံး ရိုးသားနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူမပုံစံက နားလည်ရခက်လွန်းသည်။ တစ်ခါတစ်ခါ သူမ၏ပြုမူဆက်ဆံပုံတွေက သူ့ရင်ကို လှုပ်ရှားစေသည်။

ရင်ခုန်သံတွေကို ဆူပွက်စေသည်။ သူမ မသိအောင် အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်းနေခဲ့ပေမယ့် နှလုံးသားရဲ့အလိုကျ ဆောင်ရွက်ပေးနေရတဲ့ မျက်ဝန်းတွေကိုတော့ ခံစားချက်ညီသူတွေ အလိုလို ဘာသာပြန်တတ်မည်သာ။

သမားရိုးကျမဟုတ်သည့် သူ့ခံစားချက်တွေကို အလိုမတူဘဲ "––"ဆိုတဲ့ ခေါင်းစဉ်အောက်ကို ဖွတ်ဆွဲမသွင်းချင်ပါ။

ဘယ်တော့မှလည်း သွင်းဖြစ်မည်မဟုတ်ဟု သူ ယုံကြည်ထားသည်။ တကယ်တော့ ဘဝမှာ အချစ်ထက် အရေးကြီးတဲ့ အရာတွေ အများကြီးရှိ၏။

အမေဗိုလ်၊ အစ်ကိုဖိုးထောင်၊ ပြီးတော့ အစ်မမိစံ စတဲ့ဘဝတွေကို တွေးမိတော့ သူ မွန်းကျပ်သွားသည်။

"ဟုတ်တယ်၊ ငါ တစ်ကိုယ်ကောင်း မဆန်သင့်ဘူး"

* * *



## အခန်း (၁၃)

မကြွမ်းမြင့်သတင်းကိုကြားတော့ တစ်ရပ်ကွက်လုံး ညြချယူရသည်။

နားထင်အစပ်မှာ ကွဲသွားတဲ့ မဆိုစလောက်ကလေးကို ဆေးရုံမှာ အတင်းချုပ်ခိုင်းသည်တဲ့။

ပြီးတော့ ခေါင်းမူးတယ်၊ ဦးနှောက်ကို ထိသွားတယ်ဆိုပြီး ဆေးရုံပေါ်တက်နေတာ ဒီနေ့နဲ့ပါဆို (၁၁) ရက်တိတိ ရှိခဲ့ချေပြီ။

ဗိုက်ခွဲမွေးတဲ့ မွေးလူနာတွေတောင်မှ တစ်ပတ်ဆို ဆေးရုံက ဆင်းကြရပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ ဆေးရုံမှာ ရက်ကြာကြာမနေချင်ကြ။

မကြွမ်းမြင့်တို့ကတော့ သည်လိုမဟုတ် ဆေးရုံက ဆရာဝန်တွေ အဆင်းခိုင်းတာတောင်မှ ခေါင်းကိုက်လို့ ဖင်နာလို့ စတဲ့ စမ်းသပ်လို့မရတဲ့ ဝေဒနာတွေ အမျိုးမျိုးအကြောင်းပြကာ ဆေးရုံပေါ်က လုံးဝမဆင်း။

နောက်ဆုံး ဆရာဝန်တွေ Nurse တွေပင် စိတ်ညစ်နေကြရ၏။

ယောက်ျားဖြစ်သူ ကိုဆန်ထွန်းကတော့ ရဲစခန်းနှင့်ဆေးရုံမှာ သွားချည်ပြန်ချည် အလုပ်ရှုပ်နေရသည်။

ရဲစခန်းမှာ ကိုဆန်ထွန်းက ဗိုလ်မကို အမှုဖွင့်ထားသည် တဲ့။

ရဲစခန်းက ဗိုလ်မကိုခေါ်တွေ့သည်။

ဈေးထဲက မျက်မြင်သက်သေတချို့ကိုပါ ခေါ်စစ်၏။ အဖြေက ရှင်းနေသည်။

"ကဲပါ မဗိုလ်မရယ် ... ကျွန်တော်တို့အနေနဲ့က ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့အမှု ပြီးအောင် ဆောင်ရွက်ရမှာဆိုတော့ အရစ်တွေ မရှည်ချင်ပါနဲ့တော့ဗျာ။ ဒဏ်ရာကလည်း မဖြစ်လောက်





ကလေးရယ်ပါ"

"ဟုတ်ပါတယ် စခန်းမှူးကြီးရယ် ... ဒါကို ဒင်းက ဆေးရုံပေါ်တက်ပြီး ပလီစီချောက်ချက် လုပ်နေတာပါ။ ဦးနှောက်ကိုထိသလိုလို ဘာလိုလိုနဲ့"

"ဒါက သူညာချင်တိုင်း ညာလို့မရပါဘူး။ ဆရာဝန်ရဲ့ ဆေးစစ်ချက်က အမှန်အတိုင်း ဖော်ပြပြီးပါပြီ။ အရေပြားလေး ကွဲရုံပါပဲ။ လူနာအလိုကျ နစ်ချက်တော့ ချုပ်ပေးလိုက်ရတယ်တဲ့"

"အဲဒီတော့ စခန်းမှူးကြီးရယ် ... ကျွန်မက ဘာလုပ်ပေးရမှာလဲ"

သည်တော့ စခန်းမှူးကြီးက –

"မဗိုလ်မကို ကျွန်တော် အကောင်းဆုံး အကြံဉာဏ်တစ်ခုပေးမယ်။ ဒီအမှုက ရာဇဝတ်မှုလည်း မမြောက်၊ ဘာမှ ကြီးကြီးကျယ်ကျယ် ပြဿနာလည်း မဟုတ်ဘူး။ ကိုယ့်ဆိုင်ရှေ့ လာစော်ကားလို့ဖြစ်ရတာ။ ဒါပေမဲ့ မဗိုလ်မက ကိုယ်ထိလက်ရောက် ကျူးလွန်လိုက်တာဆိုတော့ ကိုယ့်အမှား ဖြစ်သွားတာပေါ့ဗျာ။ အကောင်းဆုံးကတော့ ဆေးရုံကိုသွားပြီး ဆေးဖိုးဝါးခပေးပြီး အမှုပိတ်ခိုင်းလိုက်ပါ။ မဗိုလ်မ မသွားချင်ရင် တစ်ယောက်ယောက်ကို အညှိခိုင်းလိုက်ပေါ့။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ်၊ ခက်တာက ကျွန်မကလည်း တစ်နေ့လုပ်မှ တစ်နေ့စားရတာလေ"

"ဩော် မဒိုလ်မရယ် ... စားဖို့မရှိ လျော့ဖို့ရှိတဲ့။ အသက်တစ်ရာ သာမနေရရှိမယ်၊ အမှုတရာတော့ ကြုံရတယ် မဟုတ်လား ဗျ"

*





ရဲတစ်ယောက်နှင့်အတူ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ကိုဆန့်ထွန်း၊ ဖိုးထောင်နှင့် မိစံတို့ ဆုံကြလေသည်။

"ငါ့ဘက်ကတော့ ဒီလိုရှိတယ်။ တစ်နေ့ကို ငါ့မိန်းမက ဝင်ငွေသုံးထောင်၊ ငါက ဝင်ငွေသုံးထောင်၊ ငါ့သမီးက ဝင်ငွေ သုံးထောင်ရှိတယ်။ ဒီတော့ တစ်နေ့ကို ငါတို့မိသားစုက ဝင်ငွေ တစ်သောင်းရှိတယ်ကွ"

"အလုပ်မရှိ အကိုင်မရှိကောင်တွေက များ ကြီးကြီးကျယ်ကျယ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးထောင် စိတ်ထဲကနေ မကျေမနပ် ရေရွတ်နေမိသည်။ ပါးစပ်ကလည်း ဘာမှမပြော။ သူပြောသမျှကိုသာ နားထောင်နေလိုက်၏။

"အခု ဆေးရုံတက်ရတာ (၁၂) ရက်ရှိပြီဆိုတော့ တစ်သိန်းနှစ်သောင်း။ စားစရိတ် သောက်စရိတ်နဲ့ ဆေးဖိုးက တစ်သိန်းခွဲ။ နှစ်နာကြေးက သုံးသောင်း။ အားလုံးပေါင်း သုံးသိန်းတိတိလျော်ရမယ်"

"ဘာဗျ"

"မဘာနဲ့လေ၊ မလျော်ရင်တော့ ရုံးတင်တရားစွဲရမှာပဲ"

တစ်ဖက်သတ်ဆန်လွန်းသည့် ကိုဆန်ထွန်းစကားကြောင့် ဘေးကရဲပင် မျက်လုံးပြူးသွားမိသည်။

ဟုတ်တယ်လေ . . . ဒင်းတို့က မဟားတရားကြီး တောင်းဆိုနေတာကို။

ငွေသုံးသိန်းတဲ့။ ဒင်းတို့ မြင်မှမြင်ဖူးကြလေစ။

"ကြည့်လည်း လုပ်ပါဦးရှင်၊ ကျွန်မတို့မှာ တစ်နေ့သုံးထောင် ရဖို့ မနည်းရှာနေရတာ။ ရှင်တို့အသိပဲလေ"

"ဒီမယ်မိစံ . . . မကြမ်းမြင့် အားရှိအောင် အကောင်းဆုံး





အစားအစာတွေနဲ့ အကောင်းဆုံးဆေးဝါးတွေ သုံးနေရတာ သိရဲ့လား"

"ဟိုတစ်ခါ သွေးလွန်တုပ်ကွေး။ သေမလိုဖြစ်တာတောင် ဆေးရုံမတက်ဘဲနဲ့ ပိုက်ဆံမရှိလို့လေ၊ အခုမှ"

မိစံက တွေးနေတုန်း ဖိုးထောင်က ပွဲဖျက်လိုက်၏။

"ဟုတ်ပြီလေ . . . ဒါဆိုလည်း ကျွန်တော့်အမေနဲ့ ပြန်ပြောရဦးမှာ။ ကဲ . . . အရာရှိကြီး ကျွန်တော်တို့မောင်နှမ သွားပါဦးမယ်"

ရဲသားကြီးက ခေါင်းညိတ်ပြတော့ ကိုဆန်ထွန်းက –

"ဖိုးထောင် လက်ဖက်ရည်ဖိုး ပေးသွားဦးလေ"

"ဒီမယ် ငွေက အလကားမရဘူးဗျ။ ကျုပ်တို့မောင်နှမလည်း ဘာမှစားသောက်မထားဘူး။ ခင်ဗျားစားတာ ခင်ဗျားပဲ ရှင်း"

"အင့်"

ဖိုးထောင်က ပြောပြီး လှည့်ထွက်လာတော့ ရဲသားကြီးက သဘောတကျ ပြုံးနေလေ၏။

"အဲဒါသာ ကြည့်တော့ဗျာ။ အဲဒီသားအမိတွေက ရိုင်းကိုရိုင်းတာ။ တောက် . . . ခွေးမသားတွေ" ဟု အစချီကာ ထုံးစံအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုဆန်ထွန်းက ရဲကို ဗိုလ်မတို့အတင်း ပြောနေလေတော့၏။

သည်လောက်ဆို ရဲသားကြီးလည်း ကိုဆန်ထွန်းတို့ လင်မယားအကြောင်းကို ကောင်းကောင်းကြီး သိသွားရလေပြီ။

*





"ဘာအေ့"

"ဟုတ်တယ် အမေဗိုလ် ... လျော်ကြေးသုံးသိန်းပေးရမယ်တဲ့"

"အိုအေ ... ဒါ သက်သက် လူပါးဝတာ၊ ညစ်ပတ်တာ"

"ကဲ အမေဗိုလ် ... သူ့ဘာသာ လူပါးဝဝ ညစ်ညစ်၊ ကိုယ်က ကိုယ်ထိလက်ရောက် လုပ်လာခဲ့တာကိုး။ အခု ဘာဆက်လုပ်ကြမလဲ"

သားအမိသုံးယောက်ရဲ့ အသေးစားဆွေးနွေးပွဲလေးဟာ



www.burmeseclassic.com

www.burmeseclassic.com



ခဏာတိတ်ဆိတ်ငြိမ်သက်သွားသည်။

သူတို့အားလုံး ဘာဆက်လုပ်ရမည်မသိ ဖြစ်နေကြ၏။

"တောက် ... ဒီကောင်မ တော်တော်အောက်တန်းကျတဲ့ဟာမ။ တစ်သက်လုံး မမြင်ဘူးတဲ့ ပိုက်ဆံကို အလျော်တောင်းတယ်။ သောက်ရှက်ကိုမရှိဘူး"

"ကိုယ်က လုပ်လာခဲ့တာကို အမေရဲ့"

"ဟဲ့ ဖိုးထောင် ... ငါ့ဆိုင်ရှေ့လာစော်ကားတာကို ငါက လက်ပိုက်ကြည့်နေရမှာလားဟ။ ဒီကောင်မက အဲလိုလုပ်ပေးမှ နောင်ကျဉ်မှာ။ မဟုတ်ရင် နင်တို့ကိုလည်း ရွဲ့စောင်းနေဦးမှာ။ ငါကတော့ ဖြစ်ချင်တာဖြစ်၊ ဒီကောင်မကို မလျော်နိုင်ဘူး။ တစ်သက်လုံး ဆေးရုံမတက်ဖူးတဲ့ဟာတွေက အခုမှ ပုံကြီးချဲ့လို့အေ"

ဗိုလ်မ အတော်မကျေမချမ်း ဖြစ်နေရ၏။ ဖိုးထောင်နှင့်မိစံတို့ကတော့ အသာငြိမ်သက်ပြီး စဉ်းစားနေကြသည်။

"ဆန်ကွဲနဲ့ငါးပိကြော်နဲ့ အမြဲစားရတဲ့ဟာတွေက အခုမှ ဆေးရုံပေါ်တက်ပြီး ကြက်စွပ်ပြုတ်တွေ၊ အကောင်းဆုံးဆေးတွေ စားနေရတယ်။ ဒါ ခင်းတို့ တစ်ထစ်ချတွက်ထားတာ။ ငါ့ဆီက အလျော်ရတဲ့ ငွေတွေနဲ့ ရှင်းမယ်ဆိုပြီးတော့လေ။ တွေ့ကြသေးတာပေါ့။





ဗိုလ်မကို ဘာမှတ်နေသလဲ၊ ထောင်သာ အကျခံမယ်၊ သူ့ကိုပေးမယ့် အစား အဲဒီပိုက်ဆံတွေကို ဘုရားလှူပစ်မယ်။ ခင်းကိုတော့ မပေးဘူးဟေ့"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲဗျာ" ဆိုသည့်အသံနှင့်အတူ ရာအိမ်မှူးကိုတင့်ဇော်တစ်ယောက် ပေါက်ချလာသည်။ ဖိုးထောင်က ...

"ကိုတင့်ဇော် ထိုင်လေ"

"အေးအေး" ဆိုပြီး လွတ်တဲ့ခုံတစ်ခုဆွဲကာ ဗိုလ်မကို စကားစတော့သည်။

"မိန်းမတန်မဲ့ အချုပ်တို့ ထောင်တို့ဆိုတာ မသွားသင့်ဘူး။ ပြီးတော့ နင်က တစ်ကောင်ကြွက် တစ်မျက်နှာလည်း မဟုတ်ဘူး။ နင့်မှာ ငဲ့စရာ သားသမီးတွေ ကျန်သေးတယ်။ အခုဆို အီးတီကလည်း ကျောင်းပြီးတော့မယ်။ နင့်သားတရားသူကြီး အီးတီရဲ့အမေဟာ လူရိုက်မှုနဲ့ ထောင်ထွက်ဆိုတဲ့နာမည်ကို ခံမလို့လား။ နင့်သားမျက်နှာကို မထောက်တော့ဘူးလား"

ကိုတင့်ဇော်စကားက ဗိုလ်မရင်ကို တည့်တည့်ထိသွားပုံရ၏။ တဒင်္ဂတော့ ဗိုလ်မ ဆွံ့အသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်၊ ငါ့အတွက်နဲ့ ငါ့သားလေးအီးတီကို အမည်းစက် မထင်စေချင်ဘူး။

ဒါဆို ငါ ဘာလုပ်သင့်သလဲ။ တွေးစမ်း မိုလ်မ … ကြံ လိုက်စမ်း။

“ဘာလုပ်သင့်တယ်ဆိုတာ နင် သိတယ်မဟုတ်လား။ ဒီ ကိစ္စမှာ ဘယ်သူလွန်တယ်ဆိုတာ တစ်ရပ်ကွက်လုံးအသိပဲ။ သူ့ကို လည်း ဘယ်သူကမှ အမြင်ကြည်ကြတာမဟုတ်ဘူး။ နင်လည်း သူ့ အကြောင်းကို သိနေတာပဲ။ ဝေးဝေးကပဲ ရှောင်၊ လုံးဝ မပတ်သက် မိစေနဲ့”

“ကျွန်မက ဘယ်ကပိုက်ဆံနဲ့ လျော်ရမှာလဲ ကိုတင့်ဖော် ရယ် … အဟီး ဟီး”

တင်းထားသည့်စိတ်တွေကို လျှော့ချလိုက်ပုံရသည်။

ငွေသုံးသိန်းဆိုသည့် ပမာဏကို သူ ဘယ်မှာသွားရှာရမှာ လဲ။

ပြီးတော့ အီးတီဘဝအတွက်လည်း ငဲ့ရသေးသည်။ မိုလ်မ စိတ်တွေ မွမ်းကျပ်လို့နေ၏။

အင်မတန် စိတ်ဓာတ်မာသည့် မိုလ်မတစ်ယောက် ဝမ်းနည်း





ပက်လက် ငိုကြွေးနေတာကို မြင်တော့ သားသမီးတွေလည်း မကြည့် ရက်။

ကိုတင့်ဖော်လည်း စိတ်မကောင်းဖြစ်နေခဲ့သည်။

“ကဲ မိုလ်မ … ငိုနေရုံနဲ့ ဘာမှပြီးမှာမဟုတ်ဘူး။ အမြန်မြန် ပြီးအောင် ရှာကြံသာပေးလိုက်တော့”

“ကျွန်မမှာ ရောင်းစရာ ပေါင်စရာဆိုလို့ ဒီအိမ်နဲ့ဝိုင်းပဲ ရှိတော့ တာ … အဟင့် ဟင့်”

“ပစ္စည်းသခါရ လူသခါရပါဟာ။ လူမသေ ငွေမရှားပါ။ ဒါ ပြန်ရှာလို့ရတာပဲ။ လမ်းထိပ်က မခင်ညွန့်ဆီသွား။ ငါက လွှတ် လိုက်တာလို့ပြော။ အိမ်နဲ့ဝိုင်းကို သုံးသိန်းနဲ့ပေါင်ခဲ့လိုက် … ကြားလား”

သက်ပြင်းအရှည်ကြီးတစ်ခုကိုချပြီး မိုလ်မ စိတ်ပိုင်းဖြတ်လိုက် ပုံရသည်။

“ကဲ … ဟုတ်ပါပြီ၊ ကျွန်မက ဒီတစ်ခါ လျော်ပြီးသွားလို့ ဒီဟာမက ရမှန်းသိပြီး နောက်ထပ်ရန်စပြီး သူ့ကိုရိုက်အောင် လုပ် လာရင်ရော။ ကျွန်မကလည်း လုပ်မိမှာပဲ”

“အဲဒါတော့မပူနဲ့ မိုလ်မ။ ငါ ဥက္ကဋ္ဌကြီးနဲ့ စခန်းမှူးကြီးကို



www.burmeseclassic.com

www.burmeseclassic.com



တင်ပြပြီး နောက်ကို ရန်မစပါဘူး။ မရှဲ့ပါ၊ မစောင်းပါဘူးဆိုတဲ့ ဝန်ခံကတိလက်မှတ် ထိုးခိုင်းပေးမယ်"

"ဟုတ်ပြီလေ . . . ဒါဆိုရင်တော့ ပြီးတာပဲ။ ကဲ . . . အချိန်လေးရှိတုန်း မခင်ညွန့်ဆီ ပြေးလိုက်ဦးမယ်။ ခင်းတို့တွေ စားနိုင်သောက်နိုင်ကြပါစေ။ သူများ မသန္တါရေစာငွေတွေနဲ့ သုံးနိုင် ဖြုန်းနိုင်ကြပါစေ"

ထထွက်သွားရင်း ပါးစပ်က ပွစိ ပွစိနှင့် မေတ္တာပို့သွားပုံကြောင့် ကိုတင့်ဖော်အပါအဝင် စိတ်ညစ်နေသည့်ကြားမှ ဖိုးထောင်နှင့် မိစံတို့ပါ ပြုံးလိုက်မိလေတော့၏။

＊＊＊



## အခန်း (၁၄)

"ကိုဆန်ထွန်း . . . ဘယ့်နှယ်လုပ်ကြမလဲ။ ဟိုဟာတွေ ဘက်က ဘာမှအကြောင်းမပြန်ဘူးလား"

"ငါလည်း အဲဒါ အုံးစားနေတာပဲ။ အခုထိ အကြောင်းမပြန်သေးဘူး။ ဆေးဆိုင်နဲ့ စားသောက်ဆိုင်မှာလည်း ငါ ခပ်တည်တည်နဲ့ အကြွေးယူထားတာ ရှစ်သောင်းကျော်ပြီ။ တောင်းလည်းတောင်းနေကြပြီ။ ဆေးရုံကဆင်းရင် ပေးမယ်လို့ပဲ ပြောထားရတာ"

"တော်ကလည်း မသေချာသေးဘဲနဲ့ ဘာလို့ အကြွေးတွေ စွတ်ယူထားတာလဲ။ အိမ်မှာ ထမင်းချက်စားပြီးတာကို နှင်က



www.burmeseclassic.com

www.burmeseclassic.com



ဟန်ကြီးပန်ကြီးလုပ်ပြီး ဝယ်စားနေတာကိုး"

"အခုမှ ဒါတွေပြောမနေနဲ့ မကြွမ်းမြင့်၊ ဆေးရုံအတင်းတက်ချင်တာလည်း နင်ပဲလေ"

"ဒါမှ အလျော်တောင်းလို့ရမှာကိုး"

"အခုတော့ အလျော်မပြောနဲ့ ဆရာဝန်က ဆေးရုံကဆင်းခိုင်းနေတာတောင် ဆရာဝန်ကို ကန်တော့စရာမရှိလို့ မဆင်းရဲသေးဘူးမို့လား။ အကြွေးရှင်တွေကလည်း ပူနေပြီ"

"ကိုဆန်ထွန်း တော်တော့။ ဟိုမှာ ဆရာဝန်ကြီး round လှည့်နေပြီ။ ကျုပ် ခေါင်းမူးဟန်ဆောင်လိုက်ဦးမယ်"

ဆေးရုံအတွင်းမှာ ဖြစ်သည်။ မကြွမ်းမြင့်တို့လင်မယား နှစ်ယောက် မှန်းချက်နဲ့ နှမ်းထွက် မကိုက်တာကြောင့် ကြိတ်ရန်ဖြစ်နေကြရသည်။

ဆရာဝန်ကြီး အနားကိုရောက်လာတော့လည်း မကြွမ်းမြင့်အချိုးက ချက်ချင်းပြောင်းသွားသည်။

အစောက ဘီလူးရုပ်မဟုတ်တော့။

ချက်ချင်းလက်ငင်း ကောက်သေတော့မည့် အရှေ့ပေါ်လူနာမျက်နှာအတိုင်း။





ဟွန်း ... တတ်လည်းတတ်နိုင်တဲ့ မိန်းမကြီး။

"အို ... ကျွတ်ကျွတ်၊ ကျွတ် ခေါင်းတွေမူးလိုက်တာ။ အားသေတော့မှာပဲ"

"မိန်းမ သက်သာရဲ့လား။ ဆရာဝန်ကြီး ရောက်လာပါပြီ။ အားတင်းထားနော်"

လိုက်လည်းလိုက်ဖက်သည့်လင်မယား။ တစ်ယောက်နှင့်တစ်ယောက် တိုက်စရာမလိုပါဘဲ ဟာမိုနီကိုဖြစ်လို့။

"ဆရာ ... ကြည့်ပါဦးဗျာ၊ ကျွန်တော့်မိန်းမကို"

ဆရာဝန်ကြီးက မကြွမ်းမြင့်ကို ဟိုစမ်းဒီစမ်းလုပ်ပြီး –

"ကောင်းပါတယ် မကြွမ်းမြင့်ရဲ့၊ ခင်ဗျား ဘာမှမဖြစ်ပါဘူး။ စိတ်ထင်လို့နေမှာပါ။ ဘာရောဂါမှလည်း မရှိပါဘူး။ ခေါင်းကဒဏ်ရာကလည်း ပျောက်တောင်သွားပြီပဲ"

"ဟုတ်ရဲ့လား ဆရာရယ်၊ ကျွန်မခေါင်းထဲမှာ အရမ်းမူးနောက်နေတာပဲရှင်"

"ဒါက ဒီလိုဖြစ်ပါလိမ့်မယ်။ အရင်တုန်းက ခင်ဗျားက အိမ်မှာ အိမ်မှုကိစ္စတွေလုပ်၊ ဈေးတွေ ဘာတွေ ဝယ်ပြီး အမြဲလှုပ်ရှားနေရတာကို အခု ဆေးရုံမှာ ဆယ့်ငါးရက်လောက်တက်ပြီး ခုတင်ပေါ်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



အမြဲလှုံနေရလို့ ခေါင်းထဲကို သွေးရောက်ပြီး မူးတာနေမှာပါ။ ဒီတော့ အကောင်းဆုံးက ဆေးရုံက ဒီနေ့ဆင်းပြီး အိမ်မှာ ပုံမှန်အတိုင်း နေလိုက်ရင် ခင်ဗျားရဲ့ခေါင်းမူးတဲ့ရောဂါတွေ အမြန်ဆုံး ပျောက်သွားလိမ့်မယ်"

ဆရာဝန်က အထက်ပါအတိုင်းပြောတော့ ကိုဆန်ထွန်း တစ်ယောက် နင်သွားလေတော့သည်။

ဒါမျိုးကျ မကြွမ်းမြင့်က နပ်သည်။

"ဒါဆိုလည်း ဆရာရယ် ... စိတ်ချသွားရအောင် ဒီတစ်ရက် နှစ်ရက်တော့ ဆေးရုံမှာနေပါရစေဦးရှင်"

မကြွမ်းမြင့်စကားကြောင့် ဆရာဝန်ပင် အူလည်လည် ဖြစ်သွားရ၏။

ဟုတ်တယ်။

သူ့တစ်သက်မှာ ဆေးရုံက မြန်မြန်ဆင်းချင်တဲ့ လူနာတွေကိုပဲ တွေ့ရသည်။

ဆေးရုံမှာ ကြာကြာနေချင်တဲ့လူနာမျိုး သူ့တစ်သက်မှာ ကြုံတာ ဒီလင်မယားက ပထမဆုံးပဲ ဖြစ်၏။

ဆရာဝန်ကြီးက နားမလည်နိုင်စွာဖြင့် ခေါင်းတရမ်းရမ်းနှင့်





ထွက်သွားတော့မှ လင်မယားနှစ်ယောက် သက်ပြင်းကိုယ်စီချလိုက်နိုင်ကြသည်။

"ဟူး ... တော်ပါသေးရဲ့"

"ဟင်း"

ထိုစဉ် ရဲတစ်ယောက်နှင့်အတူ ဖိုးထောင်တို့ မောင်နှမ နှစ်ယောက် ဆေးရုံထဲသို့ ငွေထုပ်ပိုက်ကာ ရောက်လာကြသည်။

ချက်ဆို နားခွက်က မီးထတောက်သည့် ဖျံသမား ကိုဆန်ထွန်းက မိန်းမဖြစ်သူကို "အသာနေ ငါပြောမယ်" ဆိုသည့်ဒီဖိုင်းနှင့် လက်တို့ထားသည်။

မကြွမ်းမြင့်ကလည်း မခေပါ။ ချက်ချင်း လူမမာပုံ ဖမ်းပစ်လိုက်သည်။

"ကျွတ် ကျွတ် ကျွတ်"

ရဲသားကြီးက မကြွမ်းမြင့်ကို 'သက်သာရဲ့လား' ဆိုပြီး လာရင်းကိစ္စကို စကားစလိုက်သည်။

"ကဲ ကိုဆန်ထွန်း ... အမှုကြေအောင်ဖို့ လျော်ကြေးလာပေးတာပါ။ သုံးသိန်းတိတိပါ။ ပြီးတော့ လင်မယားနှစ်ယောက်စလုံး ဟောဒီခံဝန်ကတိကို လက်မှတ်ထိုးပေးရမယ်။ ကျွန်တော်က သက်သေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဗျာ"

အကျိုးအကြောင်း သေချာရှင်းပြပြီးတော့ ကိုဆန်ထွန်းက တစ်စခန်းထလာပြန်သည်။

အတော် ဧလောဘကြီးတဲ့ဟာတွေ။ သူများပိုက်ဆံကို မတော်တရား။

"အဟမ်း ... ဒါက ဒီလိုရှိတယ်ဗျ။ လက်မှတ်ထိုးတာက ထိုးပေးပါ့မယ်။ ပြဿနာမရှိပါဘူး။ ပြဿနာက လွန်ခဲ့တဲ့သုံးရက်လောက်က ဆိုရင်သာ သုံးသိန်းနဲ့ အဆင်ပြေတာ။ အခု သုံးရက်ကြာသွားပြီဆိုတော့ ဆရာဝန်ကြီးကို ကန်တော့ဖို့အတွက်ပါ နောက်ထပ် ငါးသောင်း ထပ်ပေးရမယ်။ သုံးသိန်းခွဲပေါ့ဗျာ"

ဒီအထိတော့ ဖိုးထောင် သည်းမခံနိုင်တော့။ အတော်လွန်လာလေပြီ။

ကာယကံရှင်မပြောနှင့် ဘေးကရဲတောင် အတော်မြင်ကပ်နေချေပြီ။

"ဟာ ... ခင်ဗျား ဒီလို လူလည်မလုပ်နဲ့လေဗျာ။ ဒီမှာရဲလည်း ပါနေတာကိုး"

"ဟုတ်တယ်လေဗျာ ... သူတို့မှာလည်း မရှိတဲ့ကြားက





အဆင်ပြေအောင် လုပ်လာရတာ။ သုံးသိန်းပဲထားလိုက်ပါ"

ရဲက ဝင်ပြောတာကိုပင် လက်မခံ။ လောဘ အတော်တက်နေကြသည်။

"ဒါဆိုရင်တော့ လက်မှတ်မထိုးနိုင်ဘူး။ သုံးသိန်းခွဲရမှ မဟုတ်ရင်တော့ တရားစွဲရမှာပဲ"

"တောက်"

ဒေါသဖြစ်နေသည့် ဖိုးထောင်ကို မိစံကတားပြီး –

"ဒါဆိုလည်း ရှင်တို့သဘောပဲ။ တရားစွဲချင်လည်း စွဲလိုက်တော့။ ရှင်တို့ရှေ့ကသွားရင် နောက်က လိုက်ခဲ့မယ်။ တကာတဲ စေတနာကို ပျက်တယ်။ ရှင်တို့ သိအောင် ပြောခဲ့မယ်။ ဒီသုံးသိန်းတောင် အိမ်နဲ့ပိုင်းကို ပေါင်လာခဲ့ရတာရှင့်။ အလကားရတဲ့နွားကို သွားဖြဲကြည့်မနေကြနဲ့။ အံ့ပါ့ ... လာ ကိုဖိုးထောင် ပြန်မယ်။ အရာရှိကြီးလည်း လာ"

ဆိုပြီး မိစံက ဖိုးထောင်လက်ကိုဆွဲ၊ ငွေထုပ်ကို ပိုက်ကာ ထွက်သွားလေတော့သည်။

ကိုဆန်ထွန်း ဘာမှပြောချိန်ပင်မရလိုက်။ ရဲသားကြီးကတော့ မိစံလုပ်ရပ်ကို 'ကောင်းတယ်' ဟု မှတ်ချက်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ၊ ဒီလောက် လိုက်လျှောတာတောင် လွန်လှပြီ မဟုတ်ပါလား။

ဖိုးထောင်တို့ပြန်သွားကြတော့ ဆေးရုံပေါ်မှာ ကိုဆန်ထွန်းတို့လင်မယား စကားများကြပါလေတော့၏။

အစောကသေမလိုဖြစ်နေတဲ့မိန်းမက ဒေါ်နဲ့မောနဲ့ ယောက်ျားကို ရန်တွေ့နေတာကြောင့် ဘေးကလူနာတွေပင် ပြုံးကြရသည်။

"တော် ... တော်တော်အသုံးမကျတာပဲ တော်တော်ရှည်တဲ့ယောက်ျားပဲ။ ဟိုကလာပေးတဲ့ ငွေသုံးသိန်းအသာယူထားပြီးတဲ့ကိစ္စကို ညနေဆေးရုံပေါ်က အေးအေးဆေးဆေးက ဆင်းလို့ရတယ်။ အခုတော့ ဟွန်း"

"ဟ ... ငါလည်း ဗိုရမလားလို့ ကြံတာပေါ့ဟ"

"အခုတော့ ဝေါ်ပြီလေ။ ဟိုက မပေးတော့ဘူးတဲ့။ တရားစွဲရအောင်လည်း အမှုဖွင့်ဦးဟာ၊ ရုံးချိန်းသွားဦးဟာနဲ့ ဘယ်မလဲပိုက်ဆံ။ ငါ သေသာ သေလိုက်ချင်တော့တယ်"

*





"ကောင်းတယ် ... ငါ့သမီးလုပ်ခဲ့တာမှန်တယ်။ ခင်းတို့ပေးမယ့်အစား ရုံးချိန်းသွားရင်းပဲ အကုန်ခံလိုက်မယ်"

ဆေးရုံက အဖြစ်အပျက်ကို ပြန်ပြောပြတော့ ဗိုလ်မက အထက်ပါအတိုင်း ကောက်ချက်ချသည်။

"ငါ့သားလေး အီးတီကြောင့်ပေါ့။ မဟုတ်လို့ကတော့ ငါလိုကောင်မက ကိုယ်မှန်သမျှ ဘယ်သူ့မှ ဂရုစိုက်တတ်တာ မဟုတ်ဘူး။ သူတို့အကုန်ခံနိုင်ရင် တရားစွဲကြပေါ့"

သို့သော် အထင်နှင့်အမြင်က တလွဲစီဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းတော့ ရပ်ကွက်ရုံးက ဗိုလ်မကို ဆင့်ခေါ်တွေ့သည်။

အကြောင်းအရင်းက မကြွမ်းမြင့်တို့ဘက်မှ တရားမစွဲလို့ပါတဲ့။

လျော်ကြေး သုံးသိန်းပဲ ပေးပါတဲ့။

အခုတော့ ဒင်းတို့စိတ်ရင်း ဘူးပေါ်သလို ပေါ်လာပြီပေါ့။ ဒါမျိုးကတော့ ဗိုလ်မ လာစမ်းလို့ ဘယ်ရလိမ့်မလဲ။

ဒီတစ်ခါတော့ ဒင်းတို့လင်မယား ဗိုလ်မခွင်ထဲကို စိုက်စိုက်မြိုက်မြိုက် ဝင်လာခဲ့ချေပြီ။

ဒင်းတို့လင်မယားအခြေအနေကို အိမ်နီးနားချင်းတွေမှတစ်ဆင့် ဗိုလ်မ ကောင်းကောင်းသိထားပြီးသား။

ဒင်းတို့ကို စေတနာရှိလို့ လူမမာသွားမေးကြသည်တော့မဟုတ်။

ဗိုလ်မအတွက် အခြေအနေ သွားကြည့်ပေးကြတာပင် ဖြစ်၏။

ဒင်းတို့ကို ဆေးရုံက ဆင်းခိုင်းနေကြပြီ။

ဒင်းတို့က အကြွေးတွေ ရှင်းရမှာ မရှိတာကြောင့် အတင်း





ပေကပ်နေကြခြင်း ဖြစ်သည်။

ခပ်ရှင်းရှင်းပြောရရင် ဗိုလ်မဆီက ငွေရမှ သူတို့ ဆေးရုံက ဆင်းရမှာ ဖြစ်၏။

ဒါကို ကောင်းကောင်းသိထားသည့် ဗိုလ်မက အပီနှိပ်တော့သည်။

"ဉက္ကဋ္ဌကြီးရယ် ... သူတို့ပဲ အလျော်မယူတာလေ။ တိုင်ချင် လည်း တိုင်ပါစေတော့။ ကျွန်မကတော့ ပေးစရာမရှိတော့ဘူး"

"ကဲပါ ဗိုလ်မရာ ... ကပ်မနေပါနဲ့တော့။ မြန်မြန်ကိစ္စပြတ်အောင် ပေးလိုက်စမ်းပါ"

"ဒါဆိုလည်း တစ်သိန်းခွဲပဲ ပေးနိုင်တော့တယ်လို့ ပြောလိုက်ပါ။ မကျေနပ်ရင် တိုင်ချင်ရာသာတိုင်လို့။ သဘောတူရင်တော့ အိမ်ကို ကိုတင့်ဇော်သာ လွှတ်လိုက်တော့ ပိုက်ဆံပေးလိုက်မယ်"

ဗိုလ်မ အိမ်ပြန်ရောက်ပြီး မကြာခင်မှာပဲ ကိုတင့်ဇော် ပေါက်ချလာခဲ့၏။

"ဗိုလ်မတို့ကတော့ ပိုင်သဟေ့"

"ဘာပိုင်တာလဲ ကိုတင့်ဇော်ရဲ့ ... အရင်းမရှိ အများ



www.burmeseclassic.com

www.burmeseclassic.com



မရှိနဲ့''

ဗိုလ်မက နားမလည်သလိုမေးတော့ ကိုတင့်ဇော်က ခပ်ပြုံး ပြုံးနှင့် –

''ဘာဖြစ်ရမလဲ ... မကြမ်းမြင့်တို့ကို အကြပ်ကိုင်နိုင်ခဲ့လို့ လေ''

''ဘာလဲ ဟိုက တစ်သိန်းခွဲယူမှာတဲ့လား''

''တစ်ခွဲတော့ မဟုတ်ဘူးဟ။ နှစ်တော့ပြည့်အောင်ပေးပါ တဲ့။ ဒီမှာလည်း ခံဝန်လက်မှတ် ထိုးပေးလိုက်တယ်''

ကိုတင့်ဇော်က စာရွက်တစ်ရွက်ပါ ထုတ်ပြတော့ ဗိုလ်မက ''ဟွန်းထင်သားပဲ'' ဆိုပြီး မဲ့ပြုံးပြုံးနေသည်။

''နှစ်သိန်းတော့ ပေးလိုက်ပါဟာ။ သူတို့မလဲ ဆေးရုံစရိတ် စားစရိတ်၊ သောက်စရိတ်နဲ့ ဘာမှ မကျန်ပါဘူး''

''ဘယ်ကျန်ပါ့မလဲ၊ သူများ မသဒ္ဓါရေစာကို လိုချင်တာကိုး။ ခွေးရူးကောင်းစား၊ တမွန်းတည့်ပေါ့''

''အေး ... ဒီပိုက်ဆံလေးက သူတို့ ဘယ်လောက်သုံးနိုင်မှာ လဲဟာ။ သူများမျက်ရည်ပေါက်ကြီးငယ်ကျပြီးမှ ရတဲ့ငွေက အဆိပ် အတောက်အပင်းပဲ''





''ဒါကြောင့် ... ခင်းတို့ လူမွေးလူယောင် မပြောင်တာပေါ့ တော်''

ဟုတ်သည်။

စိတ်ဓာတ် ယုတ်ညံ့အောက်တန်းကျသည့် လူတွေဟာ ဘယ်လောက်ကောင်းတာတွေ ဝတ်ဝတ်စားစား ဘယ်တော့မှ ရုပ် မထွက်။

မရှိတာခြင်းအတူတူ ဗိုလ်မနှင့် မကြမ်းမြင့်တို့ ရုပ်က ဆီနဲ့ရေလို ကွာခြားနေသည်။

နောက်ဆုံးတော့ ဗိုလ်မတစ်ယောက် မကြမ်းမြင့်တို့ကို မေတ္တာအတုံးလိုက် အတစ်လိုက်ပို့သပြီး မပေးချင်ပေးချင်နှင့် ငွေနှစ် သိန်းကို ကိုတင့်ဇော်လက်ထဲသို့ ထည့်ပေးလိုက်လေတော့သည်။

ငွေရသည်နှင့် မကြမ်းမြင့်တို့လင်မယား တပြုံးပြုံးနှင့် ဆေးရုံ က ဆင်းလာခဲ့ကြ၏။

တကယ့်ကို အကောင်းပကတိကြီးပါ။

ပျော်ပွဲစားထွက်ရာက ပြန်လာကြတဲ့အတိုင်း လင်မယားနှစ် ယောက် ပြုံးလို့ ပျော်လို့။

တစ်ရပ်ကွက်လုံးကတော့ ခင်းတို့ကို မေတ္တာပို့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမေတ္တာတွေအထဲတွင် ဗိုလ်မပို့သည့်မေတ္တာက ထုထည်အကြီးအမားဆုံးဖြစ်နေပေလိမ့်မည်။

* * *



## အခန်း (၁၅)

အီးတီက လင်းလက်ကို ကျောပိုးလွယ်အိတ်ကလေးတစ်လုံး ဝယ်ပေးဖြစ်သည်။

ထုံးစံအတိုင်း အဖြူရောင်လေးပါပင်။

တနိုင်း သိပ်မများလှပေမယ့် လင်းလက်ကတော့ အီးတီဝယ်ပေးသည့်နေ့မှစ၍ ယနေ့အထိ အမြတ်တနိုး လွယ်ပိုးလျှော့ရှိသည်။

သည့်အံ့တွက်လည်း အီးတီ ကြည်နူးနေမိသည်သာ။

အီးတီစိတ်ထဲမှာ ထိုလွယ်အိတ်ကလေးက သူမလွယ်ထားမှ ပိုလှသည်ဟုလည်း ထင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်နှစ်လဆိုသည့် အတိုင်းအတာတစ်ခုက ယောက်ျား လေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ကောင်းစွာ ချစ်ကြိုး သွယ်နိုင်ရန် လုံလောက်သောအချိန်ဖြစ်၏။

သို့သော် အီးတီနှင့်လင်းလက်ကတော့ ဘာမှ မဘာကြ သေးပါ။

အားမနာတမ်းဆိုရလျှင်တော့ သူတို့နှစ်ယောက်အဖြစ်က သူငယ်ချင်းမက ရည်းစားမကျဆိုတဲ့ ကြားအခြေအနေမျိုး။ ဟိုဘက် ဒီဘက် လူးလွန့်နေ၏။

တစ်ယောက်က နှလုံးသားနှင့် ဦးနှောက်ကို လွန်လွန် ကျူးကျူး ထိန်းချုပ်ပြီး အမွန်းကျပ်ခံထားသည်။

အခွင့်ရေးယူသည်ဆိုတဲ့ ဝါကျတစ်ကြောင်းအောက်ကို ရောက်သွားပြီး သူမ အထင်အမြင် သေးသွားမှာကို သူအကြောက်ဆုံးပဲ ဖြစ်သည်။

ဒါကြောင့်လည်း ပွင့်ဟဆဲဆဲဖြစ်နေတဲ့ နှလုံးသားတံခါးကို သူအတင်းဆွဲပိတ်မိတာပေါ့။

တစ်ယောက်က မိန်းကလေးဆိုတဲ့ ဝေါဟာရဖြင့် အရာရာကို ထိန်းချုပ်နေရ၏။





အကယ်၍များ သူမသာ ယောက်ျားလေးဖြစ်ကြည့်ပါလား။

စတဲ့ စတဲ့ အကြောင်းအချက်မျိုးစုံတွေကြောင့်လည်း သူတို့ နှစ်ယောက် ဘာမှမဘာနိုင်ကြသေးတာ ဖြစ်သည်။

ဟောဒီ တက္ကသိုလ်တစ်ခုလုံးက သူတို့ကို ချစ်သူတွေဟုပင် သတ်မှတ်ထားကြသည်။

ဒီစကားအတွက်လည်း နှစ်ယောက်စလုံးက ဟုတ်သလိုလို မဟုတ်သလိုလိုနှင့် ဘာကိုမှ တိတိကျကျ မပြောပြ။

ဘာလိုလိုနှင့် ရှေ့လထဲမှာဆိုရင် စာမေးပွဲဖြေကြရတော့မည်။

စာမေးပွဲပြီးတာနှင့် သူနဲ့သူမ၊ သူမနဲ့သူ အလိုလို ခွဲခွာရပေ တော့မည်။

အတွေးနှင့်ပင် နှစ်ယောက်လုံး တစ်ဆို့သွားသည်။ လွမ်း လောက်သည့် အခြေအနေမျိုးလည်း မဟုတ်တာကြောင့် နှစ်ယောက် သား မပွင့်မလင်းဖြင့် အီလယ်လယ်ကြီး ဖြစ်နေကြရသည်။

တစ်နေ့ သူတို့နှစ်ယောက်အတွက် ကံကောင်းစေတာလား ကံဆိုးစေတာလားမသိ၊ အဖြူအမည်း သဲသဲကွဲကွဲ ဖြစ်ဖို့အတွက် အခြေအနေတစ်ရပ်က မြန်မာဇီဒီယိုရုပ်ရှင်တွေထဲကအတိုင်း ရိုးရှင်းစွာ ဝင်ရောက်လာခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီး . . . နောက်လကျရင် သမီးလေးလင်းလက် ကျောင်းပြီးပြီနော်"

"ဟုတ်တယ်လေ ဖေဖေရဲ့၊ ဘာဖြစ်လို့လဲ"

ဖအေဖြစ်သူရဲ့ ထူးထူးဆန်းဆန်းအမေးကြောင့် လင်းလက်က နားမလည်သလို ပြန်မေးလိုက်မိသည်။ သည်တော့ ဦးလင်းထက်က ပြုံးပြုံး ပြုံးပြုံးနှင့် –

"ဘာမှတော့မဖြစ်ပါဘူး သမီးရယ်၊ အခု ငါ့သမီးလေးလည်း ဘွဲ့ရတော့မယ်၊ ဒီအသက်အရွယ်အထိ မိတဆိုးလေးဖြစ်တဲ့ သမီးလေးကို ဖေဖေကပဲ မအေလိုတစ်မျိုး၊ ဖအေလိုတစ်သွယ် စောင့်ရှောက်လာခဲ့ရတာမို့လား"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

လင်းလက်က စိတ်မရှည်သလိုပြောတော့ ဦးလင်းထက်က–

"အဟဲ . . . ဒါက ဒီလိုပါ" ဟုဆိုပြီး အပြောရခက်နေသည်။

ဒါကို သဘောပေါက်သည့်သူမက ဖအေဖြစ်သူ မျက်နှာမပူစေရန်အတွက် တမင် လမ်းဖွင့်ပေးလိုက်သည်။





"ဘာလဲ ဖေဖေ နောက်မိန်းမယူမလို့လား။ ဒါဆိုလည်းယူလေ။ သမီးကို ဘာမှ အားနာမနေနဲ့။ သမီးက အေးဆေးပဲ။ အဲဒါကြောင့် သမီးထင်ပါတယ် အိမ်ကို အကြောင်းအမျိုးမျိုးပြပြီး ပါပါလာတဲ့ ဟိုစာရေးမလေးနဲ့ပဲ မို့လား"

"ဟာ . . . ဒီကလေး။ ဖအေကို ဘာတွေလျှောက်ပြောနေတာလဲ။ ဒီအသက်အရွယ်ကြီးမှ နောက်မိန်းမ ယူစရာလား"

"အဟီး sorry ဖေဖေ၊ သမီးက အဖေတော့ ဒီလောက်စကားဦးသန်းနေပုံရရင် နောက်မိန်းမယူဖို့ပဲနေမှာလို့ တွေးမိပြီး ပြောတာပါ . . . အဟီး"

သမီးဖြစ်သူအပြောကြောင့် ဦးလင်းထက်ပင် ရှက်ရယ်ရယ်နေမိသည်။

"ဒီလိုဟေ့ . . . ဖေဖေ ဒီလောက်စကားဦးသန်းနေရတာက ငါ့သမီးလေးအတွက် ဖအေက မအေစကားပြောရမှာမို့ဟေ့။ ရှင်းပြီလား"

"သမီးအတွက် ဟုတ်လား"

သူမက နားမလည်သလို မေးမိတော့ ဦးလင်းထက်က ခေါင်းညိတ်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . သမီး ဒီကိစ္စတွေ စိတ်မဝင်စားပါဘူး ဖေဖေ ရယ်"

သမီးဖြစ်သူစကားကြောင့် ဦးလင်းထက်မျက်နှာက မဆိုစ လောက်ကလေး တင်းသွားသည်။

"သမီး . . . သမီးလည်း မငယ်တော့ဘူး ဖေဖေသိတယ်"

"ရှင်"

"ဟာ . . . ဒီကလေးမ ဘာတွေလျှောက်ရှင်နေတာလဲ၊ ကဲ . . . ဟယ်"

"ခွပ်"

ဦးလင်းထက်က သမီးကို ခွပ်ခနဲနေအောင် ခေါက်ပစ်လိုက် သည်။

ခက်တယ်၊ ဒီကောင်မလေးနဲ့တော့။

"အား . . . နာလိုက်တာ ဖေဖေရယ်၊ အရမ်းပဲ"

"နာရင်သေ၊ ဖအေပြောတာကို ငြိမ်ငြိမ်နားထောင်မယ်မရှိ ဘူး။ နင့်ကို အသက်မငယ်တော့ဘူး ယောကျ်ားယူလို့ရနေပြီလို့ ပြော တာ ရှင်းပလား"

"ဩော် . . . ဂလိုလား"





"ဂလိုပေါ့ . . . ဂလိုဂလို"

ဖအေဖြစ်သူကပါ ရုပ်တည်ကြီးနှင့် အရွှန်းဝင်ဖောက်တော့ သားအဖနှစ်ယောက် ဘာရယ်မဟုတ် ရယ်မိကြသည်။

"ကဲ သမီး . . . ဖေဖေကောင်းကောင်းပြောမလို့ နား ထောင်"

"ဟုတ်" ဆိုပြီး လင်းလက်က ငြိမ်ပြီးနားထောင်နေသည်။ ဦးလင်းထက်ကလည်း သူ့လိုရင်းကိုရောက်အောင် စကားစလိုက်လေ သည်။

"အခုဆို ဖေဖေလည်း အသက်ကြီးလှပြီ၊ လူဆိုတာ သခါရ သဘောတရားအရ ဘယ်အချိန်သေမယ်ဆိုတာ ပြောလို့မရဘူး။ ဒါပေ မဲ့ သမားရိုးကျ တွက်မယ်ဆိုရင်တော့ သမီးထက်အရင် ဖေဖေက သေရမယ်မဟုတ်လား။ အခုဆို ဖေဖေက သမီးလေးကို ဒီအသက်အရွယ် အထိ ဖခင်ဝတ္တရားရော မိခင်ဝတ္တရားပါ ကျေပွန်ခဲ့ပြီးပြီ။ ထိမ်းမြား ပေးဖို့ပဲ ကျန်တော့တယ်။ အမွေဆိုတာကတော့ ဒီသမီးလေးပဲ အကုန် ရမှာလေ။ ဒီတော့ ဖေဖေမသေခင် စိတ်ချလက်ချ သမီးလေးကို မြင်သွားချင်တယ်"

"ဟာ . . . ဖေဖေရယ်၊ သမီးကို ယောကျ်ားပေးစားချင်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာပြုလို့ နိမိတ်မကောင်းတဲ့စကားတွေ ပြောနေရတာလဲ။ နောက်ပြီး သမီးကို ဘယ်သူနဲ့ သဘောတူနေတာလဲ"

"ငါ့သမီးကို ဖေဖေက အတင်းအကျပ် စီစဉ်နေတာ မဟုတ်ဘူးနော်။ ဖေဖေက ငါ့သမီးလေး အိမ်ထောင်ရေးအတွက် စိတ်ကြိုက်ရွေးချယ်ခွင့်ပေးပြီးသား။ အခုဟာက ငါ့သမီးလေးမှာ ချစ်ရတဲ့သူ မရှိဘူးလေ။ ဒီတော့ ရည်းစားမရှိတာအတူတူ ဖေဖေကတော့ ဖေဖေ့သူငယ်ချင်း စိုးအောင်ပိုင်သားနဲ့ သဘောတူချင်တယ်။ သူတို့ကိုတော့ ဖေဖေ ဘာမှ လွှန်လွှန်ကျွံကျွံ မပြောရသေးပါဘူး။ သမီးသဘောပဲလို့ ပြောထားတာ"

သည်တော့မှ လင်းလက်က "ဟူး တော်ပါသေးရဲ့" ဆိုပြီး သက်ပြင်းဖွဖွချပြီး ဆက်ပြော၏။

"အဲဒါကောင်းတယ်၊ ဖေဖေ့သူငယ်ချင်းသား ကျော်သူစိုးမို့လား။ သမီးကတော့ ကြည့်မရပါဘူး။ နှာခေါင်းပွပွနဲ့ ... အဟီ"

ပြောရင်းဖြင့် ကျော်သူစိုးနှာခေါင်းကို မြင်ယောင်လာပြီး သူမ ရယ်ပင်ရယ်လိုက်မိသည်။

"ဩော် သမီးရယ် ... အိမ်ထောင်တစ်ခု တည်ဆောက်တဲ့နေရာမှာ နှာခေါင်းက သိပ်အဓိကမကျပါဘူး သမီးလေးရယ်။





ဒီကလေးက လူတော်လူကောင်းလေးပါ။ ငါ့သမီးလေးကိုလည်း မြတ်နိုးပုံရပါတယ်"

"ရင်မခုန်ပါဘူး ဖေဖေရာ။ ဒါပဲနော် သမီးကိုတော့ အတင်းအကျပ်ကြီး လာမလုပ်နဲ့နော်"

"အဲလိုမလုပ်ချင်လို့ ဖေဖေက သမီးကို နားလည်အောင် ပြောပြနေတာပေါ့။ တစ်ခုတော့ရှိတယ်နော်။ ကျောင်းပြီးလို့မှ ငါ့သမီး ရင်ခုန်ဘက်မတွေ့သေးဘူးဆိုရင်တော့"

"ဟဲ ဟဲ ... စိတ်ချစမ်းပါ။ သမီးကိုများ အထင် small လို့"

"အေးပါ ... အေးပါ"

သူမက ဘာရယ်မဟုတ် အဖေဖြစ်သူကို ကတိပေးမိသလို ဖြစ်သွားသည်။

ဒါကလည်း သူမ တစ်ယောက်ယောက် အားကိုးနဲ့ လူမိုက်လုပ်လိုက်တာပါ။ သိတယ်မဟုတ်လား။

*



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို လင်းလက်ကို ယောကျ်ားပေးစားတော့မှာပေါ့"

သူမစကားဆုံးတော့ သူ့ရင်ထဲမှာ အလိုလိုနေရင်း လစ်ဟာလို့သွားသည်။

ဝမ်းနည်းတာလား၊ နှမြောမိတာလား၊ ဆုံးရှုံးတာလား၊ သူကိုယ်တိုင်ပင် ခံစားမှုကို အမည်မဖော်တတ်။

"ကိုသျှိုင်း ... လင်းလက် ဘယ်လိုလုပ်ရမလဲဟင်"

"----"

သူ့လက်မောင်းလေးကို သူမက အားကိုးတကြီး လှုပ်ကိုင်





မေးလာတော့ သူ ဘာဖြေရမယ်မသိ။

သူ့ရင်ထဲမှာ သူမကို နှစ်သိမ့်အားပေးဖို့ စကားလုံး ပျောက်ရှနေသည်။

သူမ မျက်ဝန်းတွေမှ မျက်ရည်တွေကို သူမကြည့်လျက်။ မငိုပါနဲ့ အဖြူရောင်နတ်သမီးလေးရယ်။

"ပြောဦးလေ ... လင်းလက် ဘာလုပ်ရမလဲ။ လင်းလက် သူ့ကို မချစ်ဘူး ... အဟင့် ဟင့်"

"လင်းလက်ယူမယ့်လူက မချောဘူးလား"

အဆီအငေါ်မတည့်စွာ ထွက်ပေါ်လာသည့် သူ့အမေးစကားကြောင့် သူမ နှင်သွားရ၏။

စိတ်ထဲကလည်း "ဟွန်း တော်တော်တုံး တဲ့လူ" ဟု ပြောနေမိသည်။

"ချောဖို့နေနေသာသာ ကိုသျှိုင်းရယ်၊ အသက်က ကြီးကြီး၊ ဗိုက်ကပူပူ၊ သွားကကျဲကျဲ၊ အသားမည်းမည်းနဲ့ ... အဟီး ဟီး။ လင်းလက်တော့ ရေတိမ်နစ်ပါပြီ ကိုသျှိုင်းရယ် ... အဟီး ဟီး ဟီး"

သူမ၏ ဝမ်းနည်းပက်လက်ပုံစံကြောင့် သူ အငေါ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဖြစ်နေမိသည်။

သူ ဘာတတ်နိုင်မှာမို့လို့လဲ။ သူမအတွက် သူ ဘာလုပ်ပေးနိုင်မှာမို့လဲ။

အတွေးနှင့်ပင် မှန်းကျပ်သွားရသည်။

"ကိုသျှိုင်း"

"ဟင်"

အတွေးလွန်နေသည့် အီးတီတစ်ယောက် ဆောင့်ကြီးအောင့်ကြီး အော်ခေါ်လိုက်တဲ့ လင်းလက်အသံကြောင့် တွန့်သွားသည်။

"လင်းလက်ကို ဘာအကြံမှမပေးတော့ဘူးလား ပြောပါဦး"

သူမအမေးကြောင့် သူ သက်ပြင်းတစ်ချက်ကို ခိုးချမိသည်။ နောက်တော့ . . .

"မိဘက ကောင်းစေချင်လို့ စီစဉ်တာပဲ လင်းလက်ရယ်"

စကားပင်မဆုံးလိုက် သူမက အလောတကော ဖြတ်မေးလိုက်၏။

"ဘာလဲ . . . ကိုသျှိုင်းက အဲဒီလူကြီးနဲ့ သဘောတူ





နေတာလား"

"သဘောမတူလို့ ပြောရအောင်လည်း ကိုသျှိုင်းမှာ ပြောပိုင်ခွင့်မှ မရှိတာ။ အကောင်းဆုံးနည်းလမ်းတစ်ခုကတော့ လင်းလက်ကို လိုက်နေတဲ့အထဲက လင်းလက် စိတ်ဝင်စားတဲ့လူတစ်ယောက်ကို ရွေးလိုက်တော့"

"ဘာ"

မှန်းချက်နှင့်နမ်းထွက် မကိုက်တာကြောင့် သူမ 'ဘာ' လိုက်မိသည်။

သူမ ဘာကြောင့် အီးတီပင် ကြောင်ငေးသွားရသည်။ ငါ ဘာမှားလို့လဲဆိုပြီးတော့ပေါ့လေ။

လင်းလက်ရင်ထဲမှာ ဒင်းကို အတော်ကလေး ဒေါသူပုန်ထနေမိသည်။

တော်တော်အသုံးမကျတဲ့လူ။ တော်တော်တုံးတဲ့လူ။

မိန်းကလေးဘက်က ဒီလောက် မြောင်းအကျယ်ကြီး ဖောက်ပေးတာတောင် ရေမလွှတ်ရဲတဲ့လူ။

သူမမှာတော့ မိန်းကလေးတန်မဲ့ တမင် ပလီပလာတွေ လျှောက်ပြောပြီး သူ့ကို ကိုယ့်ဘက်ပါလာအောင် အာပေါက်ဖောက်



www.burmeseclassic.com

www.burmeseclassic.com



စည်းရုံးလိုက်ရတာ ဖတ်ဖတ်ကိုမောလို့။

ဒင်းကတော့ တုတ်တုတ်မျှမလှုပ်။

ပြောပါလား ပါးစပ်က "လင်းလက်ကို ကိုယ်အဆုံးအရှုံး မခံနိုင်ဘူး မစွန့်လွှတ်နိုင်ဘူး။ လင်းကို ကိုယ်အရမ်းချစ်တယ်"လို့ လေ။

"အင်း . . . ဒီပုံအတိုင်းဆိုရင်တော့ မရတော့ဘူး။ ငါ ဗျူဟာ ပြောင်းမှ ဖြစ်တော့မယ်"

ထိုအတွေးနှင့်အတူ သူမက တတ်သမျှ မှတ်သမျှ ဉာဏ်နီ ဉာဏ်နက်တွေ မာယာတွေကို ထုတ်သုံးဖို့ ဆုံးဖြတ်လိုက်လေတော့ သည်။

"အဟီး ဟီး . . . ရပါတယ် ဒီလောက်ဆို လင်းလက်သိပါ ပြီ။ အဟီးဟီး . . . ဒီကမ္ဘာပေါ်မှာ လင်းလက်ကို လက်ခံတဲ့သူ ချစ်တဲ့ လူ မရှိတော့ပါဘူး။ ဖေဖေ့ကိုလည်း မုန်းတယ်။ ကိုသျှိုင်းကိုလည်း မုန်းတယ်"

"ဩော် . . . မုန်းတယ်တဲ့လားကွယ်"

အီးတီ ရင်ထဲမှာ သူမအပြောကြောင့် ထိရှလို့သွား၏။

ပါးစပ်ကတော့ . . .





"ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ လင်းလက်ရယ်။ မိဘ က ကောင်းစေ"

"တော် . . . တော်ပါတော့၊ အဟင့် . . . ကိုသျှိုင်း ဘာမှ တရားချမနေပါနဲ့တော့။ လင်းလက်ရင်မခုန်တဲ့လူ မချစ်တဲ့လူကိုတော့ လင်းလက် လုံးဝမယူနိုင်ဘူး။ သူ့ကို လက်ထပ်မယ့်အစား လင်းလက် ကိုယ့်ကိုယ်ကိုယ်ပဲ သတ်သေတော့မယ်"

လင်းလက်ပုံစံက တကယ်ကို ငိုကြီးချက်မနှင့် အက်တင် အပြည့်။

လုံးဝ အကယ်ဒမီရွှေ့ပဲ။ အမူအရာတွေက သိပ်ပီပြင်လွန်း လှ၏။

သူမဗျူဟာ သိပ်မဆိုးလှဟုပြော၍ရသည်။ အီးတီလေသံ တွေ တစ်မျိုးပြောင်းလာခဲ့ချေပြီ။

သည့်အတွက်လည်း သူမ ကြိတ်ပျော်နေရ၏။

"မဟုတ်တာ လင်းလက်ရယ်"

"ဟုတ်ဟုတ် မဟုတ်ဟုတ် . . . လင်းလက်ကတော့ သတ် သေမှာပဲ။ ဒီကမ္ဘာမှာ လင်းလက်ကိုချစ်တဲ့လူမှ မရှိတာ"

"ဘယ်သူက မချစ်ဘူးပြောလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

အမှတ်တမဲ့ ထွက်သွားတဲ့စကားကြောင့် ယောကျ်ားကြီး တန့်မဲ့ အီးတီ ရှက်သွေးဖြာသွားသည်။

သူမကလည်း သူ့ကို မျှော်လင့်နေမိပေမယ့် တကယ် နဖူးတွေ့ ဒူးတွေ့ ကြုံလိုက်ရတော့ ခံစားချက်တစ်မျိုးကြီးဖြင့် ဆွံ့အလို့ သွားပါ၏။

"ဟို … ဟိုလေ … ကိုသျှိုင်းပြောတာက … ဟာ"

အီးတီ ဘာဆက်ပြောရမည်မသိ ဖြစ်နေ၏။

နောက်တော့ မထူးစိတ်ပိုက်ကာ ဘဝမှာ တစ်ကြိမ်တစ်ခါ လောက်တော့ ရဲရင့်ဖို့ ဆုံးဖြတ်ချက်ချလိုက်သည်။

"လင်းလက်ကို ကိုယ်ချစ်တယ်"

"ရှင်"

"စိတ်ဆိုးသွားပြီလား လင်းလက်ရယ်။ ကိုယ့်ကို အထင် သေးသွားပြီမို့လား။ ကိုယ့်ကို မုန်းသွားပြီမို့လားဟင်။ ကိုယ်သိပါ တယ်၊ ဒီလိုအချိန်မှာ ကိုယ့်ဘက်က ဒီလိုစကားမျိုး မပြောသင့်ပါဘူး ကွာ။ ဒါပေမဲ့ … ကိုယ် လင်းလက်ကို အဆုံးအရှုံးမခံချင့်ဘူး။ ချစ် တယ်ကွာ။ အခြေအနေ မတူညီမှန်း ကိုယ်လိုကောင်ဟာ လင်းလက်





လို နတ်သမီးလေးနဲ့ မထိုက်တန်မှန်း"

အီးတီတစ်ယောက် သူထင်ရာမြင်ရာတွေ ဆက်ပြောနေစဉ် လင်းလက်စကားကြောင့် အရှိန်တန့်သွားရ၏။

"ဟိုးထား … ဟိုးထား။ လူကိုလည်း လွှတ်ပါဦး။ ဒီမှာ အသက်ရှူကျပ်လှပြီ"

သူမပြောမှ အခြေအနေကို အီးတီသတိရသွားပုံရသည် အခြေအနေက အီးတီတစ်ယောက် သူထင်ရာမြင်ရာတွေ လွှတ်ပြော ပြီး လင်းလက်ကို ရင်ခွင်ထဲ ဆွဲသွင်းထား၏။

ပြီးမှ –

"အဲ … ဟုတ်ပါရဲ့၊ sorry " ဆိုပြီး မျက်နှာတစ်ဖက်လှည့် သွားပြီး ရှက်ပြုံးနေသည်။

"ဟွန်း … တတ်လည်း တတ်နိုင်တဲ့လူကြီး။ ရှိုးသလိုလို အသလိုလိုနဲ့ လေညကြီး … သွား"

သူမက ချစ်စနိုးနှင့် ရှက်ရမ်းရမ်းတာကို အီးတီက တကယ် မှတ်ပြီး "ဟုတ်" ဆိုပြီး ထွက်သွားဖို့ ဟန်ပြင်နေသဖြင့် သူမမှာ သက်ပြင်းရှည်ကြီးချကာ အချိန်မီတားလိုက်ရ၏။

"ဟော … ဒါက ဘယ်ကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လင်းလက်ပဲ သွားဆို"

"ရှင်ဟာလေ"

"သိဘူးလေ၊ လင်းလက်က ကိုသျှိုင်းမျက်နှာကို မမြင်ချင်တော့လောက်အောင် မုန်းသွားလို့၊ နှင်လွှတ်နေတာ မဟုတ်လို့လား"

"ဘယ်သူက ပြောလို့လဲ"

"တကယ်"

ဒါမျိုးကျ ဒင်းက အတော်လျင်ပါသည်။ လင်းလက်ကို ဈေးခနဲ ပွေ့ချီလိုက်တာများ မြောက်ခနဲပဲ။

"ကိုသျှိုင်း ... ဘာလုပ်တာလဲ၊ လင်းလက်ကို ပြန်ချပေဦးလေ'

"ဟား ဟား ... ပျော်လို့ပါကွာ"

"သွားပါ ... အခုမှ လူကို ဟိုလူကြီးနဲ့ အတင်းသဘောတူပြီးတော့များ"

သူမက စိတ်ဆိုးသလို မူနွဲ့နွဲ့ကလေးပြောတော့ သူက စပ်ဖြဲဖြဲဖြင့် –

"အဟဲ ... အဲဒါက ပွဲလန့်တုန်း ဖျာဝင်ခင်းတယ်ထင်မှာစိုးလို့





ကြိတ်မှိတ်ပြောလိုက်ရတာပါ"

"သူပဲ အမျိုးမျိုး ... ဟွန်း"

သည်လိုနှင့် သူမဇာတ်လမ်းထဲမှာ သူဟာ အလိုက်သင့်ကခွင့်ရတဲ့ ရွှေမင်းသားလေးတစ်ပါး ဖြစ်လာခဲ့ရလေပေတော့သည်။

သူမတို့ ချစ်ခရီးလမ်းက ဆူးငြောင့်ခလုတ်ရယ် မရှိခဲ့။

သူမက သူ့ကို အရမ်းချစ်သလို သူကလည်း သူမကို အတိုင်းမသိ မြတ်နိုးပါ၏။

သူ့ဘက်က တစ်ခါတစ်ရံ အိမ်အကြောင်းတွေးမိပြီး တွေဝေမှုတွေ ဖြစ်နေတတ်တာကလွဲလျှင်ပေါ့။

ဦးလင်းထက်က သူ့ကိုတွေ့ချင်နေသည်ဟု လင်းလက်မှတစ်ဆင့် သိထားသည်။

လင်းလက်က အတင်းခေါ်နေပေမယ့် သူ မဝံ့မရဲ ဖြစ်နေပါသည်။

ဒါကြောင့်လည်း အကြောင်းအမျိုးမျိုးပြကာ ရှောင်ရှော ညာရှောနေခဲ့ခြင်းဖြစ်သည်။

လင်းလက်ကတော့ သူ့ကို ဘယ်လို မြင်မှန်သည်မသိ။ သူ့အဖေဟာ သဘောမနောကောင်းကြောင်း။ အဆင့်အတန်း ...



www.burmeseclassic.com

www.burmeseclassic.com



တွေကို ရှေ့တန်းမတင်တတ်ကြောင်း စသဖြင့် သူ့ကို ဖေးဖေးမမ ပြောပြထားသည်။

နောက်ဆုံး ဦးလင်းထက် လက်မခံလျှင်တောင်မှ သူမက ခိုးရာလိုက်ခဲ့ဖို့အတွက်ပါ ထည့်စဉ်းစားထားကြောင်း စကားကုန်ပြောထား၏။

သူမအချစ်ကိုတော့ သူအကြွင်းမဲ့ယုံကြည်ပါသည်။ သည်အတွက်လည်း သူမကို ကျေးဇူးတင်နေမိသည်။

ခက်တာက အမေဗိုလ်၊ အစ်ကိုဖိုးထောင်နှင့် အစ်မနှစ်ယောက်ကို သူ ဘယ်လိုမျက်နှာမျိုးနဲ့ ရင်ဆိုင်ရမှာတဲ့လဲ။

ဒီအတွေးကပဲ သူ့ကို တစ်ချိန်လုံးနှိပ်စက်နေခဲ့တာ ဖြစ်သည်။ လင်းလက်ကတော့ ဘာပြဿနာမှ မရှိနိုင်ကြောင်း နိုင်နိုင်မာမာ အာမခံပြောကြားထားပါ၏။ သို့သော်။

＊



## အခန်း (၁၆)

မကြှိမ်းမြင့်တစ်ယောက် ရပ်ကွက်ထဲမှာ အတော်ငြိမ်သက်သွားပုံကြောင့် ဗိုလ်မတင်မက တစ်ရပ်ကွက်လုံးက ကြိတ်ပျော်နေကြ၏။

ဒင်းတို့လင်မယားက ငြိမ်ဆို ဗိုလ်မတို့ဆီကရသည့် အမွေပိုက်ဆံတွေဖြင့် တီဗီ အဖြူအမည်းအဟောင်းကလေးတစ်လုံးနှင့် VCD စက်အဟောင်းလေးတစ်ခုကို ပေါချောင်ကောင်းဝယ်ကာ အိမ်ထဲမှာပဲနေသောကြောင့် ဖြစ်သည်။

သို့ပေမယ့် သိပ်မကြာလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တီဗီတွေ အောက်ဆက်တွေကို ရှိုးသွားသည်နှင့် ပုံမှန်အတိုင်း အာကျယ်အာကျယ် ဖြစ်လာပြန်သည်။

ကိုဆန်ထွန်းကလည်း ထိုပိုက်ဆံတချို့ဖြင့် စက်ဘီး အဟောင်းလေးတစ်စီးဝယ်ကာ စက်ဘီးဝယ်ရောင်းလိုလို ပွဲစားလိုလို ပုံဖမ်းကာ ပိုက်ဆံအိတ်ကလေး ခါးမှာထိုးပြီး သနပ်ခါးအဖွေးသားနှင့် လမ်းသလားလာပြန်၏။

အကြားပိုတတ်သည့်လင်မယားက အောက်စက်နှင့်တီဗီကို volume အသံကိုတ်ဆုံးချဲ့ကာ ပတ်ဝန်းကျင် မကြားကြားအောင် ဖွင့်တတ်သည်။

လူအိပ်ချိန်တွေ၊ နံနက်စောစောတွေ မသိ။ သီချင်းတွေကို အကျယ်ကြီးဖွင့်ကာ သူတို့အိမ်မှာ တီဗီတွေ၊ ဗီစီဒီတွေရှိကြောင်း ကြွားနေတတ်၏။

တစ်ခါတစ်ရံ မြန်မာဟာသကားတစ်ကား လောက်ငှားပြီး ရယ်စရာမပါပါဘဲ မကြိမ်းမြင့်တစ်ယောက် 'တဟား ဟား' နှင့် အော်ကြီးဟစ်ကျယ် အော်ရယ်တတ်ပြန်သည်။

ဗိုလ်မတို့ကို စောင်းမြောင်းသည့်သီချင်းတွေ၊ ကြွားဝါသည့် စကားသံတွေကို နေ့စဉ်နှင့်အမျှ ဗိုလ်မ မခံနိုင်တော့။





သည်အချိန်မှာပဲ သားဖြစ်သူအီးတီက မြို့တက္ကသိုလ်မှ စာမူခ၊ သီချင်းရေးခတွေအဖြစ် ငွေ (၅) သိန်းပို့လိုက်ကြောင်း။ ထိုငွေကို အိမ်ပြင်ဆောက်ဖို့အကြောင်း ဖုန်းဝင်လာခဲ့သည်။

သို့နှင့် ဗိုလ်မက မခင်ညွန့်ထံမှ အိမ်နှင့်ဝိုင်းကို ချက်ချင်းပြန်ရွေးပြီး ကျန်သည့်ငွေတွေကို .TV 21" Sony အသစ်နှင့် EVD အောက်စက်ကို ဝယ်ပစ်လိုက်၏။

ထိုတင်မက (Sagar box) Speaker တွေပါ ဝယ်ပစ်လိုက်သည်။

ဖိုးထောင်နှင့် မိစံတို့ကလည်း အားပေးသည်။ ပိုနေသည့် ငွေတချို့ကို သွပ်ဝယ်မိုးလိုက်ကာ လက်နှိပ်တွင်း (စက်တွင်း) တစ်တွင်းပါ တူးပစ်လိုက်သည်။

ရပ်ကွက်ထဲမှာလည်း ဗိုလ်မက –

"ကျုပ်သား အီးတီက ရန်ကုန်မှာ တေးရေးဆရာ/ကဗျာဆရာ ဖြစ်နေပြီလေ။ ခန့်ခဆိုတာ ကျုပ်သားပေါ့။ ဒီနှစ်ထဲမှာပဲ သူ့သီချင်းတွေထွက်မှာတဲ့။ တစ်နိုင်ငံလုံးကပေးတဲ့ ကဗျာဆုလည်း ရထားသေးတယ်လေ။ အဲဒီကရတဲ့ငွေတွေနဲ့ ကျုပ်အိမ်မှာ TV တွေ၊ Box တွေ၊ ရေတွင်းတွေ၊ သွပ်တွေ ဝယ်မိုးပစ်တာပေါ့။ ကျုပ်သားနောက်



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးလာရင် သီချင်းတစ်ပုဒ်၊ ကဗျာတစ်ပုဒ်ရေးခက သိန်းချီရမှာတဲ့တော်။ ကျုပ်သားအီးတီက ကဗျာဆရာ၊ တေးရေးဆရာ၊ တရားသူကြီးတော့"

စသည်ဖြင့် သူ့သားအကြောင်း ပိုပိုသာသာလေး သတင်းလွှင့်ထားလိုက်သည်။

ကျန်သည့်လူတွေက ဝမ်းသာကြပေမယ့် မကြွမ်းမြင့်တို့လင်မယားကတော့ မနာလိုအာပနာပွားနေကြရသည်။

လက်မခံချင်ပေမယ့် ဗိုလ်မတို့အိမ်မှာ ပစ္စည်းတွေ အမှန်တကယ် ရောက်လာတာမို့ မကြွမ်းမြင့်တို့လင်မယား ယုံကြည်နေရ၏။

ဗိုလ်မတို့အိမ်က ပစ္စည်းအကောင်းစားအသစ်တွေမို့ ဒင်းတို့လင်မယား တီဗီနှင့်စက်အစုပ်ကလေးကို မဖွင့်ရဲတော့ပေ။

အကြောင်းက ဗိုလ်မတို့အိမ်ကသီချင်းသံက ဟောဒီ ဆင်းရဲသားရပ်ကွက်ကလေးကို ဖုံးလွှမ်းထားသောကြောင့်ပင် ဖြစ်၏။

ရေဆိုတာကလည်း ရပ်ကွက်ထိပ်မှာ ရေချတုန်း အလုအယက် ပြေးခတ်သုံးရတာဖြစ်သည်။

အခုတော့ ဗိုလ်မတို့ ထိုဝဋ်က ကျွတ်ခဲ့ချေပြီ။ သည့်အတွက်





ဗိုလ်မတို့မိသားစု ပျော်ရွှင်နေရသမျှ ဒင်းတို့လင်မယားမှာတော့။

ညဘက်ဆို ဗိုလ်မတို့အိမ်မှာ ပွဲတော်ကြီးအလား။

ရပ်ကွက်ထဲက အိမ်နီးချင်းတချို့နှင့် ရှိသမျှ ဘုစုခရုတွေက ဗိုလ်မအိမ်မှာ စုရပ်ဖြစ်လာသောကြောင့်ဖြစ်သည်။

တီဗီလာကြည့်ကြတာ ဖြစ်၏။ ဟာသကားများကြည့်မိပါက ဗိုလ်မအိမ်မှရယ်သံတွေက ဟိန်းခနဲ ထွက်လာတတ်၏။

သည်လို ဗိုလ်မတို့အိမ်မှာ လူစည်လေလေ မကြွမ်းမြင့်တစ်ယောက် ခံစားရလေလေ ဖြစ်နေသည်။

သူမ၏မနာလိုစိတ်က သူမကို ပြန်နှိပ်စက်နေသည်။

ဒီကြားထဲ ဗိုလ်မက ထီ (၂) သိန်း ထွတ်ရသွားသဖြင့် ပိုဆိုးသွားသည်။

ဗိုလ်မက သွားလေသူယောကျ်ားဖြစ်သူ ပေါက်ကြီးအတွက် ကုသိုလ်ယူပေးပြီး အိမ်မှာလည်း ဘုန်းကြီးဆွမ်းကပ်၊ ဘုရားကိုးဆူ လုပ်လိုက်သေးသည်။

စက်အကျယ်ကြီးဖွင့်ကာ အလှူအိမ်မှာ ကြာဆံဟင်းခါးကျွေးတာကြောင့် ပရိသတ်တွေ ကြိတ်ကြိတ်တိုးနေသည်။

"ဗီဗာဟိန်း" ၏။



www.burmeseclassic.com

www.burmeseclassic.com



“ရပ်ကွက်အတွင်းရှိ ××× လုပ်သားပြည်သူအပေါင်းတို့ ××× အလှူအိမ်သို့ ××× ကြွကြပါဖို့ ××× ဖို့” ဟူသည့် ဗျိုဟာစ်သံသီချင်းကလည်း မြူးကြွလို့နေ၏။

မကြမ်းမြင့်တို့လင်မယား အိမ်ထဲမှာကုတ်ပြီး ဗိုလ်မတို့ မိသားစုကို မရှုစိမ့်နိုင်ဖြစ်နေကြသည်။

လူဆိုတာ တူသောအကျိုးကို ခံစားရမည်ဆိုတာကို သူတို့ အခုထိ သဘောပေါက်သေးပုံမရ။

ဗိုလ်မတို့မိသားစု ပျက်စီးရာပျက်စီးကြောင်းကိုပဲ အမြဲတွေးတောနေမိသည်။

ဟောဒီ တစ်ရပ်ကွက်လုံးမှာ အလှူအတန်း အရက်ရောဆုံး အိမ်ကို ပြပါဆိုလျှင် မကြမ်းမြင့်တို့အိမ်ကို လက်ညှိုးထိုးပြရမည်သာ။

ဘုရားစူး မိုးကြိုးပစ် မကြမ်းမြင့်တို့အိမ်မှာ အလှူအတန်း လုပ်သည်ဆိုတာ တစ်ကြိမ်တစ်ခါမျှ မရှိခဲ့။

လူကြားသူကြား စကားပြောလျှင်တော့ မကြမ်းမြင့်က တကယ့် ဘုရားဒါယိကာမကြီးအတိုင်း။

အဲ ... ရပ်ကွက်ထဲမှာ အတွဲချိန်းတွေ့ဖို့ဆိုသည်နှင့် ပြေး မကြည့်ပါလေနဲ့။





အဲဒါ မကြမ်းမြင့်တို့အိမ်မှာပဲ ဖြစ်သည်။ မကြမ်းမြင့်တို့ လင်မယားက အတွဲတွေချိန်းတွေ့ချင်ပါက အိမ်ကနေ ရှောင်ပေးကြသည်။ သည့်အတွက် ပိုက်ဆံရသည်။

နောက် ဘယ်သူ့သားသမီးပဲဖြစ်ဖြစ် ကြိုရင်ကြိုသလို အောင်သွယ်လုပ်ပေးသေးသည်။

ပြီးတော့ ကောင်လေးရော ကောင်မလေးဘက်ကပါ နှစ်ဖက် ခွစားကြ၏။

ထို့အပြင် မကြမ်းမြင့်က ကိုယ့်သားသမီးအရွယ်လေးတွေကို ပင် ခွင်တွေ့တာနှင့် ချူစားတတ်သည်။

ညီလည်း ညီပါပေသည်။ လင်မယားနှစ်ယောက်စလုံး အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစားတွေ။

လင်မယားနှစ်ယောက်စလုံး အလုပ်ကြ လက်ကြောတင်း အောင် မလုပ်ချင်ကြ။

သမီးလုပ်စာကို အရှက်မရှိ ထိုင်စားနေကြသေးသည်။ ဒါကြောင့်လည်း လူမွေးလူယောင် မပြောင်ကြတာဖြစ်၏။

ဘာပဲဖြစ်ဖြစ်ပါ ဗိုလ်မဆိုတဲ့မိန်းမက သူများအကြောင်းကို သိပ် စိတ်ဝင်စားလှသည် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ထမင်းကိုယ်စားပြီး ကိုယ့်အလုပ်ကိုယ် လုပ်နေတတ်သူ ဖြစ်သည်။

အခု ဗိုလ်မက ဈေးထဲမှာ တို့ဟူးရောင်းရသည့်ငွေကို အီးတီထံ ပို့ဖို့မလိုတော့သည့်အတွက် ထိုငွေလေးဖြင့် အိမ်ဆိုင်လေး တစ်ဆိုင် ရဲရဲထောင်ထားလိုက်သည်။

အရင်ကတည်းက အိမ်ဆိုင်ရောင်းဖို့ စိတ်ကူးရှိပေမယ့် အိမ်ဆိုင်ထောင်လို့ အရင်းပြုတ်သွားဖူးသည့် မြောက်ဘက်အိမ်က မစောသူစကားကြောင့် မထောင်ရဲခဲ့တာ ဖြစ်သည်။

"ဗိုလ်မရေ . . . အိမ်ဆိုင်တော့ ယောင်လို့တောင် ထောင်ဖို့ စိတ်မကူးနဲ့။ ငါ့ကိုပဲကြည့် . . . အစပိုင်းကတော့ အဆင်ပြေမလိုလိုနဲ့ နောက်တော့ ချာချာလည်တော့တာပါပဲ။ အမိက တရားခံကတော့ မကြမ်းမြိုင့်တို့လင်မယားပဲ။ မစောသူရေ ယူသွားဦးမယ်နော် ဆပ်ပြာမှုန့်လေးနှစ်ထုပ်၊ အချိုမှုန့်လေးတစ်ထုပ်နဲ့ ဘယ်တော့မှ ပိုက်ဆံ လက်ငင်းမလာဘူး။ ယောက်ျားကလည်း ဘာထူးလို့လဲ။ တော်ကြာ ဆေးလိပ်၊ တော်ကြာ မီးခြစ်နဲ့၊ ဒီကြားထဲ လစ်ရင်လစ်သလို ခိုးသေးတာ။ ဒီကတော့ အိမ်နီးနားချင်းတွေ ပြောမကောင်းလို့ မပြောဘဲထားတာ ဒင်းတို့က အတယ်ထင်နေတာ။ ပေးပါဦးငါ့ပိ၊ နှိုက်သွားရင်





တစ်ကော်ကြီး။ ဈေးပါဦး ခရမ်းသီးလေး နှစ်လုံးလောက်။ ကြာတော့ ဘာခံနိုင်မှာလဲ။ ပြန်တောင်းရင် စိတ်ဆိုးသေးတာ။ အကြွေးတောင်းရင်လည်း သူတို့မယူဘူးချည်းပဲ ဘူးခံတာ။ ကြာတော့ အကြွေးတောင်းရတဲ့လူတောင် ရှက်လာတယ်။ ဒါလည်း လူကို အကောင်းမမြင်ဘူး။ ကွယ်ရာမှာ သောက်တင်းက ချသေးတာ ဗိုလ်မရေ။ အခု ငါနဲ့ ဘာလို့ စကားမပြောတော့တာလဲ သိလား။ ငါ့သမီးလေး သနပ်သနပ်တွေကို ဒင်းက ငါ့မျက်နှာမှမထောက် ဟိုဘက်ရပ်ကွက်က မုဆိုးဖိုမှုး မင်းကိုနဲ့ အောင်သွယ်ပေးတယ်တဲ့အေ။ တကယ်ဆို လူကြီးဖြစ်ပြီး သူကတောင် တားရဦးမှာ။ အခုတော့ . . . ဒင်းက မင်းကိုဆီက ပိုက်ဆံရလို့ လုပ်ပေးတာတဲ့ဟော့။ အဲ့ရော . . . အဲဒီကတည်းက ငါနဲ့ မတည့်တော့တာပဲ။ ဒီကောင်မ ကြည့်ထားစမ်းပါအေ . . . တစ်ရပ်ကွက်လုံးနဲ့တည့်မှာမဟုတ်ပါဘူး။ ဘယ်ချက် ရပ်ကွက်ထဲက မောင်းထုတ်ခံ ရမလဲမသိပါဘူး။ လင်မယားနှစ်ယောက်စလုံး တင်တင်စီးစီးတွေ"

ဗိုလ်မတစ်ယောက် မစောသူစကားတွေကို ပြန်ကြားယောင်ပြီး ပြုံးမိသွားသည်။

အခုတော့ ဒင်းတို့ရန်ကိုလည်း မကြောက်ရတော့။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း အိမ်ဆိုင်ကလေးကို ရဲရဲဖွင့်လိုက်ခြင်း ဖြစ်သည်။

ဒင်းတို့နဲ့ ရန်ဖြစ်ထားတာပဲ ခပ်ကောင်းကောင်း။ မဟုတ်လို့ကတော့ ခံလိုက်မည့်အကြွေး။

ဘာပြောကောင်းလိမ့်မလဲနော်။ ဒင်းတို့က ဒါလောက် စောင့်နေကြတာရယ်။

အခုတော့ ဗိုလ်မခြံရှေ့မှာ ဆိုင်းဘုတ်လေးတစ်ခုက ခန့်ခန့်ကြီး နေရာယူထားခဲ့ချေပြီ။

* * *

မုဆိုးမဗိုလ်မ (ကုန်စုံဆိုင်)

သတိ။ ။ မည်သူ့ကိုမျှ **အကြွေး** မရောင်းပါ။

ပုံ / ဗိုလ်မ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

လင်းလက်တို့ ချမ်းသာကြွယ်ဝသည်ကိုသိပေမယ့် ဤမျှလောက်ကြီး ဒဗီးတီ ထင်မထားခဲ့မိ။

အီးဇဲ့ဒ်တစ်ယောက် ယောက္ခထီးလောင်းကြီးနှင့် တွေ့ဖို့ အရဲစွန့်လိုက်လာခဲ့ရပေမယ့် ခြံရှေ့မှာတင် ဒူးတုန်ချင်လာသည်။

ဤလောက် ကြီးကျယ်ခမ်းနားသည့် ခြံကြီးထဲမှာ သားအဖနှစ်ယောက်တည်းနေသည်တဲ့။ မယုံနိုင်စရာပါပဲ။

လူနှစ်ယောက်တည်း ရှိနေသည့် ခြံကြီးထဲမှာ နောက်ဆုံးပေါ်ကားအကောင်းစားလေးစီး တိတိရပ်ထားတာ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် လင်းလက်စီးနေသည့် ကားအဖြူလေးမပါသေး။

ညေ့ခန်းထဲ ရောက်လာမှာ အီးတီ အသက်ရှူပင်ရပ်ချင်သွား သည်။

တန်ဖိုးကို တိတိကျကျမသိပေမယ့် ပန်းချီကား၊ ပန်းအိုး၊ LCD TV ၊ Aircon ၊ ရေခဲသေတ္တာ စသည့် ဂုဏ်လက္ခဏာပြ ပစ္စည်းတွေ၏တန်ဖိုးက နည်းမှာမဟုတ်။

ကြမ်းပြင်မှာခင်းထားသည့် အမွေးပွကော်ဇော၊ မျက်နှာကျက် မှာ အလှဆင်ထားသည့် မီးစွဲမီးပန်း၊ နံရံတွေမှာ ကပ်ထားသည့် ကြွေပြား။

မြင်မြင်သမျှ အရာအားလုံးက အကောင်းဆုံးဆိုတာတွေ ချည်း။

အမေဗိုလ်အိမ်လေးနှင့် နှိုင်းယှဉ်မိပြီး အီးတီစိတ်ထဲမှာ သိမ် ငယ်ချင်သလို ခံစားနေရ၏။

"ကိုသျှိုင်း ... လာလေ၊ မတ်တပ်ကြီးရပ်ပြီး ဘာတွေ စဉ်းစားနေတာလဲ"

လက်မောင်းကိုလှုပ်ပြီး လင်းလက်ကပြောတော့မှ အီးတီ အသိပြန်ဝင်လာသည်။





သည့်တော့မှ ထိုင်ဖို့ သတိရကာ လင်းလက်ပြသည့် ဆိုဖာပေါ်မှာ ဝင်ထိုင်ဖြစ်သည်။

"ဘာမှစိုးရိမ်မနေနဲ့သိလား။ ဖေဖေက လူငယ်တွေလိုပဲ ပွင့်ပွင့်လင်းလင်း ရယ်ရယ်မောမော ပြောမှာပါ။ ပြီးတော့ ဖေဖေက လင်းလက်ကို အရမ်းချစ်တယ်။ လင်းလက်စိတ်ဆင်းရဲအောင် ဘာမှ လုပ်မှာ မဟုတ်ပါဘူး။ စိတ်အေးအေးထားနော် ကိုသျှိုင်း"

"အင်းပါ"

ခေါင်းသာညိတ်ပြလိုက်ရသည်၊ စိတ်ထဲကတော့ မအေးနိုင် ပါ။

ယောက္ခထီးနဲ့ တွေ့ရမှာဆိုတော့ ရင်တော့ ခုန်နေမိသား။

"ကိုသျှိုင်း ... ခဏစောင့်ဦးနော်။ လင်းလက် ကိုသျှိုင်း အတွက် ကော်ဖီသွားဖျော်ရင်း ဖေဖေ့ကို သတင်းပို့လိုက်ဦးမယ်"

လင်းလက်ထွက်သွားတော့မှ ညေ့ခန်းထဲမှာ အီးတီ တစ် ယောက်တည်း ပိုအားငယ်သွားရသည်။

ဟိုဟိုဒီဒီ လျှောက်ကြည့်ရင်း နံရံမှာချိတ်ထားသည့် ဓာတ်ပုံ ကြီးကို တွေ့လိုက်ရ၏။ လင်းလက်တို့ မိသားစုသုံးယောက်ပုံ ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းလက်က ဓာတ်ပုံထဲမှာ ရှင်းသန့်စွာ ပြုံးနေ၏။

လင်းလက်ဖေဖေဖြစ်ဟန်တူသည့် လူကြီးကလည်း ဥပမိရုပ်ကောင်းကောင်းနှင့် သမာသမတ်ရှိပုံပေါ်၏။

လင်းလက်မေမေကတော့ ဓာတ်ပုံထဲမှာ လင်းလက်ပုခုံးကို အသာအယာကိုင်ထားရင်း ယောင်ယောင်လေးပြုံးနေ၏။

ဤဓာတ်ပုံနှင့် လင်းလက်၏ပြောစကားအရ လင်းလက်၏ ရုပ်ရည်က အမေတူပြီး ပွင့်လင်းသည့်စိတ်ဓာတ်က ဖအေတူဖြစ်ဖို့ များသည်။

စာရေးဆရာပီပီ အီးတီတစ်ယောက် အတွေးတွေ ပြေးလွှားခုန်ပေါက်နေစဉ် လင်းလက်တို့သားအဖ ထွက်လာကြသည်။

လင်းလက်က ကော်ဖီခွက်ကို ရှေ့မှာလာချပြီး ဦးစွာ ဥလောကွတ်စကားပြောပြီး သူနှင့် သူ့ဖေဖေတို့ကို မိတ်ဆက်ပေးသည်။

"ကိုသျှိုင်း ကော်ဖီသောက်၊ ဖေဖေ ... ဒါ သမီးရဲ့ချစ်သူကို သျှိုင်းမောင်မောင်ပါ။ သမီးနဲ့အတန်းတူပဲ။ ကဗျာရေးတယ်၊ သီချင်း ရေးတယ်"

ဦးလင်းထက်က သမီးဖြစ်သူစကားကို နားထောင်ရင်း ခေါင်းတညိတ်ညိတ်ဖြင့် အီးတီကို ခြေဆုံးခေါင်းဆုံး အကဲခတ်သလို





ကြည့်နေသည်။

ထိုအကြည့်ကြောင့် အီးတီတစ်ယောက် မနေတတ် မထိုင်တတ် ဖြစ်သွားကာ ယောင်ယောင်မှားမှားဖြင့် ဦးလင်းထက်ကို ပြန်ပြီး ပြုံးလိုက်သည်။

"ဖေဖေနာမည်က ဦးလင်းထက်တဲ့။ အလုပ်ကတော့ စာအုပ်ထုတ်ဝေရေးနဲ့ Venus မဂ္ဂဇင်းအယ်ဒီတာချုပ်ပေါ့။ ပြီးတော့ Venus တေးထုတ်လုပ်ရေးလည်း လုပ်တယ်"

"ဟုတ်ကဲ့၊ ဆရာ့ကိုတွေ့ရတာ ကျွန်တော် ဝမ်းသာပါတယ် ဆရာ။ ကျွန်တော့်ကလောင်က ခန့်ခပါ"

"သိတာပေါ့။ ဦးက စာပေသမားဆိုတော့ စာပေသမားတွေကို သဘောကျတယ်။ လေးစားတယ်။ ဒါပေမဲ့ ဦးကိုတော့ ဆရာလို့ မခေါ်ပါနဲ့ကွာ။ ရင်းရင်းနှီးနှီး ဦးလို့ပဲခေါ်ပါ"

"ဟုတ်ကဲ့ဆရာ ... အဲ ဟုတ်ကဲ့ ဦး"

ယောင်ယောင်မှားမှား ဖြစ်သွားတဲ့ အီးတီအဖြစ်ကြောင့် ဦးလင်းထက်တို့သားအဖ သဘောတကျ ပြုံးမိသွားကြသည်။ ပြီးမှ ဦးလင်းထက်က –

"ငါ့တူ ကဗျာတွေကို ဦးအရမ်းကြိုက်တယ်။ လူငယ်ဆိုမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကဗျာဖွဲ့စည်းပုံ စကားလုံးသုံးထားပုံတွေက တကယ်လှတယ်"

"ဟာ ... အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူးဗျာ။ ကျွန်တော်က အခုမှ ကြိုးစားနေတာပါ"

"ဦးက အမှန်အတိုင်းပြောနေတာ။ ငါ့တူ ဟိုတလောက ကဗျာဆုရထားတယ်မို့လား။ ငါ့တူကို တစ်နိုင်ငံလုံးသိတယ်။ စာပေသမားတွေကလည်း ကဗျာဆရာခန့်စ ဆိုတာကို လေးစားနေကြတာ"

"ကျွန်တော့်အရွယ်က"

"ဟ ... ငါ့တူ၊ စာပေမှာ ပညာအရည်အချင်းတွေ၊ အသက်အရွယ်တွေမလိုဘူး။ ရာထူးဂုဏ်ထူး ငွေကြေးတွေမလိုဘူး။ ဦးလည်း အယ်ဒီတာချုပ်တစ်ယောက်ပဲ။ မှတ်ထား ဦးတို့အယ်ဒီတာတွေဆိုတာ ဘယ်တော့မှ လူကိုမကြည့်ဘူး။ စာကိုပဲကြည့်တာ။ လူငယ်ပေမယ့် စာမူကောင်းရင် သုံးတာပဲ။ ဒါ ... ဆရာပဲ။ အနုပညာကို လေးစားတာ"

"ဟုတ်ကဲ့"

"ရှိပါတယ် ... စာပေလောကထဲမှာ တချို့အယ်ဒီတာတွေက နာမည်ကြီးစာရေးဆရာဖြစ်ရင် ပြီးတာပဲ။ စာကောင်းကောင်း မကောင်းကောင်း သုံးလိုက်တာပဲ။ နောက် ဒီစာမူက သူငယ်ချင်းမို့လို့





ဒီကဗျာလေးက ငါ့တူမို့လို့ဆိုပြီး အနှစ်မပါတဲ့စာမူတွေ ထည့်သုံးနေကြတာလေ။ ငါ့တူလည်း သိမှာပါ၊ အဲဒါ အယ်ဒီတာကောင်း မဟုတ်ဘူး။ စာပေလောကကို အဆိပ်ခတ်နေတဲ့လူတွေ။ အယ်ဒီတာကောင်းဆိုတာ နာမည်ဘယ်လောက်ကြီးတဲ့ စာရေးဆရာဖြစ်နေပါစေ မကောင်းရင် လုံးဝမသုံးဘူး။ ဦးဆိုရင်လည်း ကိုယ့်သမီးပေးတဲ့ စာမူဖြစ်ပါစေ မကောင်းရင် ပယ်ပစ်မှာပဲ။ ကိုယ့်သမီးဆိုတဲ့စိတ်နဲ့ ထည့်သုံးလိမ့်မယ် မမှတ်နဲ့"

"သမီးကလည်း လုံးဝ ဝါသနာမပါပါဘူးနော်"

လင်းလက်က သူမဖေဖေကို သူမ စာရေးတာ ဝါသနာမပါကြောင်း ဝင်ပြောတာကြောင့် ဦးလင်းထက်နှင့် အီးတီတို့ ပြုံးမိကြသည်။

"သိပါတယ်၊ ဖေဖေ့သမီးအကြောင်းကို။ သမီးက အိပ်ဖို့နဲ့ စားဖို့ပဲ ဝါသနာပါတာမို့လား"

"ဖေဖေနော် သမီးငိုလိုက်မှာနော်"

ဖအေ့စကားကြောင့် သူမက ငိုမလို ဟန်ဆောင်ပြတော့ အီးတီက ပြုံးနေ၏။

ဦးလင်းထက်ကတော့ –



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ငိုတော့မငိုလိုက်ပါနဲ့နော်။ ဖေဖေက သမီးကို စတာပါ။ ဟဲ ဟဲ ... သမီးအလိမ္မာတုံးလေးကို ဖေဖေက ဒီလို လက်လွှတ်စပယ် ပြောထွက်ပါ့မလား ... ဟဲ ဟဲ"

"ဟွန်း ဒီလိုမှပေါ့" ဆိုပြီး ပြုံးပြုံးကြီးဖြစ်သွားသည့် သမီးဖြစ်သူကိုကြည့်ပြီး ဦးလင်းထက်က "အဲဒါသာကြည့်တော့ ငါ့တူရေ ... သမီးက ကလေးသိပ်ဆန်တာ"

"သမီး ကလေးမဟုတ်တော့ပါဘူးနော်။ ရည်းစားတောင်ရနေပြီ ... အဟီးဟီး"

ကြည့်စမ်း ... ဒါသမီးက ဖအေကိုပြောရမယ့်စကားတဲ့လား။ တော်တော်ဆိုးတဲ့ကောင်မလေး။

သူမအပြောကြောင့် ကြားထဲကနေ အီးတီတစ်ယောက် မျက်နှာပူနေရသည်။ သူမကတော့ ဟန်မပျက် အေးဆေးဆေးဆေးပါပင်။

"အဲ ... စောစောကစကားပြန်ဆက်ရရင် ငါ့တူရေ အယ်ဒီတာဆိုတာ တရားသူကြီးတစ်ယောက်နဲ့ တူတယ်ကွ"

"ဟုတ်ကဲ့ ဦး"

စာပေသမားအချင်းချင်းဆိုလည်း ဟုတ်၊ ဆရာဆိုလည်း





ဟုတ်၊ အယ်ဒီတာဆိုလည်း ဟုတ်။ ပြီးတော့ ယောက္ခထီးလောင်းဆိုလည်း ဟုတ်နေသည့် ဦးလင်းထက်စကားကို အီးတီက တကယ်စိတ်ဝင်တစား နားထောင်နေ၏။

"အမိန့်ချရတော့မယ့်တရားသူကြီးတစ်ယောက်ဟာ ပြစ်မှုထင်ရှားနေတဲ့ တရားခံကို ဘယ်လိုပဲဖြစ်ဖြစ် အပြစ်ပေးကိုပေးရမှာ။ အပြစ်မရှိတာ ပေါ်လွင်နေရင်လည်း လွှတ်ကိုလွှတ်ပေးရမှာပဲ။ ဒါလေးက ငါ့သူငယ်ချင်းသားမို့ ငါ့တူမို့ဆိုပြီး လွှတ်ပေးလို့မရဘူး။ ပြီးတော့ တရားသူကြီးတွေက တကယ်အပြစ်ရှိတဲ့ တရားခံ အယောက် (၁၀၀) လွှတ်သွားတာထက် အပြစ်မရှိတဲ့လူတစ်ယောက်ကို မှားပြီး အပြစ်ပေးမိမှာ အကြောက်ရဆုံးပဲ"

"ဟုတ်ကဲ့"

လင်းလက်ကပါ သူမအဖေစကားကို စိတ်ဝင်စားလာပုံရသည်။ ပြောသမျှကို ငြိမ်သက်နားထောင်နေ၏။

"ဒါကြောင့်လည်း တရားဥပဒေမှာ ခွေမျိုးမရှိဘူးလို့ ပြောတာပေါ့။ အေး အဲသလိုပဲ စာပေမှာလည်း လုံးဝ ခွေမျိုးမရှိဘူး။ ဦးတို့ အယ်ဒီတာတွေကလည်း စာမူကောင်းတစ်ပုဒ်ကို မှားယယ်လိုက်မိမှာ အစိုးရိမ်ဆုံးပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဦးက အနုပညာသမားတစ်ယောက်မို့လားတော့ မသိဘူး။ ဦးစိတ်က တစ်မျိုးကွ။ ပေတေစုတ်ပြတ်နေတဲ့ လူတစ်ယောက် ဖြစ်နေပါစေ၊ သူဟာ စာသမားတစ်ယောက်ဆို ဦးက လေးလေးစားစား ဆက်ဆံမှာပဲ။ အရက်သမားမို့ ဆင်းရဲသားမို့ ကလောင်သစ်မို့ဆိုပြီး ဘယ်တော့မှ မျက်နှာလွှဲခဲပစ်မလုပ်ဘူး။ မလုပ်လည်း မလုပ်သင့်ပါဘူး။ သူ့ဘာသာ အရက်ကြိုက်လို့ သောက်တာသောက်ပေါ့။ ဘဝပေးကုသိုလ်ကြောင့် မွဲတာမွဲပါစေပေါ့။ ကလောင်သစ်တော့ရော ဘာဖြစ်လဲ။ ဒီနေ့ ကျော်ကြားနေတဲ့ စာရေးဆရာတွေလည်း ကလောင်သစ်ကပဲ စခဲ့ကြရတာ မဟုတ်လား။ ဟိုစကားလိုပေါ့ကွာ၊ ယောက္ခမဆိုတာ တစ်ချိန်က သမက်ပါပဲ . . . ဟဲ ဟဲ ဟဲ"

"ဟုတ်"

ဦးလင်းထက်စကားတွေက အီးတီအတွက် တန်ဖိုးမဖြတ်နိုင်ပါ။

ဗဟုသုတ၊ ပြီးတော့ အယ်ဒီတာကောင်းတစ်ယောက်၏ တရားဝင်ချမှတ်ထားခြင်း မရှိပေမယ့် စာပေသစ္စာနှင့် စာပေချစ်မြတ်နိုးမှုကြောင့် အလိုလို သိနားလည်ထားရမယ့် စာပေစည်းကမ်းတွေကို





သဘောပေါက်ခွင့်ရသည်။

အဆုံးသတ်မှာ အရွှန်းထဖောက်ပြောလာသည့် စကားကြောင့် အီးတီတစ်ယောက် မအီမလယ်ကြီး ဖြစ်သွားရသည်က လွဲလျှင်ပေါ့။

"ဒီတော့ ကိုယ်က လူငယ်ပဲ ကြိုးစားပေါ့ကွာ။ အခုဆိုလည်း အယ်ဒီတာတွေက ကလောင်သစ် ကလောင်ရင့် ခွဲမနေတော့ပါဘူး။ နယ်က ကဗျာဆရာလေးတွေကိုဆို ပိုပြီး ဦးစားပေးလာကြပါပြီ။ နယ်မှာလည်း တကယ်ဝါသနာကြီးတဲ့ ရွက်ပုံးသီးတွေရှိတယ်ကွ။ သူတို့က မြို့နဲ့ အလှမ်းဝေးနေကြလို့သာ"

"ဟုတ်တယ်ဦး။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆို သီချင်းအရေးကောင်း အဆိုကောင်း။ ဒါပေမဲ့ ရွာမှာဆိုတော့၊ ပြီးတော့ ငွေကြေးကလည်း မပြည့်စုံတော့"

"ဒီလိုပဲပေါ့ ငါ့တူရာ။ အခု ငါ့တူဆိုလည်း သီချင်းအရေးကောင်းတာပဲ။ ဟိုကောင်မျိုးမင်းတောင် studio မှ Recording စနေပြီ။ ငါ့တူသီချင်းတွေကို ဦးတောင် နိုက်တယ်"

"မမြှောက်ပါနဲ့ဗျာ"

အီးတီက ရှက်သလိုပြောတော့ ဦးလင်းထက်က –



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … မြောက်တာမဟုတ်ဘူး။ ဦးက တကယ်ကောင်းလို့ ပြောနေတာ"

"ဖေဖေ"

ဦးလင်းထက်တို့ စကားကောင်းနေစဉ် လင်းလက်က ဖြတ်ခေါ်လိုက်သဖြင့် ဦးလင်းထက်စကားစ ပြတ်သွားပြီး –

"ဟေ … သမီး ဘာလဲ"

"အခု ဖေဖေက ကိုသျှိုင်းကို စကားပြောဖို့ ခေါ်ခိုင်းတာလား။ သမက်ဖြစ် မဖြစ် အကဲခတ်ဖို့ ခေါ်ထားတာလား။ တကယ်ပဲ မပြီးတော့ဘူး။ စာကြောင်း ဂီတကြောင်း တစ်နာရီကျော်သွားပြီး ပြောနေကြတာ။ အခုထိ လိုရင်းမရောက်ဘူး"

သမီးဖြစ်သူ၏ ရှုပ်ပွစကားကြောင့် ဦးလင်းထက် အူတက်သွားရသည်။

"ဟား ဟား ဟား … ဩော် … ဖြစ်ရလေ ငါ့သမီးရယ်။ ဖြစ်ရလေ … ဟား ဟား ဟား"

"လင်းလက် အဖေကို ဒီလိုမပြောရဘူးလေ။ စာပေသမားတွေဆိုတာ ဒီလိုပဲ အချင်းချင်းတွေ့လိုက်တာနဲ့ စကားစက မပြတ်တော့ဘူး"





"ဟွန်း"

အီးတီက လက်းလက်ကို အကျိုးအကြောင်းဝင်ပြောတော့ သူမက စိတ်ကောက်ကာ တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။

"ဟား ဟား … နေပါစေငါ့တူရာ။ သမီးက ဒီလိုပဲကွ။ ကဲ ကဲ … ငါ့သမီးလေး စိတ်ကောက်ပြေသွားအောင် စကားစတော့မှ … အဟဲ ဟဲ"

သမီးရှင်ဖြစ်သည့် ဦးလင်းထက်က အထက်ပါစကားကို ရယ်ရယ်မောမော အေးအေးဆေးဆေး ပြောသွားပေမယ့် အီးတီတစ်ယောက် မျက်နှာပူသွားမိသည်။

"ကဲ … ငါ့တူက သမီးရဲ့ချစ်သူနော်"

"ဟုတ်"

"စကားအဖြစ်သာ မေးရတာပါကွာ။ သမီးပြောပြလို့ ငါ့တူအကြောင်းကို ဦးသိပြီးသားပါ။ ထွေထွေထူးထူး သိပ်ပြောစရာမရှိပါဘူး။ ငါ့တူနဲ့သမီးလေးကို ဦးကြည်ဖြူပါတယ်"

"– – –"

"ဟဲဟဲ … ဒီလိုလုပ်စမ်းပါ ဖေဖေရဲ့ … အဟီးဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



ဖအေကလည်း ပြောမှပြောတော့ ဒဲ့ကြီး။ သမီးကလည်း ကြားတဲ့အတိုင်းပဲ။

ယောကျ်ားကြီးတန်မဲ့ အီးတီတစ်ယောက်သာ ငြိမ်သက်ပြီး ခေါင်းကြီးငုံ့နေသည်။

အင်းပေါ့လေ ... သူက အားနွဲ့တဲ့ယောကျ်ားသားဆိုတော့ ရှက်နေရှာမှာပေါ့။

"ရှေ့လထဲဆို သမီးလေးလည်း ကျောင်းပြီးသွားပြီဆိုတော့ ငါ့တူဘက်က ဦးသမီးလေးကို ဘယ်တော့လောက် လက်ထပ်မယ် စိတ်ကူးထားလဲ"

"ဗျာ"

တဲ့တိုးကြီးဆိုလာသည့်စကားကြောင့် အီးတီတစ်ယောက် 'ဗျာ' ဆိုပြီး ဘယ်လိုပြန်ဖြေရမည်မသိတော့။

"ဦးကတော့ ကျောင်းပြီးတာနဲ့ အမြန်ဆုံး သမီးလေးကို နေရာချထားပေးချင်တယ်။ ဒါမှလည်း ဦး တာဝန်တစ်ခု လျော့သွားမှာ"

"ဩော် ... ဖေဖေက သမီးကို ဝန်ထုပ်ဝန်ပိုးလို့ဖြစ်နေလို့ အတင်း ယောကျ်ားပေးစားနေတာပေါ့လေ ဟုတ်လား"





လင်းလက်က သူမဖေဖေကို အထက်ပါအတိုင်း မကျေနပ်သလိုပြောတော့ ဦးလင်းထက်က ပျာပျာသလဲနှင့် –

"အဲ ... အဲလို ... သဘောကြီးလည်း မဟုတ်ပါဘူး သမီးရယ်။ ဖေဖေက အသက်ကြီးပြီမဟုတ်လား။ ပြီးတော့ သမီးက အခုမဟုတ်လည်း နောင်တစ်ချိန်ချိန်ကြ ယောကျ်ားယူဖြစ်မှာပဲ။ ဒါ သဘာဝပဲ။ ဟော ... အခု ဖေဖေ့ရှေ့မှာတင် သမီးချစ်တဲ့သူနဲ့ လက်ထပ်သွားတော့ ဖေဖေ တစ်ပူလျော့သွားတာပေါ့ သမီးရယ်"

"ဩော် ... ဂလိုလား။ သိပါဘူး သမီးကတော့ ဖေဖေ သမီးကို မထိန်းချင်တော့ဘူးလားလို့ပါ"

သူမစကားအဆုံးမှာ ဦးလင်းထက်က အစောကစကားကို ပြန်စလာ၏။

"အဲဒီတော့ ငါ့တူသဘောက"

"ဟိုလေ ... ကျွန်တော် ဟို"

"ကိုသျှိုင်း ပြောလိုက်လေ"

အ,ထစ် အ,ထစ်ဖြစ်နေသည့် အီးတီကို သူမက စိတ်မရှည်သလို ဝင်ပြောတော့မှ အီးတီတစ်ယောက် မထူးစိတ်ပိုက်ကာ အာတင်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို … ဒါက ဒီလိုပါ ဦး"

"အေးပြော … ပွင့်ပွင့်လင်းလင်းသာပြော"

"ဟိုဟာ ကျွန်တော့်မှာက မင်္ဂလာဆောင်စရိတ်"

စကားမဆုံးခင် ဦးလင်းထက်က –

"ဒီအတွက် ဘာမှမပူနဲ့ငါ့တူ။ အားလုံး ဦးတာဝန်ယူတယ်။ နေ့ဖို့ထိုင်ဖို့ကာစ ဘာမှပူစရာမရှိဘူး။ အေး မင်္ဂလာပွဲပြီးတာနဲ့ ငါ့တူက ဒီမှာလာနေရင်း ဦးနဲ့အတူ လက်ထောက်အယ်ဒီတာလုပ်ရမယ်။ တစ်ဖက်ကလည်း သီချင်းလေး စာလေး ရေးပေါ့ကွာ။ ဟုတ်ဖူးလား"

ကဲ … သည်လောက်ကောင်းသည့် ယောက္ခမ၊ မိတ်ဆွေတို့ ကြုံဖူးပါလေစ။

ဒါကိုပင် ဒင်းက အင်တင်တင်လုပ်နေသေးသည်။

"ဟိုလေ … ပြီးတော့ ကျွန်တော့်အမေနဲ့ အစ်ကိုအစ်မတွေ ကိုလည်း အသိမပေးရသေးတော့"

"ငါ့တူမိဘတွေအတွက်လည်း ဘာမှမပူနဲ့။ ဦး အပွင့်အလင်း ဆုံးပြောမယ်ကွာ။ ဦးသေသွားရင် ဦးပိုင်ဆိုင်သမျှ စည်းစိမ်တွေက ဦးသမီးလေးပဲရမှာ။ နောင်တချိန်မှာလည်း ငါ့တူက Venus မဂ္ဂဇင်းရဲ့ အယ်ဒီတာချုပ်ဖြစ်လာမှာပဲ။ ငါ့တူကို ဦးက လခလည်းပေးဦးမယ်"





"မဟုတ်တာဦးရယ် ကျွန်တော်က"

စကားမဆုံးသေးခင် ဦးလင်းထက်က လက်ဝါးကာပြပြီး သူ့စကားကို ဆက်ပြောသဖြင့် … အီးတီ အသာငြိမ်နေပေးလိုက်ရ၏။

"နေဦး … ဦးပြောတာကို ငါ့တူ ဆုံးအောင်နားထောင်။ ငါ့တူက လခရော ငါ့တူရတဲ့ စာမူခ၊ သီချင်းရေးခတွေအားလုံး ငါ့တူ အမေကို ပို့ပေးပါ၊ ဦး တောင်းဆိုချင်တာက တစ်ခုတည်းပဲ"

"ဟုတ်ကဲ့ပြောပါ"

သူ့မအဖေစကားကို လင်းလက်ကလည်း စိတ်ဝင်တစား နားထောင်နေ၏။

"ဦးက ဦးတည်ထောင်ထားတဲ့ ဟောဒီ Venus မဂ္ဂဇင်းလေး ကို သိပ်သံယောဇဉ်ရှိတာကွ။ ဒီတော့ ငါ့တူက ဦးမရှိတော့တဲ့ နောက်ပိုင်းမှာတော့ ဒီမဂ္ဂဇင်းလေး ကောင်းသထက်ကောင်းလာအောင်၊ အဓွန့် ရှည်သထက်ရှည်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးပါကွာ"

"ဒီအတွက်တော့ စိတ်ချနေပါ ဦး။ ကျွန်တော်လည်း စာ သမားတစ်ယောက်ပဲ။ ကျွန်တော် အကောင်းဆုံး ကြိုးစားသွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့တူဆီက ဒီလိုစကားမျိုးကြားရတာ ဦး အရမ်းဝမ်းသာတယ်ကွာ၊ အားလည်း ရှိတယ်"

"သြော် ... ဖေဖေတို့များကွာ၊ ကိုယ့်သမီးလေးကိုတော့ ဂရုစိုက်ဖို့ မမှာဘူး၊ သူ့မဂ္ဂဇင်းလေးကိုကျ တဖွဖွနဲ့ ... ဟွန်း" ဆိုပြီး လင်းလက်က စာအုပ်နှင့်ယှဉ်ပြီး စိတ်ကောက်နေတာကြောင့် ဦးလင်းထက်နှင့် အီးတီတို့ အားရပါးရ ရယ်ဖြစ်ကြ၏။

"ဟား ဟား ... ငါ့သမီးလေးကတော့ကွာ။ မှာနေစရာလိုသေးလားလို့ ... ဟား ဟား ဟား"

"ဟင်း ဟင်း ဟင်း ဟင်း"

* * *



## အခန်း (၁၈)

ရပ်ကွက်ငယ်လေးထဲမှာ ထုံးစံအတိုင်း မြို့ကျောင်းသွားတက်ရင်း အီးတီတစ်ယောက် ကျောင်းပြီးတာနှင့် မိန်းမကောက်ယူသွားသည့် သတင်းက ပျံ့နှံ့နေချေပြီ။

လမ်းဘေးမုန့်ဆိုင်လေးမှတစ်ဆင့် အီးတီက အမေမိုလ်ကို မင်္ဂလာပွဲလာဖို့ အကြောင်းပြောရင်း အသိပေးရင်း ပြောရာ အမေမိုလ်က သားဖြစ်သူကို ခါးခါးသီးသီးပြောပစ်ခဲ့သည်ကိုး။

"ခွေးလိုအကောင်၊ မိဘမျက်နှာမကြည့်ရင်တောင် နင် မြို့မှာ တက္ကသိုလ် မပူမပင်တက်နိုင်ဖို့အတွက် နွားလိုရုန်းလာရတဲ့ အပါကိုနဲ့



www.burmeseclassic.com

www.burmeseclassic.com



အစ်မမျက်နှာကိုတော့ နင်ထောက်သင့်တယ်။ အခုတော့ ငါ့မှာတော့ ငါ့သားအလိမ္မာလေး၊ ပညာတတ်ကလေး၊ မိဘအပေါ် သိတတ်တဲ့ ကလေးဆိုပြီး ရပ်ကွက်ထဲမှာ ကြွားလိုက်ရတာ၊ ဟွန်း အခုတော့ ကောင်းကြသေးရဲ့လား၊ မိဘမျက်နှာကို အိုးမဲသုတ်တဲ့အကောင်။ ငါ့အိမ်လည်း နင်ပြန်မလာနဲ့ နင့်မင်္ဂလာပွဲလည်း ငါမလာနိုင်ဘူး။ အသိအမှတ်လည်း မပြုဘူး။ ဘယ်တော့မှလည်း ငါတို့ကို အဆက် အသွယ်မလုပ်နဲ့"

ထိုသတင်းလေးက PCO ဖုန်းဆိုင်လေးမှတစ်ဆင့် တစ်ရပ်ကွက်လုံး ပျံ့သွားခဲ့၏။

ထိုသတင်းကိုကြားသည်နှင့် မကြမ်းမြင့်တို့ လင်မယား တစ်စခန်း ထလာချေပြီ။

ပုံကြီးချဲ့သည့်နေရာမှာ ဓာတ်ပုံဆရာတွေထက် တစ်ဖက်ကမ်းခတ် ကျွမ်းကျင်လှသည့် ဒင်းတို့လင်မယားက ဂျိုးကိုလိပ်လုပ်ပါလေတော့၏။

"ဟိုကောင်ဗိုလ်မသား မြို့ကျောင်းတက်ရင်း မိန်းမရသွားပြီတဲ့၊ ငါ မပြောလား၊ နောက်ပြီး ရတဲ့မိန်းကလေးက တရုတ်တန်တန်ဆို အရေးလား"





"ဟယ် ... မကြမ်းမြင့်၊ အီးတီမိန်းမက ဘာဖြစ်လို့လဲ"

"ဟဲ့ ... ဘာဖြစ်ရမလဲ၊ အဲဒီကောင်ရတဲ့မိန်းမက မကောင်းတဲ့ကောင်မလေးဆိုလား၊ တစ်ခုလပ်ဆိုလားပဲ"

"ဟုတ်လို့လား မကြမ်းမြင့်ရယ်၊ ကျုပ်ကြားတာတော့ ကောင်မလေးက သူဌေးသမီးပါတဲ့။ ချမ်းသာတာ ကျိကျိတက်ပဲ တဲ့"

"မိန်းမရယ် ကျုပ်က မဟုတ်တာပြောပါ့မလား။ အဲဒါ လူကြားကောင်းအောင် ဗိုလ်မက တမင်ကြွားပြီး သတင်းလွှင့်နေတာ နေမှာပါအေ။ အဲဒီကောင်မလေး ချမ်းသာတာအမှန်ဆိုရင် ဗိုလ်မ ဒီလိုပုံနေမလားအေ့။ ခြေထောက်နဲ့မြေကြီး ထိမှာကိုမဟုတ်တော့ဘူး။ တစ်ဈေးလုံး သူ့အသံပဲနေမှာ"

"ဟုတ်မှာ ... ဟုတ်မှာ"

"ဟုတ်လို့ပဲ ဒီကောင်မ ငြိမ်ကုပ်ပြီး မကျေမချမ်းဖြစ်နေတာပေါ့။ သူ့သား မြို့ကျောင်းတက်တာတောင် အကြွားထုနေတာ၊ သူ့သား ကောင်းကြောင်းတော်ကြောင်းတွေ ဒီလောက်ကြွားထားတာ၊ ကဲ ... အခု ဒင်း ဘာတတ်နိုင်သေးလဲ။ ကောင်းတယ် ... ငါကတော့ ဝမ်းသာတယ်။ အခုတော့ ဒီကောင်မ မှတ်ကရောပဲ"



www.burmeseclassic.com

www.burmeseclassic.com



စသည့် မကြမ်းမြင့်လေသံတွေက မာန်အပြည့်နှင့် ကူးခတ်နေ၏။

ဒါတွေကို ဗိုလ်မက သိပေမယ့် သားဖြစ်သူက ပုံစံမကျလုပ်သွားတာကြောင့် ဘာမှပြောရှင်းမနေချင်တော့။

ကိုယ့်အိမ်ဆိုင်လေးနှင့်ကိုယ် အေးအေးဆေးဆေး ဖြစ်နေချေပြီ။

အီးတီကိုလည်း ကျောင်းစရိတ် ထောက်စရာမလိုတော့ အရင်လို စီးပွားရေးက ကျပ်ကျပ်တည်းတည်းကြီးမဟုတ်တော့။

မိစံနှင့်ဖိုးထောင်တို့က မောင်ဖြစ်သူကို ဆက်သွယ်ချင်ပေမယ့် အမေဗိုလ်၏ယတိပြတ်စကားကြောင့် မလာရဲကြ။

"မိစံနဲ့ဖိုးထောင်၊ နင်တို့လည်း ဒီကောင်နဲ့ ဆက်သွယ်ရဲ ဆက်သွယ်ကြည့် ငါနဲ့ သေခန်းပြတ်ပဲ ကြားလား"

ဗိုလ်မက ဘူးဆို ဖရုံမသီးတတ်သည့် လူစားမျိုးဆိုပေမယ့် တစ်ခါတစ်ရံတော့ ... သားဖြစ်သူ အီးတီကို သတိတရ စိတ်ပူမိပါ၏။

"ငါ့သားလေး တစ်နယ်တစ်ကျေးမှာ အဆင်မှပြေရဲ့လား။ မင်္ဂလာပွဲကို ငါ မလာလို့ ငါ့သားလေး မျက်နှာငယ်နေလေမလား"





စသည့် အတွေးတွေ ပေါ်လာပေမယ့် ဗိုလ်မက နေတတ်အောင်နေခဲ့၏။

ဘယ်သူတွေ ဘယ်လိုပြောကြပေမယ့် ကြာတော့လည်း ဒီသတင်းက ရပ်ကွက်ကလေးထဲမှာ တိမ်မြုပ်ပျောက်ကွယ်သွားခဲ့ရချေပြီ။

မကြမ်းမြင့်တို့လင်မယားကတော့ ဒီအချက်ကို အခွင့်ကောင်းယူပြီး တဟီးဟီးတဟားဟားဖြင့် ဗိုလ်မတို့အိမ်က မကြားကြားအောင်ဟားတိုက်ရယ်မောနေကြတာ နေ့စဉ်လိုလိုပင် ဖြစ်၏။

သားဖြစ်သူ ဖိုးထောင်နှင့် သမီးဖြစ်သူမိစံတို့က မခံချင်ပေမယ့် အမေဗိုလ်စကားကြောင့် ကြိတ်မှိတ်သည်းခံနေရရှာ၏။

"ရယ်စမ်းပါစေ ... သားတို့သမီးတို့ရာ။ သူတို့မောရင် ရပ်သောက်ရယ်ကြပါစေ ဘာမှ မကြားသလိုသာနေ။ ကိုယ်ကံသာ များများမေတ္တာပို့ပေး။ ဒင်းတို့စိတ်က ဒင်းတို့ကို အကျိုးပြန်ပေးလိမ့်မယ် ကြည့်ထား"

အခုတော့ ... အခုတော့ ...

သမားရိုးကျ ပုံစံအတိုင်း တစ်ရက်ပြီး တစ်ရက် ကုန်ဆုံးသွားခဲ့ပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပျံကျဈေးခင်းလေးထဲမှာ ငါးစိမ်းသည်တွေ ရန်ဖြစ်ကြမြဲ။ ကြက်သားသည်တွေ အလေးခိုးကြမြဲ။ ဝါသနာပါသူတွေ အတင်းတုတ်နေကြမြဲ။

* * *



အချိန်တစ်နှစ်ခန့်ကြာသော် ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ကိုသျှိုင်း"

"ဟင် ... ဟင်"

စာမူတစ်ထပ်ကို ဖတ်နေရင်းမှ ဇနီးသည်၏ ရုတ်တရက် ခေါ်သံကြောင့် အီးတီးတစ်ယောက် 'ဟင် ... ဟင်' ဆိုပြီး မေးသတ်ပြု လိုက်သည်။

"လင်းလက်တို့ အိမ်ထောင်ကျတာလည်း တစ်နှစ်ပြည့်တော့ မယ်နော်"

"အင်းလေ ... အဲဒါဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလဲ . . . အခုထိ ကိုသျှိုင်းအမေနဲ့ မောင်နှမတွေကို အပြင်မှာမတွေ့ဖူးသေးဘူး။ ဓာတ်ပုံထဲမှာပဲ မြင်ဖူးသေးတယ်။ ဒီလောက်ဆိုရင်တော့ ကိုသျှိုင်းအမေက ကိုသျှိုင်းကို စိတ်ဆိုးပြေလောက်ရောပေါ့။ ကိုသျှိုင်းတို့အိမ်ကို လင်းလက်တို့ အလည်တစ်ခေါက်လောက် သွားရအောင်လား။ အမေဗိုလ်ကို ကန်တော့ရင်းပေါ့"

"ကိုသျှိုင်းလည်း လင်းလက်ကို ဒီအကြောင်းပြောမလို့။ စာမူတွေက မပြတ်သေးလို့။ သွားမယ် သွားမယ်နဲ့ မသွားဖြစ်တာ။ စိတ်ကူးထဲမှာတော့ အစီအစဉ်ရှိပါတယ်"

အီးတီက အိမ်ကို လွမ်းစိတ်အပြည့်ဖြင့်ပြောတော့ လင်းလက်က ဝမ်းသာအားရဖြင့် –

"ဒါဆို ရှေ့အပတ်ထဲ ဖေဖေ့ကိုပြောပြီး လင်းလက်တို့ သွားကြရအောင်လေ"

"အင်း . . . ကောင်းသားပဲ"

"စကားမစပ် ကိုသျှိုင်း"

"ပြောလေ မိန်းမ"

"ဟို . . . ဘာမှတော့ မဟုတ်ပါဘူး။ ကိုမျိုးမင်းက ကိုသျှိုင်းနဲ့





အေးအေးဆေးဆေး တွေ့ချင်သေးလို့တဲ့။ အဲဒါ ပြောမလို့ပါ"

မိန်းမဖြစ်သူစကားကို အီးတီက တွေးတွေးဆဆဖြင့် –

"အင်း . . . တခြားကိစ္စတော့ မဖြစ်နိုင်ဘူး။ ဟိုတစ်ခါ ဖုန်းနဲ့ ပြောထားတဲ့ကိစ္စပဲဖြစ်မှာ"

"ဖုန်းနဲ့ ကိုမျိုးမင်းက ဘာပြောထားလို့လဲ"

လင်းလက်က နားမလည်သလိုမေးတော့ အီးတီက သေချာရှင်းပြလိုက်၏။

"ဩော် . . . တခြားကိစ္စတော့ မဟုတ်ပါဘူး။ သူ့ပထမအယ်ဘမ်က ကိုသျှိုင်းသီချင်းတွေနဲ့ အတော်ပေါက်သွားတော့ ဒုတိယအခွေအတွက် ကိုသျှိုင်းကို သီချင်းအားလုံးရေးပေးဖို့ အပ်ထားတာလေ"

"ဒါလား . . . အင်းပေါ့။ ကိုမျိုးမင်းအခွေက မထင်မှတ်ဘဲ တအားပေါက်သွားတာကိုး။ လုပ်ပေးလိုက်ပါ ကိုသျှိုင်းရယ်။ ကိုမျိုးမင်းနဲ့ ကိုသျှိုင်းက ကံစပ်နေတာပဲ။ အခုဆို ဘယ်နေရာသွားသွား ကိုသျှိုင်းရဲ့ 'ရင်ခွင်ထဲကလမင်းလေး' သီချင်းပဲ ကြားနေရတာနော်"

လင်းလက်အပြောကို အီးတီက သဘောတကျ ရယ်ရင်းမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ... မိန်းမကတော့ လင်မယားချင်း ကပ်ဖြှောက်နေပြီဟေ့"

"အယ် ... မိန်းမက တကယ်ပြောနေတာ"

"ဟုတ်ပါပြီဗျာ ... ဟုတ်ပါပြီ။ ကိုသျှိုင်းမှာ ရေးပြီးသား သီချင်းဆယ့်နှစ်ပုဒ်တိတိ ရှိပါတယ်တဲ့ခဗျာ၊ ဪ ... ဒါနဲ့ မိန်းမ အဖေ့ကို နောက်အပတ် ရွာပြန်ဖို့ကိစ္စ ကြိုပြောထားဦးနော်"

"အင်းပါ"

"လင်းလက်လည်း အဝတ်အစားတွေ အဆင်သင့်ပြင်ထား ကြားလား"

"ဟုတ်"

"လိမ္မာလိုက်တဲ့ မိန်းမလေး။ အဲဒါလေးတွေ ချစ်နေရတာ"

"အို ... လွှတ်ကွာ ကိုသျှိုင်းနော်၊ အရမ်းဆိုးတာပဲ ဖယ် ဆို"

"ချစ်လို့ပါကွာ ... ဟား ဟား ဟား"

"ခစ် ခစ် ခစ်"

ဖတ်လက်စ စာမူတစ်ထပ်က ကြမ်းပြင်ပေါ်သို့ ပြန့်ကျဲကျသွား လေ၏။





ထို့နောက်တော့ အလုပ်ခန်းလေးက တစ်မဟုတ်ခြင်း ဒေင် ဥယျာဉ်အသွင်သို့ ကူးပြောင်းသွားပါလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

ဗိုလ်မ၏ အိမ်ဆိုင်လေးအတွင်းသို့ မစောသူတစ်ယောက် အချိန်အခါမဟုတ်ပါဘဲနှင့် စောစောစီးစီး ပေါက်ချလာ၏။

"အို ... မစောသူ၊ ဘာစိတ်ကူးတွေပေါက်ပြီး ကျူပ်ဆိုင်ထဲကို စောစောစီးစီးရောက်လာခဲ့တာလဲ"

ဗိုလ်မ၏အမေးကို မစောသူက မဖြေနိုင်သေးဘဲ ရေတစ်ခွက်ကို အရင်ခပ်သောက်သေး၏။ ပြီးမှ ခုံတစ်ခုကို ယူထိုင်ပြီး လေသံတီးတိုးလေးနှင့် –

"ဗိုလ်မ ... ညည်း ဟိုသတင်းရော သိပြီးပြီလား"





အရင်းမရှိ အဖျားမရှိဆိုလာသည့် စကားကြောင့် ဗိုလ်မတစ်ယောက် ကြောင်ငေးသွားရသည်။ ပြီးမှ –

"အိုတော် ... တော့်ဟာက အရင်းမရှိ အဖျားမရှိနဲ့ ကျုပ်က ဘယ်သတင်းကို သိရမှာလဲတော့"

"ဩော် ... အေး ဟုတ်ပါရဲ့လား။ ငါ စကားပြောလောကြီးသွားလို့။ ဒီလိုအေ့ ... ဟိုဘက်အိမ်က မကြွမ်းမြင့်တို့သတင်း"

"ဟိုကောင်မလေးသတင်း ဟုတ်လား"

သူမျှားအကြောင်းလည်း ပြောရတာ နားထောင်ရတာ ဝါသနာမပါလှပေမယ့် မကြွမ်းမြင့်တို့အိမ်ကသတင်းဆိုတာကြောင့် ဗိုလ်မ စိတ်ဝင်စားသွားမိသည်။

"ဒီလိုအေ့ ... မကြွမ်းမြင့်သမီးလေးကို သိတယ်မို့လား။ ကေကြွမ်းထွန်းလေဟာ"

"အင်း ... သိတာပေါ့။ ဘာဖြစ်လို့လဲပြော။ မိဘတွေ စိတ်ဓာတ်မကောင်းပေမယ့် ဒီကောင်မလေးကတော့ တော်ရှာပါတယ်"

"အဲဒါပေါ့ ... အခု အဲဒီကောင်မလေး ဗိုက်ကြီးနေပြီး လေးလထဲမှာဆိုလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မ လုံးဝထင်မထားမိ။ ဒီကောင်မလေးက အနေအထိုင် ပေါ့ပေါ့ရမ်းရမ်းထဲကမှ မဟုတ်တာ။

ဂါဝန်တွေ ဘောင်းဘီရှည်တွေတောင် ဝတ်ရဲသည့် ကောင်မလေးမဟုတ်။

သူ့အမေ မကြွမ်းမြင့်ကသာ ကိုယ်နှင့်လိုက်သည် သင့်တော်သည် စဉ်းစားမနေဘဲ ခိုးလို့၊ အချိုအချောင်ရလို့ စသဖြင့် ဂါဝန်စကတ်တွေကို ကိုယ့်အသက်အရွယ်မှ အားမနာ ဝတ်တတ်သေးသည်။

ပြီးတော့ ... ဒီကောင်မလေးမှာ ရည်းစားသနာ ရှိသည်ဟုလည်း ဗိုလ်မ မကြားမိပါ။

သူ့အလုပ်သူ ရိုးရိုးသားသားလုပ်ပြီး မိဘကို ရှာကျွေးနေသူလေးသာ ဖြစ်၏။

အခုတော့ –

"မဖြစ်နိုင်တာ မစောသူရယ်"

"ရှော့ ခက်ပြီ" ဆိုသည့် အကြည့်မျိုးနှင့် မစောသူက ဗိုလ်မကိုကြည့်ရင်း ဆက်ပြောသည်။

မစောသူအသံ တစ်စွန်းတစ်စ ကြားပုံကြောင့် မိစ်နှင့်





ဖိုးထောင်တို့ပါ ထိုင်နားထောင်နေကြ၏။

"ကျုပ်က မဟုတ်တာပြောပါ့မလား။ လမ်းထိပ်ဆေးခန်းက ဆရာဝန်လေးဆီမှာ အကူလုပ်နေတဲ့ ကောင်မလေးက ကျုပ်သမီးလေးနဲ့ သူငယ်ချင်းတွေလေ။ မနေ့က မကြွမ်းမြင့်တို့သားအမိ နေမကောင်းလို့ဆိုပြီး သမီးကို ဆရာဝန်နဲ့ပြတာ။ အဲဒီမှာမှ ကိုယ်ဝန်ရှိမှန်း သိသွားကြတာ။ လေးလတဲ့တော်ရေ လေးလတဲ့"

"မစောသူရယ် ကျုပ်တော့ မယုံချင်ပါဘူးတော်ရယ်"

"တော်သာမယုံနေ ရပ်ကွက်ထဲမှာ ဒီသတင်းက မကြားချင်မှ အဆုံးပဲ။ မနေ့က မကြွမ်းမြင့် သူ့သမီးကို ကြိတ်ရိုက်နေတာ မကြားဘူးလား"

"ကျုပ်လည်း ကျုပ်အာရုံနဲ့ကျုပ်ဆိုတော့ သတိမထားမိပါဘူးတော်"

"အဲဒါကြောင့် ဒီရက်ပိုင်း ခင်းတို့လင်မယား ကုပ်နေကြတာပေါ့"

ဗိုလ်မက မစောသူစကား ဖြစ်နိုင် မဖြစ်နိုင် တွေးတောနေစဉ် ဖိုးထောင်ကပါ ဝင်မှတ်ချက်ပြု၏။

"ဖြစ်တော့ဖြစ်နိုင်တယ် အမေဗိုလ်ရ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့သား ... ကိုယ်နဲ့အဆင်ပြေတာ မပြေတာက တစ်ပိုင်းပဲ။ မဟုတ်ဘဲနဲ့တော့ သူများသားပျို သမီးပျိုလေး သိက္ခာကျအောင် အထင်နဲ့မပြောရဘူးနော်"

"ဩော် ... အမေဗိုလ်ရယ် ... ကေကြမ်းထွန်းက ယောကျ်ားလေးတွေနဲ့အတူ ရင်ဘောင်တန်းပြီး အလုပ်လုပ်ရတာ မို့လား။ ပြီးတော့ သူနဲ့ အလုပ်အတူတူလုပ်နေတဲ့ ဟိုဘက်ရပ်ကွက်က ငဖြိုးနဲ့ ဘာလိုလို ကြားထားတာတော့ ကြာပြီ။ သားက စကား မစပ်မိလို့ မပြောဖြစ်တာ။ ဒီကောင်ငဖြိုးက မိန်းမကိစ္စ အလွန်ရှုပ်တဲ့ ကောင်ရယ်။ ကောင်မလေးက တုံးတုံးအအလေးဆိုတော့ ... အင်း"

သားဖြစ်သူဖိုးထောင်စကားကြောင့် ဗိုလ်မစိတ်ထဲ ဇဝေဇဝါ ဖြစ်သွားရပြန်သည်။

"ကဲ ... မပြောလားဗိုလ်မရယ်၊ ဟုတ်ပါတယ်ဆို"

"ဟုတ်ဟုတ် မဟုတ်ဟုတ်ပါတော်၊ ကိုယ်နဲ့ဘာဆိုင်တာ မှတ်လို့။ ကောင်မလေးကိုတော့ သားသမီးချင်း ကိုယ်ချင်းစာမိလို့ သနားပါတယ်တော်"

ဗိုလ်မရင်ထဲ တကယ် စိတ်မကောင်းဖြစ်သွားမိ၏။ မစောသူ ကတော့ –





"အဲဒါ မကြွမ်းမြင့်တို့ ဝဋ်လည်တာ။ သူတို့ခံရမယ့်ဝဋ်က ဘာမှ အပြစ်မရှိတဲ့ ကလေးမလေးပေါ် ကျသွားတာ။ တကယ်ဆို ဒင်းတို့ဖြစ်ရမှာ"

"ကြောက်စရာကောင်းတယ်နော်၊ ကဲ ကံ၏အကျိုးပေးက"

"ဖြစ်မှာပဲ၊ ဒင်းတို့က သူများသားသမီးမကောင်းကြောင်း သားသမီးချင်း ကိုယ်ချင်းမစာမနာ သူတို့ရရင် ပြီးတာပဲ အောင်သွယ် ပေးတာတွေ၊ စိတ်နေစိတ်ထား ယုတ်ညံ့ထားတွေကြောင့် အခုလို အရှက်တကွဲ အကျိုးနည်း ဖြစ်ကုန်ကြတာနေမှာပေါ့"

"ဩော် ... ဒုက္ခ ဒုက္ခ ဒုက္ခ"

ဗိုလ်မတစ်ယောက် ကေကြမ်းထွန်းအကြောင်းတွေးနေစဉ် မစောသူက စကားလမ်းကြောင်းပြောင်းသွားသဖြင့် အာရုံပြောင်း နား ထောင်လိုက်ရ၏။

"ဒါနဲ့ တော်သားအဒီးတီသတင်းလည်း မကြားပါလား။ မိန်းမ ရပြီးကတည်းက တစ်ခေါက်မှပြန်မလာသေးဘူးနော်"

ဒီစကားကြောင့် ဗိုလ်မမျက်နှာက ချက်ချင်း အချိုးပြောင်း သွားပြီး –

"အမယ်လေး ... ဖုန်းတွ တဂွမ်ဂွမ်ဆက်ပို့။ စာပညှပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တမင်အမြင်ကတ်လို့ကို အဆက်အသွယ် မလုပ်တော့တာ၊ ခွေးလို အကောင်"

"ဩော် ... ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ဗိုလ်မရယ်။ ကိုယ်က မိဘပဲဟာကို အချိန်တန်အရွယ်ရောက်ရင် အိမ်ထောင်ပြု ကြတာ မွေတာပဲဟာကို"

"ဖြူပါ မစောသူရဲ့၊ ကျုပ်က ဒင်းကို မိန်းမ မယူနဲ့လို့ မပြောပါဘူး။ ယူပါ ... ဒါပေမဲ့ တစ်နှစ်တန်သည် နှစ်နှစ်တန်သည် နေပါဦးလား။ ခုတော့ ဒင်းက ကျောင်းပြီးပြီးချင်း လုပ်ချသွားတာ။ အစ်ကိုတွေ အစ်မတွေမျက်နှာမှမထောက်။ ပြတ်တယ် ကျုပ်ကတော့ သားသမီးလည်း ပုံစံမကျလို့ကတော့ ပြတ်ပြတ်ပဲ။ ဗိုလ်မကို ဒီအချိုး လာချိုးလို့ ရမလားဟင်"

ဗိုလ်မက ထုံးစံအတိုင်း သူမ မကျေနပ်ချက်ကို မျက်နှာထိ မျက်နှာထားနှင့် အားရပါးရ ပြောနေစဉ် သမီးဖြစ်သူ မိစံဇါစကား ကြောင့် ငိုရမလို ရယ်ရမလိုဖြစ်သွားပြီး မအီမလည်ကြီး ဖြစ်သွား ရ၏။

"ပါးစပ်ကသာပြတ်တာပါ အမေဗိုလ်ရာ၊ ညည အမေဗိုလ် အခန်းလေးထဲမှာ မောင်လေးဓာတ်ပုံလေး ထုတ်ထုတ်ကြည့်၊ စာတွေ





ခိုးခိုးဖတ်ပြီး ကြိတ်ငိုနေတာ သမီးတို့မသိတာ ကျနေတာပဲ"

"ဟဲ့ ... ဒါက"

"ဟန်ဆောင်မနေစမ်းပါနဲ့ ဗိုလ်မရာ၊ ညည်း အီးတီကို ချစ် တာ တစ်ရပ်ကွက်လုံး အသိပါအေ။ အပိုတွေ ပြောမနေစမ်းပါနဲ့။ ကဲ ကဲ ငါလည်း ပြန်ဦးမယ်။ ထမင်းအိုးတည်ရဦးမှာ"

မစောသူက ပြောပြောဆိုဆိုနှင့် ထပြန်သွားတော့ ဗိုးထောင် နှင့် မိစံတို့ကလည်း သူတို့အလုပ်ကို သွားပြန်လုပ်နေကြ၏။

ဗိုလ်မမှာသာ တစ်ယောက်တည်း ငူငူကြီးဖြစ်၍ အီးတီကို သတိရမိသွားကာ ခြံရှေ့သို့ အကြောင်းမဲ့သက်သက် ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

မရောက်တာကြာပြီဖြစ်သည့် မွေးရပ်မြေသို့ ရောက်ခါနီးလေလေ အီးတီတစ်ယောက် ရင်ခုန်ခုန်လေလေ ဖြစ်နေလေ၏။ ကားမောင်းရင်း ဘေးဘီကိုကြည့်လိုက်၊ ပြုံးလိုက် လုပ်နေသည့် ယောက်ျားဖြစ်သူကို လင်းလက်က –

"ကိုသျှိုင်း ... တစ်ယောက်တည်း ပြုံးပြုံးကြီးနဲ့ ဘာတွေတွေးနေတာလဲ"

"ဩော် ... ဘာရယ်လို့ မဟုတ်ပါဘူး။ ဟိုရောက်ရင် အမေနဲ့တွေ့ရမှာဆိုတော့ ပျော်သလို ရင်ခုန်သလိုကြီး ဖြစ်နေလို့ပါကွာ။





အမေ ကိုသျှိုင်းကို ရုတ်တရက်တွေ့လိုက်ရင် ဘယ်လို တုံ့ပြန်လာမလဲ။ သားဆိုးသားမိုက်ဆိုပြီး ရိုက်ပုတ်မှာလား စတာတွေ တွေးနေတာပါ"

အီးတီအဖြေကို သူမက သဘောတကျ ပြုံးလိုက်ပြီး –

"ကိုသျှိုင်းရယ် ... တွေးစရာရှားလို့ ပေါက်ပေါက်ရှာရှာ။ ဘာပဲဖြစ်ဖြစ် လင်းလက်ကတော့ ပျော်တယ်"

"ပျော်တယ် ဟုတ်လား။ ပြောစမ်းပါဦး ကိုယ့်မိန်းမက ဘာတွေများ ပျော်စရာတွေ့နေလို့လဲ"

ပြုံးစစဖြင့် အီးတီကမေးတော့ သူမက –

"ဩော် ... မြို့ပြမှာပဲ အမြဲနေလာရတော့ ကားသံ လူသံတွေနဲ့ မွန်းကျပ်နေတာ။ ဟောအခု လင်းလက် မရောက်ဖူးတဲ့နေရာတွေကို ရောက်ရတယ်။ ပြီးတော့ မြင်ကွင်းတွေကလည်း စိမ်းစိုလန်းဆန်းနေတာပဲ။ လေကောင်းလေသန့်လည်း ဝဝရှူရတယ်။ ပြီးတော့ ... ယောက္ခမနဲ့လည်း တွေ့ရမှာဆိုတော့ အတွေ့အကြုံအသစ်ဆိုတော့ ပျော်တာပေါ့လို့"

"ဟုတ်ပါပြီဗျာ ... ဟုတ်ပါပြီ။ ဟိုရောက်မှ အမေဗိုလ်ကညည်းကို ငါ့သားနဲ့သဘောမတူနိုင်ဘူးဆိုရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ အမေရယ်၊ သမီး ကိုသျှိုင်းနဲ့ မခွဲနိုင်လို့ပါလို့ ပြောလိုက်မှာပေါ့"

လင်းလက်၏ပြောင်ချော်ချော်စကားကြောင့် လင်မယား နှစ်ယောက် ကားထဲမှာ စိတ်လွတ်လက်လွတ် ရယ်မိကြသည်။

"ဒီဘက်က အိမ်လေးတွေက ဝါးတွေနဲ့ သေးသေးလေးတွေ ဆောက်ထားတာ။ တစ်မျိုးလေးနဲ့ ချစ်စရာလေးနော်"

"အင်း ... ကိုသျှိုင်းတို့ဘက်ကတော့ ဒီလိုပဲ ဆောက်ကြတာပါပဲ။ ခလေ့ပဲပေါ့ကွာ"

လင်မယားနှစ်ယောက် စကားတပြောပြောဖြင့် ကားမောင်းလာခဲ့ကြတာ ဗိုလ်မတို့ ရပ်ကွက်ထိပ်ရှိ ပျံကျဈေးလေးအနားသို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ကိုယ့်ရပ်ကိုယ့်ရွာကို ရောက်ပြီဆိုသည့်အသိက အီးတီရင်ကို နွေးထွေးရှိန်းမြသွားစေခဲ့၏။

ဤရပ်ကွက်ငယ်လေးထဲကို တစ်နှစ်နေလို့မှ ကားအကောင်းစား တစ်စီးတလေ မဝင်သည့်ရပ်ကွက်ဆိုပြန်တော့ ချိုးဝင်လာခဲ့သည့် အီးတီတို့ကားအကောင်းစားကြီးကို လူတွေက စပ်စုသလို၊ စူးစမ်းသလို လိုက်ကြည့်နေကြ၏။





"လင်းလက် ... ဟိုရှေ့က အိမ်လေးက ကိုသျှိုင်းတို့အိမ်ပဲ"

"ဟယ် ... အိမ်လေးက ချစ်စရာလေး"

"ဒါ ... နောက်မှ ပြင်ဆောက်ထားတာနေမှာ။ အရင်က ဒီလို သပ်သပ်ရပ်ရပ်ကလေး မဟုတ်ဘူး"

ကားက အမေဗိုလ် အိမ်ရှေ့တည့်တည့်ကို ရပ်သွားပြီမို့ လင်မယားနှစ်ယောက် စကားစပြတ်သွား ကြသည်။

အမေဗိုလ်၊ ဖိုးထောင်နှင့် မိစံတို့ကလည်း အိမ်ရှေ့မှာရပ်သွားသည့် ကားအကောင်းစားကြီးကို အထူးအဆန်းလိုကြည့်ပြီး တွေးရခက်နေကြပုံရ၏။

အီးတီက ကားတံခါးဖွင့်ပြီး ဆင်းလာတော့ စမတ်ကျပြီး အသားအရည် ဖြူဝင်းလာကာ မင်းသားတစ်ပါးလို ဖြစ်နေသည့် အီးတီကို ဖိုးထောင်က ဟုတ်မှဟုတ်ပါလေစ ဟူသည့် မသက်သာ အကဲခတ်နေသလို မိစံကလည်း မျက်မှန်၊ ဟန်းဖုန်းတွေနှင့် ထိုကားပိုင်ရှင်က အီးတီနှင့် တူသလိုလိုပဲဟု တွေးတောနေစဉ် အီးတီက –

"အမေ အမေဗိုလ်၊ သားလေးဗျာ၊ အမေ့သား အီးတီ"

ဟုပြောတော့မှ ဖိုးထောင်နှင့် မိစံတို့ အသက်ဝင်လာကြပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ညီလေး ... အစ်ကိုဖြင့် မှတ်တောင်မမှတ်မိဘူးကွာ။ ငါ့ညီက မင်းသားနေတိုးကျနေတာပဲ"

"ဟုတ်ပ့ါ မောင်လေးရယ်၊ ဟယ် ... ဒါ ငါတို့ယောက်မလေးလား။ လှလိုက်တာဟယ်၊ လာ ညီမလေးလား".

အစ်ကိုနှင့်အစ်မတို့က ပစ္စည်းတွေကူသယ်ပြီး နွေးထွေးစွာ ကြိုဆိုနေကြပေမယ့် အမေဗိုလ်ကတော့ အီးတီမျက်နှာကို တွေတွေကြီး ကြည့်ပြီးမျက်ရည်တွေ စီးကျလာ၏။

"ဟာ ... အမေ အမေဗိုလ်၊ မျက်ရည်တွေနဲ့ပါလား။ ဘာလို့ ငိုနေရတာလဲ အမေရယ်။ သားရောက်လာပြီပဲ"

ဖိုးထောင်နှင့် မိစံတို့ မောင်နှမနှစ်ယောက်သား အမေဗိုလ် ဘယ်လိုများ တုံ့ပြန်မလဲဆိုတာကို ရင်တထိတ်ထိတ်ဖြင့် စိုးရိမ်နေကြရသည်။

အီးတီက အမေဗိုလ်မျက်နှာပေါ်မှ မျက်ရည်စတွေကို သုတ်ဖယ်ပေးတော့ အမေဗိုလ်က –

"သား ... လူလေးအီးတီရယ်၊ အမေ လွမ်းလိုက်တာကွယ်"

"သားလည်း လွမ်းတာပေါ့ အမေရယ်"





သည်တော့မှ ဖိုးထောင်တို့မောင်နှမ အလုံးကြီးကျသွားတော့၏။

လင်းလက်ကတော့ အလွမ်းသယ်နေသည့် သားအမိကို ပီတိအပြုံးဖြင့် စိုက်ကြည့်ရင်း ငြိမ်သက်နေ၏။

"အမယ်လေးနော် ... အမေဗိုလ်တို့များ ပြောတော့ မိုးလားကဲလားနဲ့၊ ဟော ... သူ့သားရှေ့လည်းရောက်ရော" ဆိုပြီး မိစံက အမေဖြစ်သူကို ချစ်စနိုးနှင့်စတော့ အမေဗိုလ်က –

"ဟဲ့ကောင်မ ... နင်မရှုပ်နဲ့။ သွား ... အခုဈေးထဲကို သွားစမ်း။ နင့်မောင်ကြိုက်တတ်တဲ့ ဝက်သားနဲ့ပုံးရည်သွားဝယ်ပြီး မြန်မြန်ချက်စမ်း။ ခရီးဝေးကလာရတာ ဆာလှရောပေါ့" ဟု ပိတ် ပြောလိုက်သဖြင့် မိစံတစ်ယောက် ဇက်ပုသွားရ၏။

ဖိုးထောင်ကတော့ အမေဗိုလ်နှင့် ညီမဖြစ်သူကိုကြည့်ပြီး တဟားဟား အော်ရယ်နေ၏။

"လာလေ ... သမီးလေးလာ၊ အမေ့ချွေးမလေးက အချောလေးပဲ။ မင်းသမီးလေး ကျနေတာပဲ"

"အဲလောက် မမြှောက်ပါနဲ့ အမေရယ်၊ ဒီမှာ အမေ့အတွက် အဝတ်အစားတွေ၊ မုန့်တွေနဲ့ အားဆေးတွေ ဝယ်လာခဲ့ပြီးသားပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး အမေဗိုလ်အတွက် ဒါတွေမလိုပါဘူး၊ သမီး လေးရယ်၊ လာလာ အိမ်ထဲဝင်ကြ"

ဗိုလ်မက ပြုံးပြုံးကြီးဖြင့် သားနှင့်ချွေးမလက်ကို တစ်ဖက်ဆီ ဆွဲပြီး အိမ်ထဲကို ဝင်တာမြင်တော့ အိမ်ရှေ့ကိုရောက်လာသည့် မစောသူတစ်ယောက် မျက်ခုံးပင့်သွားသည်။

"အို ဒေါ်ဗိုလ်မ ... ဒါက ဘယ်လိုဖြစ်ရတာလဲ"

"မြင်တဲ့အတိုင်းပဲ မစောသူရေ ... အဟင်း ဟင်း"

"သားနဲ့ချွေးမလာလို့ သိပ်ပျော်နေတာပေါ့လေ"

"ဒါပေါ့ ... အခုမှပဲ အမေ့အိမ်လေးက ပြည့်စုံပြီး အဓိပ္ပာယ်ရှိ သွားတော့တယ်"

သားအမိတစ်တွေ တပျော်တပါးကြီး စကားပြောနေတာကို တွေ့ပြီး ကြားထဲက မစောသူတို့ပင် ဝမ်းသာနေမိကြ၏။

အီးတီက အထုပ်ကြီး အထုပ်ငယ် အသွယ်သွယ်ထဲမှ ပစ္စည်း တွေ တစ်ခုချင်း ဆွဲထုတ်ရင်း –

"ဒီအင်္ကျီတွေက ကိုကြီးဖိုးထောင်အတွက်"

"ဟာ ... မိုက်တယ်ကွာ"

"ဒါက အစ်မမိစံဖို့ ပါတိတ်တွေ"





"အဟိ ရှေ့လထဲမှာ 'ရှင်ပင်ဘုန်းပွင့်' ဘုရားပွဲရှိတာနဲ့ အတော်ပဲပေါ့"

"ဟဲ့ ဒါနဲ့ စကားမစပ် ရန်ကုန်မှာရော မင်းအစ်မမိပွေးတို့ အဆင်ပြေကြရဲ့လား"

အမေဗိုလ်က မြို့မှာအိမ်ထောင်ကျနေသည့် သမီးဖြစ်သူ အကြောင်းကို သတိတရမေး၏။

"ပြေပါတယ်၊ သူ့ယောက်ျားက အသောက်အစားလည်း ကင်း၊ အရှာအဖွေကလည်း ကောင်းတော့ အိမ်ပိုင်းတွေဘာတွေ တောင် ဝယ်ပြီးနေပြီ"

"ကောင်းပါလေ့ ... ကောင်းပါလေ့"

"တို့ဖို့ရော ဘာလက်ဆောင်မှ မပါဘူးလား အီးတီရဲ့"

မစောသူက အပြောင်အပျက်လိုလိုဖြင့် အတည်မေးတော့ အီးတီက မုန့်တစ်ထုပ်ကို ထုတ်ပေးရင်းမှ –

"ဘယ်နဲ့ပြောပါလိမ့် ဒေါ်ကြီးစောသူရယ်၊ ပါတာပေါ့။ အိမ်နီး နားချင်းတွေအတွက် အားလုံးပါတယ်။ ဒါက အန်တီဝေဝေတို့အတွက်၊ ဟောဒါက အန်တီကြွမ်းမြင့်တို့အတွက်"

"ဘာ ... ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



အမေဗိုလ်၏ရုတ်တရက်စကားကြောင့် အီးတီတောင် ကြောင်သွားရသည်။

"အေးပေါ့လေ ...ငါ့သားက ဒါတွေ ဘယ်သိပါ့မလဲ။ မကြမ်းမြင့်တို့ကို ပေးစရာလည်း မလိုဘူး။ မင်းပေးချင်ပါတယ်ဆိုရင်တောင် သူတို့ ဒီမှာမရှိကြတော့ဘူး"

"ဘာဖြစ်လို့လဲ အမေရဲ့"

"ဘာဖြစ်ရမလဲဟု အစချီကာ အမေဗိုလ်နှင့် မစောသူတို့က အတိုင်အဖောက်ညီညီဖြင့် ပြဿနာအစမှ သူ့သမီး လင်ကောင်မပေါ်ဘဲ ဗိုက်ကြီးပြီး ရှက်ရှက်နှင့် ရပ်ကွက်ထဲကနေ ပြောင်းရွှေ့သွားသည့် အကြောင်းထိ လုံးစေ့ပတ်စေ့ ရှင်းပြလိုက်ကြသည်။

"သြော် ...ဒီလိုလား။ ကဲ ကံ၏အကျိုးပေးပေါ့"

"ဟုတ်တယ်ငါ့တူရေ"

"ကဲကဲ ...ကိုသျှိုင်း ...အမေ့ကို ကန်တော့ရအောင်လေ"

လင်းလက်က သတိပေးမှ အီးတီတစ်ယောက် အမေဖြစ်သူအတွက် ပစ္စည်းထုပ်တွေနှင့် ပိုက်ဆံတစ်ထပ်ကို ရှေ့မှာချပြီး လင်မယားနှစ်ယောက် ကန်တော့မည့်ဟန်ပြုတော့ အမေဗိုလ်က ရှက်ကိုး





ရှက်ကန်းနှင့် မနေတတ် မထိုင်တတ် ဖြစ်သွားပုံရ၏။

"အို့ ...ရပါတယ်သမီးရယ် နေပါကွယ်"

"မဟုတ်တာ ဗိုလ်မရယ်၊ ကိုယ့်သားသမီးက ကန်တော့နေတာကို"

မစောသူကပါ မနေနိုင် မထိုင်နိုင် ဝင်ပြောတော့ အီးတီက–

"ဟုတ်ပါ့၊ အစ်ကိုဖိုးထောင်တို့ အစ်မမိစံတို့ပါ တစ်ခါတည်း အမေ့ကိုကန်တော့လေ"

"အေး ...အေး"

အစ်ကိုဖိုးထောင်ဝင်ထိုင်တော့ နောက်ဖေးဘက်မှာ ဝက်သားချက်နေသည့် မိစံပါ အပြေးကလေး ရောက်လာပြီး ဦးချ၏။

သားသမီးတွေ ဦးချနေတာကို အမေဗိုလ်က တွေတွေကြီး စိုက်ကြည့်ပြီး ဝမ်းသာပီတိနှင့်အတူ မျက်ရည်တွေ စီးကျလာခဲ့၏။

"ဟာ ...အမေဗိုလ်ကလည်းဗျာ၊ သားသမီးတွေ စုံစုံညီညီနဲ့ ကန်တော့နေတာကို ညီလေး စိတ်မကောင်း ဖြစ်နေပါဦးမယ်"

"ဒါ ...ပျော်ရမယ့်အချိန်လေ အမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဖိုးထောင်နှင့် အစ်မမိစံတို့က အမေဗိုလ်ကို မနေနိုင် မထိုင်နိုင် ဝင်ပြောတော့ ဗိုလ်မက လက်ခုံဖြင့် မျက်ရည်တွေကို ကပျာကယာသုတ်ပြီး –

"မင်းတို့အဖေ ကိုပေါက်ကြီးကို သတိရမိလို့ပါကွယ်၊ သူသာ ရှိရင်"

အမေဖြစ်သူစကားကြောင့် သားသမီးတွေအားလုံး စိတ်မကောင်းဖြစ်သွားကြရသည်။

"သြော် ... အမေရယ်"

"ဗိုလ်မကလည်းအေ ကလေးတွေ စိတ်မကောင်းအောင် ဘာတွေလျှောက်ပြောနေမှန်း မသိဘူး။ ဆုလေးဘာလေး ပေးလိုက် လေဟာ"

မစောသူက အကျိုးအကြောင်း ဝင်ထောက်ပေးမှ အမေဗိုလ် က –

"အေး ... ဟုတ်တယ်၊ ကဲ ... ငါ့သားငါ့သမီးတွေ အခုလို ကန် တော့ရတဲ့အကျိုးကြောင့် ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ ရန်သူမျိုးငါးပါးက ကင်းဝေးပြီး သူတော်ကောင်းနဲ့ တွေ့ကြပါစေ၊ သွားလမ်းသာလို့ လာလမ်းတွေ ဖြောင့်တန်းကြပါစေကွယ်။ ငါ့သား





လေးအီးတီတို့လင်မယားလည်း ဒီနေ့ ဒီချိန်မှစလို့ အိုးအောင်မင်းအောင် ပျော်ပျော်ရွှင်ရွှင်နဲ့ ပေါင်းဖက်နိုင်ကြပါစေကွယ်။ ဟဲ့ မစောသူ ... ငါ ဘာဆုပေးဖို့ ကျန်သေးလဲ"

ဟု ... ဆုပေးနေရင်းမှ ဖြတ်မေးလိုက်သဖြင့် မစောသူ က–

"အမယ်လေး ဗိုလ်မရယ် ... ဘာမှမကျန်တော့ပါဘူးအေ။ နင် ဆုပေးတာလည်း ၄၂သမ္ဗုဒ္ဓေတွေ ကုန်သလောက်ရှိပါပြီ"

ဟု ခပ်ရွှဲရွှဲကလေး ဆိုလိုက်သဖြင့် အားလုံး ပွဲကျသွားကြ၏။

"အဲ ... အခုမှ သတိရတယ်၊ ငါမသေခင်လေး ငါ့သား မြေးလေးတော့ ချီချင်သေးတယ်"

"ဟာ ... ဒါတော့ မပူနဲ့ အမေဗိုလ်ရေ အမေ့ခွေးမပိုက်ထဲ မှာ အမေ့မြေးလေးက ၁၃ုံးလပြည့်တော့မှာ အမေရဲ့"

"ဟာ ... ကိုသျှိုင်းကလည်း အမေတို့ရှေ့မှာ ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး ... သွား"

လင်းလက်တစ်ယောက် ရှက်အားပိုသွားတာကိုကြည့်ပြီး အားလုံး ရယ်ဖြစ်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာမှ အမေဗိုလ်က ပေးလက်စဆုကို လက်စသတ်လိုက်၏။

"ကဲ . . . သာခုပါတော် သာခုပါ သာခုပါ။ အားလုံး လိုအင်ဆန္ဒတွေ တစ်လုံးတစ်ဝကြီး ပြည့်ဝကြပါစေတော်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

သားသမီးတွေအသံက တစ်ပြိုင်နက်တည်းလိုလို ထွက်ပေါ်လာပုံကြောင့် ဗိုလ်မတစ်ယောက် ပီတိပြုံးကြီးနှင့် ရင်ထဲမှာ အတိုင်းမသိ ကြည်နူးနွေးထွေးသွားပါလေတော့၏။

"အမေ . . . ဒီမှာ သမီးတို့ တစ်ပတ်လောက်နေပြီး ပြန်ရင် ရန်ကုန်ကို တစ်ခါတည်း လိုက်ခဲ့ရမှာနော်"

"ဟုတ်တယ် အမေ၊ သား ဒီကိုလာ တာ အမေ့ကို တစ်ပါတည်း ခေါ်သွားမလို့"

"အို . . . မင်းတို့ရန်ကုန်ကိုမလိုက်ချင်ပါဘူး။ အသက်ကြီးမှ မျက်စိရှုပ် နားရှုပ်နဲ့"

ဗိုလ်မက အသည်းအသန်ငြင်း၏။

အီးတီကလည်း မရ။

"ဪ အမေရယ် . . . ဟိုမှာ အစ်မင်ပွေးတို့နဲ့လည်း





တွေ့ရတာပေါ့။ သားဆီမှာ အမေမပျော်ရင် သား ပြန်လိုက်ပို့မှာပေါ့ အမေရဲ့။ အမေပဲ ရွှေတိဂုံဘုရား ဖူးချင်တယ်ဆို"

"ခဏဖြစ်ဖြစ် ညီလေးစိတ်ချမ်းသာအောင် လိုက်သွားလိုက်ပါ အမေရယ်"

ဖိုးထောင်ကပါ ဝင်တိုက်တွန်းနေတာကြောင့် ဗိုလ်မ မငြင်းသာတော့ပေ။

"အေးပါ . . . အမေ အလည်တစ်ခေါက်တော့ လိုက်ခဲ့ပါ့မယ်"

"ဒါမှပေါ့ အမေရဲ့"

"ကဲ . . . သားအမိတစ်တွေ စကားပြောကြဦး။ ကျုပ် အိမ်ခဏ ပြန်လိုက်ဦးမယ်"

ဆိုပြီး မစောသူတစ်ယောက် မုန့်ထုပ်ကလေးမကာ ပြန်ဖို့ဟန်ပြင်လိုက်၏။

သေချာပါသည်။

များမကြာမီ အချိန်လေးအတွင်းမှာပဲ အီးတီတစ်ယောက် မြို့ကပြန်ရောက်လာပြီး ဗိုလ်မကို လာခေါ်သည့်သတင်း ပျံ့နှံ့တော့မည့်ဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



မုဒိုးမ ဗိုလ်မတစ်ယောက်တော့ သားနှင့် ချွေးမတို့နှင့် အတူ ဗိမ်ခံကားအကောင်းစားကြီးပေါ်မှာ မိန့်မိန့်ကြီးမြှူးပြီး ရန်ကုန်မြို့ ကို ဟန်ပါပါနှင့် လိုက်ပါသွားမည့်ပုံကို မြင်ယောင်နေမိပါသေးတော့ ၏။

ပရိသတ်ကြီးအား အမြဲထာဝရ

လေးစားကြိုးစားလျက်မှ

ခေတ်ပျိုဖြူ

4-10-10 (8:10 pm)



ကိုယ်ပြုသည့်ဓာတ် ကိုယ်သာခံရမည်။

တူသောအကျိုးပေး၏။

မိမိဘဝဟာ မိမိစိတ်ထား၏ပြယုဂ်တစ်ခုသာဖြစ်၏

ကံ၊ ကံ၏အကျိုး လွတ်ထိုး၍မရနိုင်။

www.burmeseclassic.com